www.burmeseclassic.com

ရွှေအေသာစာပေ

# အာလင်းသစ်

## အချစ်သစ်ပင်မှ... ကြွေတဲ့အမုန်းသစ်သီး...



( အချစ်လုံးချင်းဝတ္ထု၊ သစ် )

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၆၊ နိုဝင်ဘာလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျီတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၅၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ● ၈၃
အလင်းသစ်
အချစ်သစ်ပင်မှကြွေတဲ့ အမုန်းသစ်သီး/အလင်းသစ် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၂၇၂ – စာ ၊ ၁၂ ● ၃ × ၁၈ စင်တီ။
(၁) အချစ်သစ်ပင်မှကြွေတဲ့ အမုန်းသစ်သီး

# အလင်းသစ်

## အချစ်သစ်ပင်မှကြွေတဲ့ အမုန်းသစ်သီး

www.burmeseclassic.com

www.burmeseclassic.com

## ချစ်သူငယ်ချင်း --- သို့

ချစ်သောသူငယ်ချင်း
လောကကြီးကို အရှုံးမတိုက်နဲ့
ကိုယ့်ကိုယ်ကိုယ်ပဲ အရှုံးတိုက်ပါ။
လောကကြီးက မင်းရှုံးတိုင်း လိုက်မရှုံးဘူး။
မင်း တိမ်းစောင်းသွားတိုင်း သူလိုက်မတိမ်းစောင်းဘူး။
လောကကြီးက အတည့်
ရှုံနေတာက မင်း။
ချစ်သော သူငယ်ချင်း။
အားတွေမာန်တွေမပါရင်
စားတွေလုံတွေလည်း ထုတ်ချင်းပေါက်မပေးနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

မင်းလျှောက်မယ့်လမ်းကိုမင်းဖောက်
မင်း နောက်ကျလို့ မဖြစ်ဘူး သူငယ်ချင်း။
ချစ်သော သူငယ်ချင်း
မင်းစိတ်ကိုလျှော့ဖွပ်
ကချော်ကချွတ် မဖြစ်စေနဲ့။
မင်းကညစ်ရင် သူကာပစ်ပယ်
မလည်မဝယ်နဲ့လည်း
ရေအလယ်သားကိုမှ ခပ်မယူချင်နဲ့ သူငယ်ချင်း။
ချစ်သောသူငယ်ချင်း
ငါမှာတာတွေ မမေ့နဲ့။
ရှေ့ဆက်ရမယ့် မနက်ဖြန်အတွက်
မင်းရဲ့လက်ကျန်တွေကိုထားခဲ့
ရှေ့မှာ ---
အငွေ့တထောင်းထောင်းထနေတဲ့ ကော်ဖီတစ်ခွက်
မင်းအတွက်
ချိုစိမ့်နေလေရဲ့။

အထင်းသစ်

# အခန်း (၁)

"ဘယ် ညာ ဘယ်ညာ"
"ဘယ်ညို ဘယ်ညို"
"ညာဘယ် ညာဘယ်"

ရှေ့ကနေ ဖြတ်လျှောက်သွားတဲ့ ကောင်မလေးတွေ ခြေလှမ်းများအောင် တမင် တစ်ယောက်တစ်ပေါက်အသံပေးပြီး စလေတော့ ကောင်မလေးတွေ ခြေလှမ်းများကုန်ကြသည်လေ။ အဲဒီလိုစတဲ့အထဲမှာ မင်းသစ္စာဆိုတဲ့ ကောင်တော့ မပါပေ။ မင်းသစ္စာဆိုတဲ့ကောင်က –

ဂျစ်ကန်ကန် မဟုတ်မခံပေမယ့် မိန်းကလေးတွေကို စသော



www.burmeseclassic.com

www.burmeseclassic.com



နောက်တာတော့ ဝါသနာမပါပေ။ သူငယ်ချင်းတွေနှင့် ပျော်သည် ပါးသည်။ ပြဿနာဖြစ်လာရင် ရှေ့ကနေ ဦးဆောင်ပြီး ဖြေရှင်းတတ်သူလေ။ ဂျစ်ကန်ကန်နိုင်ချက်ကတော့ မိုက်ရိုင်းတယ်လို့ အမည်တွင်အောင်ပဲ ဆတ်ဆတ်ကြဲ ကြက်ခေါင်းဆိတ်မခံတတ်သူ။

ဖအေတစ်ခု သားတစ်ခုဘဝမို့။

ဖအေက အလိုလိုက်ထားသူလေ။ အခြားနေရာတွေမှာ လူစွာပေမယ့် မိန်းကလေးတွေနဲ့ ပတ်သက်လာရင်တော့ ဘယ်ဘက်ရင်ဘတ်က အခုချိန်ထိ ကျောက်စိုင်ကျောက်သားများပမာနှယ်။

"ဘယ်ညာ ဘယ်ညာ"

"ဘယ်ညို ဘယ်ညို"

"ညာတယ် ညာတယ်"

"အမေ့"

"ပလုတ်တုတ်"

ကောင်မလေးနှစ်ယောက် အချင်းချင်း ဘေးချင်းတိုက်မိတော့ ခွီးကနဲရယ်ကြလေသည်။ ကောင်မလေးတွေလည်း သူတို့ကို မျက်စောင်းထိုးပြီး မကျေမနပ်နှင့် ခြေဆောင့်၍ထွက်သွားကြလေသည်။





"အနီလေးက လှတယ်ကွ"

"အင်း ... မဆိုးပါဘူး"

"ဆိုးမှ ထောင်ကျမှာပေါ့"

"ငါက တကယ်ပြောတာကို"

"ငါကလည်း အလကား မပြောပါဘူး"

"ဟော့ကောင်"

"ဘာတုံး"

"မင်း ငါ့စကားကို ပုစွန်လုံးမလုပ်နဲ့နော်"

ဖွဲ့ဟန်စကားကြောင့်သာ ဦးမောင်က ခစ်ခနဲရယ်လေသည်။ ပုစွန်လုံးဆိုတာ ကန့်လန့်တိုက်တာကိုပြောတာပါ။ ဒါ သူတို့ရဲ့စကားဝှက်ပါလေ။ ညီလင်းထက်က –

"ဟော့ကောင် စာကြီး"

ခေါ်တော့ မင်းသစ္စာ လှည့်ကြည့်လေလျှင် –

"အနီလေးလှလား"

"ဘယ်သိမလဲ"

"ဟေ"

"ငါက အားအားရှိ မင်းတို့လို ဘူးထပြီးလိုက်ကြည့်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မှ မဟုတ်တာ''

''ဟဲ ဟဲ ... တို့က ဓါသနာအရ လိုက်ကြည့်ပြီး ဝေဖန်ရုံပါကွ။ မင်းပြောသလို ဘူးမထုပါဘူး''

''အေးလေ ... မျက်လုံးဆိုတာ ကြည့်ဖို့၊ နားဆိုတာ နားထောင်ဖို့ ပါးစပ်ဆိုတာ စကားပြောဖို့၊ တို့က လူဖြစ်နေတော့ လူတစ်ယောက်ရဲ့အင်္ဂါအစိတ်အပိုင်း တစ်ခုစီမှာ အားလုံး တာဝန်ကျေအောင်ဆောင်ရွက်ပေးနေတာဥစ္စာ''

''ဪ ... မှတ်တောင်ထားရဦးမယ်''

ပြောပြီး မင်းသစ္စာ ပါးစပ်ထဲကပီကေကို ''ထွီ'' ခနဲ ထွေးထုတ်ပြီး နောက်အသစ်တစ်ခုကို ပါးစပ်ထဲသို့ ထည့်လိုက်လေသည်။

သူများတွေက ပြောကြတယ်။ အချစ်ဆိုတာ ပီကေလိုပဲတဲ့။ တစ်ခုဝါးပြီးလို့ အချိုရည်ကုန်ရင် ထွေးထုတ်၊ နောက်တစ်ခုပါးစပ်ထဲထည့်လိုက်ရုံပဲတဲ့လေ။

မင်းသစ္စာကတော့ -

အဲဒီအယူအဆကို မနှစ်သက်ပေ။ ပီကေကြိုက်တာက ကြိုက်တာပဲ အချစ်ကိုတော့ ပီကေနဲ့ နှိုင်းယှဉ်မထားပါဘူး။ အခုအထိတော့ သူ့ရဲ့ ဘယ်ဘက်ရင်ဘတ်တစ်ခြမ်းက အိပ်ပျော်နေတုန်းပါပဲ။



နိုးထလာလို့ အချစ်ကိုတွေ့ရှိပြီဆိုရင်လည်း အဲဒီအချစ်သည် သူ့ရင်ဘတ်ထဲမှာ အသက်နှင့်ခန္ဓာ အိုးစားမကွဲသရွေ့ ခိုင်မာစွာ တည်ရှိနေမည်လို့ ထင်ပါ၏။

''မင်းသစ္စာ''

ညီလင်းထက်က ခေါ်တော့ ပေစောင်းစောင်းနှင့် ပြန်ကြည့်လေသည်။

''မင်းမျက်လုံးကရော လှတာမြင်ရင် တကယ်မကြည့်ဘူးလား''

''ကြည့်တော့ ကြည့်တယ်လေ။ ဒါပေမဲ့ လှတာမလှတာငါ မသိဘူး''

''တကယ်''

''ဟာ ဟေ့ကောင် ... အဲဒါတော့ မင်း နည်းနည်းများသွားပြီ မင်းသစ္စာ။ ကြည့်ပြီးရင် လှတာ မလှတာကို ကလေးတွေတောင် ဟိုမမကလှတယ်၊ ဒီမမက မလှဘူးဆိုတာ သိကြတယ်။ မင်းက မသိဘူးဆိုတော့''

''ဒီမှာ ဖွဲ့ဟန်''

''အင်း ... ပေးပါဦး ဆင်ခြေလေး''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ . . . မင်းကို ကြိုက်သလိုပြော။ ငါ့ခံယူချက်ကတော့ ကိုယ့်ကို ဟင်ခနဲ ဟာခနဲ ဖြစ်သွားအောင် ဆွဲဆောင်နိုင်မှ အလှစစ်လို့ မြင်တယ်။ ဒီအတိုင်းကြည့်ရင်တော့ လူတစ်ယောက်မှာ ကိုယ်ပိုင်အလှ တစ်မျိုးစီ ပိုင်ဆိုင်ထားကြတယ်လို့ပဲ ငါမြင်တယ်"

"တယ်ဆိုတဲ့စာပါလား"

"ဟာ ဟ"

သူငယ်ချင်းတွေက လှောင်သလို ပြောင်သလို ရယ်ကြပေမယ့် မင်းသစ္စာကတော့ ဂရုမစိုက်ပေ။ လူတိုင်း ကိုယ့်အယူအဆ ကိုယ့်ခံယူချက်နဲ့ ကိုယ်ပဲလေ။ ကြိုက်သလို သဘောထားကွဲလွဲခွင့် ရှိပါတယ်။ ခံယူချက်ချင်း အယူအဆချင်းမတူတာ ဘယ်တတ်နိုင်မှာတဲ့ လဲ။

"ဟော တော့"

"ဟင်"

"အယ် ဒုက္ခပါပဲ"

"ဘာလဲ မခ"

အသီးဗလံတွေနှင့်အတူ သူတို့ရှေ့မှာ ကောင်မလေး သုံးယောက် ရပ်သွားကြသည်။ တစ်ယောက်က ခြေထောက်ကို ငုံ့ကြည့်





လေတော့ ကျန်တဲ့နှစ်ယောက်ကလည်း လိုက်ငုံ့ကြည့်ကာ –

"ဘာဖြစ်လို့လဲ မခ"

"ပီကေတွေ တက်နင်းမိကုန်ပြီ"

ချက်ချင်းပဲ အမုန်းမခ မျက်နှာပြန်မော့လာပြီး အကြည့်က သူတို့ဆီသို့ရောက်ကာ –

"ဒီမှာ"

"ဟင်"

"ဟင်" ဆိုတာ ကျန်တဲ့ကောင်တွေ ပါးစပ်ကပါပဲ။ မင်းသစ္စာကတော့ အေးဆေးပါ။

"ဒီပီကေတွေ ရှင်တို့အထဲကတစ်ယောက်ယောက် ထွေးထုတ်ထားတာ မဟုတ်လား။ ဒီလောက် စည်းမရှိ ကမ်းမရှိ လမ်းပေါ်မှာ ထွေးထုတ်ထားရတယ်လို့"

သူငယ်ချင်းတွေရဲ့အကြည့်က မင်းသစ္စာဆီသို့ ရောက်လာလေလျှင် မင်းသစ္စာပါးစပ်ထဲက ပီကေကို ပါးစောင်မှာကပ်လိုက်ပြီး–

"ပီကေတွေလို့ မပြောပါနဲ့ ငါ ထွေးထုတ်လိုက်တဲ့ ပီကေက တစ်ခုတည်းပဲ"

"အဲဒီတစ်ခုတည်းကလည်း အခုကပ်နေပြီလေ။ ဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ခြေထောက်ကို ထောင်ပြီး ဖိနပ်မှာကပ်နေတဲ့ ပီကေကိုပြလေလျှင် မင်းသစ္စာ ပခုံးကို တွန့်လိုက်ပြီး –

"မင်းမှာ မျက်စိပါတယ် မဟုတ်လား"

"-----"

"ကြည့်ရှောင်လေ"

ပြောပုံက ကြည့်စမ်း၊ ကိုယ်ကပဲ ပီကေကိုမမြင်ရလောက်အောင် ဆတ်စလူးထလာတဲ့အတိုင်းပဲ။

"ကြည့်ရှောင်ရအောင် ခြေထောက်မှာ မျက်စိမပါဘူးရှင့်။ မျက်စိက အပေါ်ကိုကြည့်သွားနေတာ။ ရှင် ပီကေထွေးတာ စည်းနဲ့ကမ်းနဲ့ ထွေးပါလား။ အမှိုက်ပုံးတွေရှိတယ်လေ"

"တို့က ဒီသင်တန်းကို ဒီနေ့မှလာတက်တာ။ အဲဒီတော့ အမှိုက်ပုံး ဘယ်နေရာမှာရှိတယ်ဆိုတာ မသိသေးဘူး။ အဲဒါကြောင့် ဒီအတိုင်း ထွေးထုတ်လိုက်တာ။ ပီကေကပ်လို့ သေတဲ့မသာ မရှိပါဘူးကွာ။ ကပ်တာ ခွာလိုက်ပေါ့။ ပြီးတာပဲဥစ္စာ"

"ဘာ"

မခအသံလေးက စီခနဲထွက်လာလေသည်။ သူ ထွေးထုတ်လိုက်တာကို ဝန်ခံပြီး တောင်းပန်မယ်တော့မရှိဘူး သူကပဲ စကား



ပြောတာ မာရေကျောရေနဲ့။ မခ ဘုကြည့် ကြည့်လိုက်ကာ –

"ခွာလို့ရမှန်းတော့ သိသားပဲ"

"အဲဒါဆို ခွာလေ၊ ဘာလို့အပိုစကားတွေ ပြောနေသေးလဲ"

"တော်ရှော့ တော်တော့၊ မပြောနဲ့တော့ မခ။ ကြာရင် တို့ကပဲ သူ့ကို ပြန်တောင်းပန်ရတော့မလိုပဲ"

ပြောပြီး သွယ်လေးဖြူက မခဖိနပ်မှာကပ်နေတဲ့ ပီကေကို ခွာမလို့ မခရှေ့မှာ ထိုင်ချလိုက်လေလျှင် –

"လေး နင် ဘာလုပ်မလို့လဲ"

"ပီကေ ခွာပေးမလို့လေ"

"နေ နေ ရတယ်၊ ငါ့ဘာသာပဲ ခွာပါ့မယ်"

မခပါ ထိုင်ချလိုက်ပြီး ဖိနပ်ကပီကေကို ခွာနေစဉ် မင်းသစ္စာ ပခုံးတွန့်ပြီးထွက်လာခဲ့တော့၏။ ဖွဲဟန်တို့လည်း တစ်ယောက်ကိုတစ်ယောက် လက်ကုတ်၍ ထွက်လာခဲ့ကြတော့သည်။ ညီလင်းထက်က သာဦးမောင်ကို ပခုံးချင်းတိုက်၍ –

"နာမည်တွေက တစ်ယောက်ကမခတဲ့ကွ၊ ဘာမခတာလဲ မသိဘူး"

"မိုးမခတို့ နေမခတို့ ဖြစ်မှာပေါ့ကွ"

ရွှေပဒေသာစာပေ.

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်က လေးတဲ့"

"လေးတာက မပေါ့လို့ပေါ့"

"ခွေးကောင် . . . အဲဒါတော့ မင်းပြောမှလား"

"ဆက်ပြောလေ . . . နောက်တစ်ယောက်နာမည်"

ဖွဲ့ဟန်က ငေါ့ပြီး မေးတာကိုပဲ –

"နောက်တစ်ယောက် နာမည်တော့ ခေါ်သံမကြားလို့ မသိလိုက်ဘူးကွာ"

"လိုက်မေးလေ"

"အေး"

ညီလင်းထက် နောက်ပြန်လှည့်တော့ သာဦးမောင်က လက်ဆွဲထားပြီး ဇက်ပိုးကို အုပ်ရိုက်လိုက်လေသည်။ ဒါ ပါးစပ်ကသာ စကြ နောက်ကြတာ ဖြစ်ပြီး လက်တွေ့မှာတော့။

❋



## အခန်း (၂)

အမုန်းမခ တစ်ဖက်လူကို မကျေနပ်သမျှ နှုတ်ခမ်းလေးက စူထော်နေသည်။ ရုပ်ကလေးကြည့်တော့ ချောပုံ ချောပန်းနဲ့ နှုတ်က ဆိုးလိုက်တာ။ အေးအေးဆေးဆေးပြောလည်း ဒီစကား။ ချိုချိုသာသာ ပြောလည်း ဒီစကားကို ပြောပုံက သာယာညင်းပျောင်း တစ်ခွန်းမှ မပါ။

သူကလည်းမှားသေး။

သူကပဲ စကားပြောတာ မာရေကျောရေနဲ့။ ဟွန်း . . . တော်တော် မုန်းစရာကောင်းတဲ့လူပဲ။

"ဟဲ့ မခ"



www.burmeseclassic.com

www.burmeseclassic.com



"_____"

"မခ"

"ပြော"

"နင်ကလည်းဟယ် ... မဆီမဆိုင် လက်ပံပင် ဓားနဲ့ချိုင် ဖြစ်နေပြန်ပြီ။ ဟိုတစ်ယောက်ကို မကျေနပ်တာနဲ့ နှုတ်ခမ်းစူနေလိုက်တာ၊ ဒို့ကိုလည်း စကားမပြော၊ ဒို့ အနေရခက်လာပြီဟ"

"ဘာအနေရခက်စရာရှိလို့လဲ၊ ကိုယ့်ဘာသာ ကိုယ်နေပါလား"

သွယ်လေးဖြူနဲ့ ခိုင်ဇင်ဦး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး မျက်စပစ်မိကြလေသည်။ သုံးယောက်ရှိတဲ့အနက် တစ်ယောက်က စကားမပြောတော့ သူတို့ ဘယ်လိုနေတတ်မှာတဲ့လဲ။ ဒီတော့ စကားပြောအောင် ကိုယ်တွေကပဲ လုပ်ရတော့မှာပေါ့။

"ဟဲ့ လေး"

"ဟင်"

"ဟိုတစ်ယောက်က ဂျစ်ကန်ကန်ပုံစံနဲ့ပေမယ့် ချောတာတော့ တော်တော်ချောတယ်နော်။ ဂျစ်ကန်ကန်ပုံစံလေးကိုက မိုက်တာ"

"ဟုတ်တယ်နော် ... သူ့ဘေးက တစ်ယောက်လည်း





မဆိုးဘူးဟ"

မခ နှစ်ယောက်စလုံးကို မျက်စောင်းဝေ့ထိုးလိုက်ပြီး –

"ကောင်မတွေ နှာဘူးထမနေကြနဲ့။ ဟိုကဖြင့် နင်တို့ကို အမှတ်တမဲ့တောင် ကြည့်သွားလို့လား။ ယောက်ျားဖြစ်ပြီး ရုပ်ကိုက အထာတစ်ခွဲသားနဲ့"

"အဲဒါ ကောင်းတာပေါ့"

"ဘာကောင်းတာလဲ"

"ဟယ် ... အဲဒီတော့ အရုပ်အရှင်းကင်းလို့ စိတ်ချရတာပေါ့"

"အမလေး ခိုင်ဇင်ရယ်။ နင့်စကားကလည်း မှန့်ဆီကြော် ဘယ်နေမှန်းမသိ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလား ဖြစ်နေပြီ ... ဟီး ဟီး"

နှစ်ယောက်သား ရယ်မိကြတော့ မခ မျက်စောင်းလှည့်ထိုးပြန်လေသည်။ မိန်းကလေးတွေက အလိုမကျစရာရှိရင် မျက်စောင်းပဲ ထိုးတတ်ကြတာလေ။

"နင်ကလည်း ဒို့ကို မျက်စောင်းချည်းပဲ ထိုးနေတော့တာပဲ နင်သာ နဂါးဆို ဒို့ပြာကျပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျပါစေပေါ့၊ ကိုယ်နဲ့စကားပြော အဆင်မပြေတဲ့သူကိုမှ နင်တို့က လှည့်ပတ်ပြီး ချီးမွမ်းနေတာကိုး"

"ချီးမွမ်းတာ မဟုတ်ပါဘူး မခရယ်။ တို့က ပြောပြတာပါ"

"ဘာထူးသေးလဲ"

"ဟော"

လေး နှုတ်မှ 'ဟော' ဆိုပြီး ခြေလှမ်းတွေ ရပ်တန့်သွားတာကြောင့် ကျန်တဲ့နှစ်ယောက်လည်း ဘုမသိ ဘမသိနဲ့ ရပ်လိုက်မိကြသည်။ လေး ကြည့်နေတဲ့နေရာကို ကြည့်လိုက်မိတော့ ဗိုကေကြောင့် သူမနှင့်စကားများဖူးတဲ့သူ။ လေးက တွေ့ပြန်ပြီဆိုတဲ့သဘောနှင့် မေးဆတ်ပြလေလျှင် –

"တွေ့တာ ဘာဖြစ်လဲ။ ကိုယ့်လမ်းကိုယ်လျှောက်"

ပြောပြီး မခ ထွက်သွားသည့်တိုင် လေးက ခြေလှမ်းမရွေ့သေးသဖြင့် နိုင်ဇင်က လေးလက်မောင်းကို ဖျတ်ခနဲ ရိုက်ပြီး –

"ဟဲ့"

"ဟင်"

"သွားမယ်လေ"

"အေး ... အေးပါ"





သူ့အနားက ဖြတ်လျှောက်သွားတော့ တစ်ချက်သာကြည့်ပြီး မျက်နှာလွှဲသွားတာ ပြန်လှည့်မလာတော့ပေ။ သူ့နာမည်မသိတော့ ကိုယ့်ဘာသာ ဘယ်လိုနာမည်ပေးထားရင် ကောင်းမလဲ။ အင်း သိပြီ သူ့ပုံစံက မာနကြီးမယ့်ပုံဆိုတော့ –

မာနမင်းသား –

ဟုတ်တယ်၊ မာနမင်းသားလို့ နာမည်ပေးရမယ်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ကျွတ်"

ကားက မောင်းနေရင်း ထိုးရပ်သွားလေသဖြင့် မှန်ခေါက်ထန် စိတ်ပျက်စွာ ညည်းတွားရင်း ကားပေါ်က ဆင်းလိုက်သည်။

"ကားက ဘာဖြစ်ဖောက်လာပြန်ပြီမသိဘူး။ မီးခြစ်ကို ကြိုက်နေပြီထင်တယ်"

"လုပ်လိုက်လေ၊ အသစ်စီးရတာပေါ့ . . . ဟဲ ဟဲ"

ခင်မေကြည်က ပြောင်စပ်စပ် ပြောလေသဖြင့် လွင်လွင်ထက်က မျက်စောင်းထိုးကာ –

"နင် အဲဒီလိုပြောင်စပ်စပ် ပြက်ချော်ချော်လုပ်နေလို့ အပျိုကြီး





ဘဝနဲ့ အပိုကြီးဖြစ်နေတာ သိလား"

"ဘာ"

"မဟုတ်လို့လား"

"ဟုတ်တယ်လေ . . . အပျိုကြီး ဘာဖြစ်လဲ၊ ဒါပေမဲ့ အပိုကြီးတော့ မဟုတ်ဘူး။ ငါက မိဘကို လုပ်ကျွေးနေတာ။ ဝေလေလေနဲ့ ယောင်ခြောက်ဆယ်လုပ်နေတဲ့ ဆန်ကုန်မြေလေး မဟုတ်ဘူးသိလား။ အကျိုးရှိရှိနဲ့ မိဘကို လုပ်ကျွေးနေတဲ့ အပျိုကြီးဟဲ့၊ အပျိုကြီး"

လွင်လွင်ထက်က နှုတ်ခမ်းကိုမဲ့ပြီး –

"အပြောကတော့ ပန်းချီလေးဝင်းပဲ။ ယူသူမရှိလို့ မရတား မရဘူးလို့ ဝန်ခံစမ်းပါ မေကြည်ရယ်"

"အံမယ် . . . ဘာလို့ ယူသူမရှိရမှာလဲ။ ပေါလွန်းလို့ ခါတောင်ချနေရတယ်"

"ပုရွက်ဆိတ်တွေလား"

"အေးပေါ့"

ပြောပြီးမှ မေကြည် ပျာပျာသလဲလက်ခါကာ –

"အမ် မဟုတ်ပါဘူး။ ဘာလို့ ပုရွက်ဆိတ်တွေခါချရမှာလဲ။ ငါကအချိုမှမကြိုက်တာ။ လူပေါ့ဟဲ့ လူ။ ငါက မိဖုရားဖြစ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဘုရင်မ,ဖြစ်ချင်လို့ ဒီလိုအပျိုကြီးလုပ်နေတာ။ နင်သာ မိဖုရားတာဝန်နဲ့ လင်တော်မောင် ဩဇာအာဏာကို နာခံပြီး ကလေးတွေ ဝေယျာဝစ္စ တစ်သက်လုံး လုပ်နေ သိလား"

"အောင်မယ်"

"မအောင်မယ်နဲ့ ငါက ဟုတ်တာပြောတာ"

"ဟဲ့"

မှန်းခက်ထန်က 'ဟဲ့' ဆိုမှ နှစ်ယောက်စလုံး အသံတွေ တိတ်သွားကြပြီး မှန်းကိုကြည့်ကြလေလျှင် –

"နင်တို့ စကားပဲများနေကြမှာလား"

"စကားမများလို့ တို့က ဘာလုပ်ရမှာလဲ မှန်းရဲ့။ တို့က ကားပဲမောင်းတတ်တာ ကားမပြင်တတ်ဘူးလေ"

"ပြင်တော့ မပြင်တတ်ဘူးပေါ့။ ဒါပေမဲ့ အောက်များ နည်းနည်းပါးပါးဆင်းပြီး ဘာဖြစ်လဲ ဘာလုပ်ရမလဲ မေးကြစမ်းကြပါဦး"

"အေး ... အေးပါ"

မှန်းပြောမှပဲ နှစ်ယောက်စလုံး ကားပေါ်ကနေ ပျာပျာသလဲ ဆင်းကာ မေကြည်က –

"စောစောက ငါ ရှမ့်နေတာ။ ငါ့လို ဒီဇာကြောင်ဖော်





ကြောင်ဖက် အပျိုကြီးမှန်း ရှိနေသေးတာပဲ။ တွေ့လား လွင်၊ ငါနဲ့ အဖော်မတွက်ထော်လေ"

"မှန်းက နင်နဲ့မတူဘူးလေ။ တကယ်တမ်း ခါချနေရအောင် ချူချင်သူတွေ ဝိုင်းဝိုင်းလည်နေတာက မှန်း။ နင်က မရလို့မယူတာ"

"လွင်"

"ကဲ ... တော်ကြပါတော့ဟယ်။ ဒီမှာ ကားဘာဖြစ်မှန်း မသိလို့ စိတ်ညစ်ရတာကတစ်မျိုး။ နင်တို့စကားများနေတာ နားငြီး တယ်"

မှန်းပြောတော့ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် မျက်စောင်းထိုးပြီး ပါးစပ်ပိတ်သွားကြလေသည်။ မှန်းကတော့ တစ်ယောက်ယောက်ကို အကူအညီတောင်းဖို့အတွက် မျက်လုံးက ဟိုကြည့် ဒီကြည့်ပါ။ ဘယ်နေရာမှာ ဘယ်လောက်ပဲ မှန်းတော်နေပါစေ၊ ကားတစ်ခုခုဖြစ်ရင်တော့ မှန်း မကြည့်တတ်ပေ။

ဟော။

ကားတစ်စီး လာနေတယ်။ တားရကောင်းမလား။ မတားဘဲ နေရကောင်းမလား မသိတော့ပေ။ မောင်းလာတဲ့လူက လူဆိုးမှန်းမသိ လူကောင်းမှန်းမသိ။ အို ... ဘာဖြစ်လဲ၊ ကိုယ်တွေက သုံးယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ။ ပြီးတော့ နေ့ခင်းကြောင်တောင်ကြီး။ သူ ဘာလုပ်ရမှာလဲ။ ပတ်ဝန်းကျင်မှာလည်း လူသွားလူလာတွေနဲ့လေ။ ဘာပဲဖြစ်ဖြစ် တာကြည့်ရမယ်ဟု တားလိုက်စဉ် –

"ဟင်"

မင်းသစ္စာ ရှေ့မှာ ကိုယ့်ကားကိုတားနေတာကိုမြင်တော့ ကားကိုအရှိန်လျှော့ပြီး ရပ်ပစ်လိုက်သည်။ ဘာဖြစ်လို့ပါလိမ့်။ ကားများ တစ်ခုခုဖြစ်လို့လား။ အမျိုးသမီးတွေဆိုတော့ မကြည့်တတ်လို့ အကူ အညီတောင်းချင်တာလား။

ဒါမှမဟုတ် –

"ဒီမှာ ဒီမှာ"

သူ့အတွေး မဆုံးခင်မှာပဲ ဆံပင်ရှည်တွေ တင်ပါးပေါ်မှာ နွဲ့ခါနေတဲ့ အမျိုးသမီးက သူ့ကားအနီးသို့ ရောက်လာလေလျှင် မင်း သစ္စာ အမျိုးသမီးရဲ့မျက်နှာကိုငေးပြီး ပါးစပ်က ပွင့်ဟနေလို့ပါ။ လှ လိုက်တာ တာဝတိံသာ နတ်သမီးလေးတစ်ပါး နတ်သက်ကြွေကျလာ သလား၊ ထင်မှားရလောက်အောင်ပင် လှတယ်ဆိုရင် သူတင်စားတာ လွန်သွားမလား။

လွန်တယ်ဆိုရင်လည်း မတတ်နိုင်ပေ။





မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း မျက်နှာတည်ဆောက်ပုံ။ ဘာမှ အပြစ်ဆိုစရာမရှိအောင်ကိုပဲ လှသူပါ။ အသားရောင်ကတော့ ဖြူနု ပြီး ထိရက် တို့ရက်စရာ မရှိအောင်ကိုလှတာ။ လှတဲ့မိန်းကလေး အတော်များများကို မင်းသစ္စာတွေ့ဖူးပါတယ်။

ဒါပေမဲ့ –

ကိုယ့်မျက်လုံးထဲမှာတော့ သူမက အလှဆုံးလို့ မြင်မိခြင်းနှင့် အတူ ရင်တွေလည်း ခုန်လာမိတာ ဘာတဲ့လဲ။ သူ ဒီလို တစ်ခါမှ မဖြစ်ဘူးပါဘူး။

"ဒီမှာ"

"____"

"တို့ကို တစ်ခုလောက် ကူညီနိုင်မလား"

"_____"

"ဟော့ . . . ပြောနေတာ ကြားလား"

"ဗျာ ဗျာ"

ခုမှ သတိရပြီး သူ လန့်ထူး ထူးလိုက်မိကာ –

"ဘာ . . . ဘာပြောလိုက်တာလဲ မသိဘူး ခင်ဗျ"

"ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ သူမ ပြောလိုက်တဲ့စကားက အမှတ်တမဲ့ ဖြစ်သွားတာမို့ မေးလိုက်တာကိုပဲ သူမက စိတ်ပျက်သလို တစ်ဖက်လှည့်သွားလေသည်။ ပြီးမှ ပြန်လှည့်လာပြီး –

"တို့ကို တစ်ခုလောက် ကူညီနိုင်မလားလို့မေးတာ။ တို့ကား မောင်းနေရင်း ထိုးရပ်သွားလို့၊ ကြည့်တတ်ရင် တဆိတ်လောက် ကြည့်ပေးနိုင်မလား"

"ဩော် . . . ရပါတယ်၊ ရပါတယ် မမ"

မင်းသစ္စာ ပျာပျာသလဲပဲ ကားပေါ်ကဆင်းလိုက်သည်။ အင်းပါးစပ်က မရည်ရွယ်ဘဲ မမ်လို့ ခေါ်လိုက်မိပြီ။ နှုတ်ပြီး ချောမောလှပနေပေမယ့် ပုံစံက တည်ငြိမ်ရင့်ကျက်မှုတွေ အပြည့်နဲ့ ကိုယ့်ထက် အသက်ကြီးနေမယ်ဆိုတာကို ခန့်မှန်းမိသည်ပဲလေ။ ကိုယ် ဒီလိုခေါ်မိတာ မမှားပါဘူး။

"ကျွန်တော် ကြည့်ပေးပါ့မယ် မမ။ တော်ရုံတန်ရုံလောက်ဆိုရင်လည်း ပြင်တတ်ပါတယ်"

"ကျေးဇူးပါ"

မင်းသစ္စာ လွန့်ခနဲ ပြုံးလိုက်မိသည်။ ကျေးဇူးတင်တယ်ပြောတာတောင် တိုပြတ်ပြတ်နဲ့။ နည်းနည်းတော့ ဇိဇာကြောင်မယ်





ထင်ပါရဲ့။ မိန်းကလေးတွေနဲ့ပတ်သက်ပြီး သိပ် စိတ်မရှည်တတ်တဲ့ မင်းသစ္စာ။ ဒီတစ်ခါတော့ စိတ်ရှည်မိတာ ဘာကြောင့်ပါလိမ့်။

"မုန်း"

"ဟင်"

"အဆင်ပြေလား"

"ကြည့်ပေးမယ်တဲ့"

"တော်ပါသေးရဲ့"

ဟိုအစ်မက မမကိုခေါ်လိုက်တာ မုန်းဆိုပါလား။ မမ နာမည်က မုန်းပါတယ်လား။ မင်းသစ္စာ အတွေးအချို့နှင့်အတူ ကားစက်ဖုံးကို ဖွင့်ပြီး ဘာချို့ယွင်းလဲဆိုတာ စစ်ကြည့်လိုက်၏။

မုန်းတို့ကတော့ –

ကိုယ် နားမလည်တဲ့ကိစ္စကို လိုက်စစ်ပြီး စပ်စုမနေပေ။ သူမတို့အချင်းချင်းသာ။

"ရွှင်"

"ဟင် ဘာလဲ မုန်း"

"ကားက ပျက်နေတော့ နင် အဆင်ပြေပါ့မလား။ နင့်ကိစ္စက အရေးကြီးတယ်ဆိုရင် Taxi နဲ့သွားလိုက်လေ။ မေကြည့်ကို အဖော်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ချင် ခေါ်သွားပေါ့”

“ရတယ် မှန်း။ ကိစ္စကတော့ အရေးကြီးတယ်။ မေကြည်ကို ငါ ခေါ်မသွားပါဘူး။ ငါက အိမ်ထောင်သည်ဆိုတော့ ပြဿနာမရှိဘူး။ တစ်ယောက်တည်းပဲ သွားလိုက်မယ်။ ကျန်ခဲ့ရမယ့် နှင်က အပျိုကြီးဆိုတော့ . . . ဟဲ ဟဲ စိတ်မချဘူး”

“ဖောက်လာပြန်ပြီ”

မှန်း မျက်စောင်းထိုးလိုက်ချိန်မှာပဲ လွင့်အကြည့်က ကားပြင် နေတဲ့ ကောင်လေးဆီသို့ ရောက်သွားလေသည်။ ကောင်လေးက ဖြူဖြူချောချောလေးပါပဲ။ ဒီဘက်ကို ခဏခဏ လှမ်းကြည့်တာက မှန်းကိုပါ။ အင်း ကြည့်ဆို မှန်းကလှတာကိုး။ လူငယ်တွေရော၊ လူလတ်တွေရော ချူချင်သူတွေ ပိုင်းပိုင်းလည်နေတဲ့မှန်း။

မှန်းကတော့ –

ဘယ်ယောက်ျားကိုမှ စိတ်ဝင်စားသူမဟုတ်ပေ။ ယောက်ျား တွေကို အထင်မကြီးဘူးတဲ့။ အဆိုးဆုံးက ယောက်ျားတွေ ပြောလေ့ ပြောထရှိတဲ့ ချစ်ပါတယ်ဆိုတဲ့ စကားကို အမုန်းဆုံးပဲတဲ့လေ။

“ဟဲ့ မှန်း”

“_____”





“တိုမှာတွေ့လား”

“ဘာလဲ”

“ဟိုကောင်လေး နှင့်ကိုပဲ ခဏခဏ လှမ်းကြည့်နေတာ။ အဲဒါကြောင့် ပြောတာပေါ့။ နှင့်ကို တစ်ယောက်တည်းထားခဲ့ရမှာ စိတ်မချဘူးလို့”

“လွင်”

လွင်က တခစ်ခစ်ရယ်ပြီး သူမတို့ရှေ့မှ ထွက်သွားလေတော့ သည်။ မေကြည်ကတော့ လွင်ပြောမှသတိထားမိဟန်နှင့် ကောင်လေး ကို လှမ်းကြည့်မိလေတော့၏။

※



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မုန်းနဲ့မေကြည် ရပ်ကြည့်နေတုန်းမှာပဲ ကောင်လေးက ကား ပြင်ပြီးလို့ လျှောက်လာကာ –

“မ”

“––––”

“ကားပေါ်တက်ပြီး မောင်းကြည့်ပါဦး”

‘မ’ တဲ့။ ခေါ်ပုံကို သဘောမကျပေမယ့် မုန်း ဘာမှမပြော ဖြစ်ပေ။ နောက်ထပ် ထပ်တွေ့စရာအကြောင်းမရှိတော့တဲ့ သူ့ကို ပြောမနေတော့ပါဘူး။ ကားပေါ်တက်ပြီး မောင်းကြည့်လိုက်တော့ အိုကေပါပဲ။ ဒါကြောင့် ကားပေါ်ကနေ ပြန်ဆင်းလာခဲ့ပြီး –





“ခုလို ကူညီတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်”

“ဒါပဲလား”

“ဟင်”

မုန်း မျက်မှောင်ကြုတ်သွားလေသည်။ ဒါပဲလားလို့မေးပုံ ထောက်တော့ သူက ကားပြင်ခလိုချင်တဲ့ သဘောလား။ ပုံစံကြည့်ရ တာတော့ အထက်တန်းလွှာထဲက ပုံစံပါပဲ။ စီးလာတဲ့ကားကအစ ဝတ်ထားတဲ့အဝတ်အစားအဆုံး အားလုံးက တန်ဖိုးကြီးတာတွေ။

“ဒါဆိုပြောလေ ... တို့ ဘယ်လောက်ပေးရမလဲ”

“ဗျာ”

“ကားပြင်ပေးတဲ့အတွက် ဘယ်လောက်ပေးရမလဲလို့ မေး တာ”

“ဟာ ... ကျွန်တော် ‘မ’ ဆီကနေ ကားပြင်ခတောင်းမိလို့ လား။ ပေးတော့ရော ဘယ်လောက်များ ရမှာမို့လို့လဲ”

“မင်းပဲ ဒါပဲလားလို့ မေးတာလေ”

“ဟား”

မင်းသစ္စာ ရယ်ပြီးခေါင်းခါလိုက်ကာ –

“ ‘မ’ က အဲဒီလိုတွေးလိုက်တာကိုး။ မဟုတ်ရပါဘူးဗျား



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က 'မ' ကို ခင်လို့နောက်လိုက်တာပါ''

''ဘာ''

မုန်းမျက်နှာ တင်းခနဲဖြစ်သွားလေသည်။ ဒီလိုချာတိတ်ကလေးက ကိုယ့်ကိုခင်လို့ နောက်တာတဲ့လား။ ဒါ ကိုယ့်ကို မခန့်တာပဲလေ။ ဒီအရွယ်နဲ့ ဒီအရွယ်ဆိုတဲ့ထက် သူနဲ့ကိုယ်က ခုမှတွေ့ဖူးမြင်ဖူးကြတာကို ဒီလိုပြောတယ်ဆိုတော့ သူရောတိုင်း မုန်း လိုက်မရောနိုင်ပေ။

''ခင်လို့ နောက်တယ်ဆိုရအောင် မင်းနဲ့ငါက သူငယ်ချင်းမှမဟုတ်ဘဲကွ''

'' 'မ' ကလည်း ခုမှတွေ့လို့ ခုခင်မင်ခွင့်မရှိဘူးလား''

''မရှိဘူး ချာတိတ်''

''ဗျာ''

''မင်း ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ငါက လူတိုင်းကို အရောမဝင်တတ်ဘူး''

''ဩော်''

မင်းသစ္စာ မသိမသာ ခေါင်းညိတ်လိုက်မိ၏။ တော်တော်ဝင့်ကြွားတဲ့ 'မ' ပါလား။ အဟွန်း အပျိုကြီးပဲဖြစ်မှာပါ။ ဒါကြောင့် ဇီဇာ





ကြောင်နေတာ။

''ဟုတ်ပါပြီဗျာ၊ ဒါနဲ့ ကျွန်တော့်ကို တစ်ခုလောက် ပြန်ကူညီနိုင်မလားမသိဘူး''

''ဘာကူညီရမှာလဲ''

အလားအလာကောင်းမလားတော့မသိပါဘူး။ မင်းသစ္စာ သူ့ဖုန်းကိုထုတ်လိုက်ကာ –

''ကျွန်တော့်ဖုန်း ဘက်ထရီကုန်နေလို့ပါ။ အဲဒါ 'မ' မှာ ဖုန်းပါရင် ဖုန်းလေးဆက်ချင်လို့ ခဏလောက်ပေးဆက်ပါလား။ ဟိုကျွန်တော်နောက်ကျရင် ကျွန်တော့်သူငယ်ချင်း မျှော်နေမှာစိုးလို့ပါ။ သူငယ်ချင်းဆိုတာကလေ မိန်းကလေးသူငယ်ချင်းမို့လို့ပါ။ ကျွန်တော့်ကို ကူညီပါနော် 'မ' ''

အဲဒီလို 'မ' လို့ ခေါ်တာကိုပဲ မုန်း မကြိုက်တာ။ မုန်း ပေးသင့် မပေးသင့် စဉ်းစားနေစဉ်မှာပဲ မကြည်က –

''မုန်း''

''––––––''

''သူက တို့ကို ကူညီထားတာပဲဥစ္စာ ပေးလိုက်ပါလေ။ ငါ့ဖုန်းက ဘေမရှိလို့။ ရှိသာရှိရင် ငါ့ဖုန်းကို ပေးပါတယ်။ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဆိုတော့ သူနောက်ကျရင် စိတ်ကောက်မှာစိုးလို့ ထင်တယ်။ ပေးလိုက်ပါနော်”

“ဟုတ်တယ် . . . ဟုတ်တယ်။ ကျွန်တော် နောက်ကျရင် သူက ကျိန်းသေစိတ်ကောက်မှာဗျ။ ကူညီပါ မရယ် . . . နော်”

မုန်း မသိမသာ သက်ပြင်းလေးချလိုက်မိသည်။ အေးလေ သူက ကိုယ်တွေကို ကူညီထားတာပဲ၊ ဒီလောက်တော့ ပြန်ကူညီသင့်ပါတယ်။ သူငယ်ချင်း မိန်းကလေးဆိုတော့ သူ့ဘက်က တိတ်တိတ်လေး ရင်ခုန်နေတာလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲလေ။ ကောင်မလေး စိတ်ကောက်မှာကို တော်တော်လေးစိုးရိမ်နေတဲ့ပုံပဲဉစ္စာ။

ကြည့်ပါလား

ကိုယ့်ကိုကြည့်နေတဲ့မျက်လုံးတွေက မျှော်လင့်ချက်တွေနဲ့လေ။ မုန်း ဖုန်းကိုထုတ်လိုက်ပြီး –

“ကဲ . . . ရော့”

မုန်း ဖုန်းကိုပေးလိုက်တော့ –

“ကျေးဇူးပါ ‘မ’ ရယ်၊ ကျေးဇူးပါနော်”

“ရပါတယ်၊ အပြန်အလှန်ပေါ့”

မင်းသစ္စာ ဖုန်းကိုယူလိုက်ပြီး ဖုန်းနံပါတ်တစ်ခုကို အမြန်





ခေါ်လိုက်သည်။ ဖုန်းက ခေါ်လို့မရပေ။ စက်ပိတ်ထားသည်လေ။

“ကျွတ်”

“––––––”

“စက်ပိတ်ထားပုံထောက်တော့ စိတ်ကောက်နေပြီထင်တယ်”

မင်းသစ္စာ စက်ပိတ်ထားမှန်း သိသိနဲ့ ထပ်ခေါ် ထပ်ခေါ် လုပ်ပစ်လိုက်သည်။ စက်ပိတ်ထားတဲ့ဖုန်း စက်ဖွင့်လိုက်တာနဲ့ ကောတွေကို တွေ့ရမှာ ကျိန်းသေပါပဲ။ သူခေါ်တဲ့ဖုန်းက အူရီဒူးဆိုတော့လေ။

“မရဘူး။ ရော့ ‘မ’၊ ခုလိုဖုန်းပေးဆက်တဲ့အတွက် ကျေးဇူးပါဗျာ”

“မလိုပါဘူး”

“ဟုတ် . . . ကျွန်တော့်ကို သွားခွင့်ပြုပါဦး ခင်ဗျ”

အမုန်းက ဘာမှမတုံ့ပြန်သဖြင့် မေကြည်ကပဲ –

“ကောင်းပါပြီကွယ်။ နောက်လည်း လမ်းမှာတွေ့ရင် ခေါ်ပေါ့”

“ဟုတ်ကဲ့ပါ”



www.burmeseclassic.com

www.burmeseclassic.com



မင်းသစ္စာ ခေါင်းညိတ်ပြီး ထွက်လာခဲ့တော့သည်။ ပြီးတော့ ကျေနပ်စွာ ပြုံးလိုက်မိ၏။ မကျေနပ်ဘဲရှိပါ့မလား။ အစကတည်းက သူမဖုန်းနံပါတ်ကို လိုချင်လို့ မင်းသစ္စာ ဉာဏ်များလိုက်တာလေ။ ဖုန်းခေါ်တာ ကိုယ့်ဖုန်းကိုယ်ပြန်ခေါ်တာပဲဥစ္စာ။ ဒီအကြံနဲ့မို့ စောစော ကတည်းက ကိုယ့်ဖုန်းကို စက်ပိတ်ထားခဲ့တာလေ။

ကိုယ့်ဖုန်းက အရှုံးဆိုတော့ –

ဖုန်းဖွင့်လိုက်တာနဲ့ ခေါ်ထားတဲ့ကောက ပေါ်လာမည်သာ။

"အဟွန်း"

တစ်ယောက်တည်း အသံထွက်ရယ်လိုက်မိပြီး –

"ဒ္ဓီး ဒ္ဓိ ဒ္ဓိ"

ကားမောင်းရင်း လေချွန်မိတာသည် ကိုယ့်အကြံအောင်မြင် သွားလို့ပါ။ စိတ်ညစ်ရင် လေထချွန်တဲ့ကောင်ရှိလို့လား။ ကိုယ် အဲဒီလို ဖြစ်သွားအောင် –

ဘယ်လိုများပြုစားလိုက်တာလဲ 'မ' ရယ်။

❋



## အခန်း (၅)

"ဟာ . . . မင်းဟာက ဟုတ်ရောဟုတ်ရဲ့လား မင်းသစ္စာရာ။ ပြောတော့ဖြင့် မိန်းကလေးတွေကို ဘာဖြစ်တယ်လေး ညာဖြစ်တယ် လေးနဲ့"

"ဟုတ်တာကတော့ . . . ဟုတ်, ဟုတ်ကို မြည်နေတာ"

"ဘာလဲ . . . မီးထတောက်တာလား"

"အေးလေ . . . မင်းရဲ့ မီးဖိုချောင်လေး ကျွန်သေးတယ်ဆိုလို့ ဆက်လောင်ပေးတာ"

"မီးလောင်တာ မီးဖိုချောင်က စလောင်တာမဟုတ်ဘူးလား"

"မင်းက နှာခေါင်းကနေ စလောင်တာ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသစ္စာ ဖွဲဟန်နှာခေါင်းကို ကိုင်ပြီး ပြောလိုက်တော့ ဖွဲဟန်က မင်းသစ္စာလက်ကို ပုတ်ချလေသည်။ သာဦးမောင်နဲ့ပြောနေတာကို မီးလောင်တာ မီးဖိုချောင်က စလောင်တာမဟုတ်ဘူးလားလို့ ဝင်မေးတာ ဖွဲဟန်လေ။

စောစောက သူတို့ပြောသမျှကို ငြိမ်ပြီး နားထောင်နေတဲ့ ညီလင်းထက်က –

"မင်းသစ္စာ"

"—————"

"မင်းက သာဦးမောင် ပြောလည်းပြောစရာ ဖြစ်ခဲ့တာကိုးကွ၊ အခုတော့ မင်း ရသေ့ရှာန်လျော ဖြစ်တော့မယ်ထင်တယ်။ မိန်းမ တစ်ယောက်ကို ကြည့် 'ရ' မယ့် 'ရ' တော့လည်း တ မမနဲ့ အောက်ချတယ်ကို မရှိတော့ဘူး။ နေပါဦး အခု မင်း အဲဒီ 'မ' ကို တစ်ခါတည်းပဲ မြင်ဖူးသေးတာ မဟုတ်လား"

"အေးလေ ... တစ်ခါတည်းပဲ မြင်ဖူးတွေ့ဖူးသေးတာ။ ဒါပေမဲ့ ... ဒီတစ်သက် မေ့လို့မရတော့ဘူး"

"ဂယ်ကြီးလားဟ"

"ငါ တကယ်ပြောတာကွ။ ဘုံကြီးပြတ်တဲ့မိုးနတ်မယ်ဆိုတာ





ဒါမျိုးကို ပြောတာပဲဖြစ်မယ်။ 'မ'ရဲ့အလှက ငါ့ရင်ကို အေးချမ်းသွားစေခဲ့တာ"

"ကုရန်နတ္ထိ ဆေးမရှိတော့ဖြစ်ပြီ သာဦးမောင်"

ညီလင်းထက် ခေါ်လိုက်တော့ သာဦးမောင်က ကြည့်လေလျှင် –

"ကော်လိုက်စမ်း မင်းနှာခေါင်းထဲက နှပ်ချေးဖတ်"

သာဦးမောင် နှာခေါင်းထဲကို လက်ညှိုးနဲ့ထိုးပြီးမှ –

"ဘာလုပ်မလို့လဲ"

"မင်းသစ္စာကိုတိုက်ဖို့ ဆေးဖော်မလို့။ ဖွဲဟန်က နားဖာချေးကော်ပေး၊ ငါက"

"ချွေးကောင် ... အဲဒီဆေးဖော်ပြီး မင်းပဲသောက်"

မင်းသစ္စာက ညီလင်းထက် ဖက်ပိုးကို ရိုက်ချလိုက်တော့ အားလုံး ခွီးခနဲရယ်ကြလေသည်။

မင်းသစ္စာပါးစပ်က မိန်းမတစ်ယောက်ရဲ့အလှကို ချီးမွမ်းလာတယ်ဆိုတော့ အဲဒီအလှပိုင်ရှင်ဟာ တော်ရုံတန်ရုံတော့ မဟုတ်တာ အသေအချာပါ။

ထိုအလှပိုင်ရှင်ကို အထင်ကြီးကိုကြီးရမှာ ဖြစ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မင်း 'မ' လို့ခေါ်ပုံထောက်တော့ သူက မင်းထက် ကြီးတယ်လား"

ဖွဲ့ဟန်အမေးကြောင့် သာဦးမောင်က မျက်လုံးပြူးနှင့် ကြည့်ပြီး ဖွဲ့ဟန့်ပေါင်ကို ဖျတ်ခနဲရိုက်လိုက်ကာ –

"ဘာကြီးတာလဲကွ"

"အသက်ကိုပြောတာကွ၊ အသက်။ ဖောက်မလာနဲ့"

မျက်နှာတွေက ပြောင်စပ်စပ်တွေမို့ မင်းသစ္စာ နှုတ်ခမ်းကို တင်းတင်းစေ့ပစ်လိုက်၏။ ဒါဆို ကိုယ့်သဘောထားကိုယ် သူတို့သိပြီလေ။

"မင်းသစ္စာ"

"ဘာလဲ"

"ငါမေးတာ ဟုတ်လား။ 'မ' လို့ခေါ်တာ သူက မင်းထက် အသက်ကြီးလို့လား"

"ဟုတ်တယ်၊ 'မ' က သုံးဆယ်ဝန်းကျင်လောက်ရှိမယ်ထင်တယ်"

"ဒါဆို နတ်သျှင်နောင်နဲ့ ဓာတုကလျာပေါ့"

သူတို့ ဘယ်လိုပဲပြောပြော၊ ပြောချင်တာပြောကြပါစေတော့။





မင်းသစ္စာ ရင်ထဲမှာတော့ 'မ' နဲ့ တွေ့ပြီးကတည်းက တစ်မျိုးတော့ တစ်မျိုးဖြစ်နေတာ အသေအချာပါ။ ဒါကြောင့် 'မ' ရဲ့ ဖုန်းနံပါတ်ကို 'မ' ဆိုတဲ့ နာမ်စားလေးနဲ့ ရိုက်ထည့်ထားပြီးပြီလေ။

ဒီဖုန်းနံပါတ်ကို –

အလွတ်လည်းရနေပါပြီ။ မက်ဆေ့ချ်တော့ ပို့ချင်သား။ ဘယ်လိုကနေ စပို့ရင် ကောင်းမလဲ။ မင်းသစ္စာ စိတ်တွေက မတည်ငြိမ်။ ဖုန်းကိုထုတ်ပြီး ဖြစ်ချင်ရာဖြစ်ဟု မက်ဆေ့ချ်တစ်စောင်ပို့လိုက်၏။

"မင်္ဂလာပါ မ"

မက်ဆေ့ချ်ကိုကြည့်ပြီး သာဦးမောင်က –

"အလဲ့ အလဲ့"

'မ' မက်ဆေ့ချ်ပြန်ပို့လိမ့်မယ်လို့ မင်းသစ္စာ မမျှော်လင့်ပါဘူး။ ကိုယ့်ဘက်ကပို့နေရရင် ကျေနပ်ပြီ။

ဒါကြောင့် –

"မ ဘာလုပ်နေလဲ"

"နေ့ရက်တိုင်းမှာ ပျော်ရွှင်ပါစေ 'မ' "

" 'မ' မအားဘူးလားဟင်။ ကျွန်တော့်ကြောင့် အနှောင့်အယှက် ဖြစ်သွားလား။ အနှောင့်အယှက်ဖြစ်သွားရင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ပါတယ်ဗျာ''

မက်ဆေ့ချ်တွေ တစ်စောင်ပြီးတစ်စောင် ပို့ပစ်လိုက်မိ၏။ သူငယ်ချင်းတွေ ခေါင်းချင်းဆိုင်ပြီး ငုံ့ကြည့်နေကြတာကိုလည်း အရေးမစိုက်နိုင်။

'' 'မ' ကျွန်တော့်ကို တစ်ခုခုလေးပြန်ပြောပါလား''

''ကျွန်တော် 'မ' နဲ့ ခင်ချင်လို့ပါဗျာ''

'' 'မ' viber မသုံးဘူးနော်၊ ဘာဖြစ်လို့လဲ''

''ဒုတ်''

''အ''

ခေါင်းပေါ်ကို အရာတစ်ခု ပြုတ်ကျလာတာကြောင့် –

''ဟ ဟ''

''ဘာလဲ''

''သေပါပြီကွာ''

မင်းသစ္စာ ကိုယ့်ခေါင်းကို လက်နှင့်ပွတ်လိုက်မိစဉ်မှာပဲ ညီလင်းထက်ကလည်း ပခုံးကို လက်နှင့်ဖိထားလေသည်။ ပြုတ်ကျလာတဲ့အရာက မင်းသစ္စာခေါင်းပေါ်ကနေ ညီလင်းထက်ပခုံးဆီ။ ပြီးမှ အောက်ကိုပြုတ်ကျသွားတာလေ။ နှစ်ယောက်စလုံး ပြုတ်ကျသွားတဲ့





အရာကိုလိုက်ကြည့်လိုက်တော့ –

''ပန်းသီးကွ''

ပန်းသီးကို ကောင်မလေးတစ်ယောက်က လိုက်ကောက်ပြီး ပြန်ထအလာမှာတော့ –

''ဟင်''

''မင်း''

''ဆောရီး ... ဆောရီးပါနော်။ အဟဲ ... သူ သူလေ၊ ပန်းသီးကို လုနေလို့၊ အဲဒါကြောင့် နှစ်ယောက်လုရင်း ပန်းသီးက လွတ်ထွက်သွားတာပါ''

မခ လေးကို လက်ညှိုးထိုးပြပြီး ဖြေရှင်းသလို တောင်းပန်သလိုပြောပေမယ့် နှုတ်ခမ်းပေါ်မှာက ကျေနပ်ရောင်သန်းသည့်အပြုံး နှင့်ပါ။ ဒါကို ရိပ်မိတဲ့ မင်းသစ္စာကလည်း ထိုင်နေရာကနေ ထရပ်လိုက်၏။ ဒီလိုလာကျောလို့ ဘယ်ရမလဲ။

''ဒီမှာ''

''ဟင်''

''မင်း ... ဒါ တမင်လုပ်တာမဟုတ်လား''

''ဟာ ... မဟုတ်ရပါဘူး၊ တကယ် မတော်တဆပါ''



www.burmeseclassic.com

www.burmeseclassic.com



"မတော်တဆ ဟုတ်လား"

"အင်း"

မခ ခေါင်းညိတ်ပြလေလျှင် –

"မင်းရဲ့မတော်တဆက ဒီနေရာရောက်မှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရသလား။ မင်းပြောတဲ့ မတော်တဆဆိုတာကို ငါ မယုံဘူး။ ချေးစားပြောရင်တောင် မင်းကြိုက်လို့စားတာပဲ"

"ဘာ"

"မြန်မာ့အသံ နှစ်ခါမလာဘူး။ ကြားတဲ့အတိုင်းပဲ"

ချေးစားဆိုင်းမှတော့ မခ ခွေးဖြစ်ပြီပေါ့။ ဒါကြောင့် ဆတ်ဆတ်ခါသွားပြီး ခါးထောက်လိုက်မိကာ –

"ကျွန်မက မစားဘူး။ ရှင်ပဲစား ရှင်ပဲစား"

"ဘာကွ"

"မြန်မာ့အသံ နှစ်ခါ ထပ်မလာဘူး။ ကြားတဲ့အတိုင်းပဲ"

"မင်းပြောတာ မင်းပဲစားပါလား"

"ရှင်အရင်ပြောတာ ရှင်စားပေါ့"

"မင်းစား"

"ရှင်စား"





"မင်းစား"

"ရှင်စား"

"မင်းစား"

"ရှင်စား"

"ကဲ ကဲ ... နေကြပါဦး။ နေကြပါဦး"

တစ်ယောက်နဲ့တစ်ယောက် စကားအတင်မခံဘဲ ရန်ဖြစ်ပေါက် ထွင်နေကြသည့်ကြားသို့ ဝင်ရပ်လိုက်သူက ညီလင်းထက်ပါ။

"မင်းစား၊ ရှင်စားနဲ့ အဝေမသင့်ဖြစ်မနေနဲ့၊ ဟော့ကောင် ဖွဲ့ဟန်"

"ဟေ"

"ကြားထဲက မင်းစားလိုက်ကွာ"

"အမ်"

ဖွဲ့ဟန် ပါးစပ်အဟောင်းသားနှင့်ဖြစ်သွားလေတော့ လေးနဲ့ခိုင်ဇင်က ခွီးခနဲရယ်လေသည်။

"ဘာရယ်တာလဲ"

ဖွဲ့ဟန် အော်လိုက်တော့မှ လေးတို့ ပါးစပ်ကို လက်ခါးနှင့်ပိတ်ပြီး တိတ်သွားကြလေသည်။ မခက –



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ကိုအတ္တ"

"ငါ့နာမည် ကိုအတ္တ မဟုတ်ဘူး"

"နာမည်မသိလို့ ခေါ်တာပေါ့။ မခေါ်စေချင် နာမည်ပြော"

"အောင်မယ် . . . ဘာလို့ပြောရမှာလဲ၊ မပြောဘူး"

"မပြောနေပေါ့။ ဘယ်သူကမှ အတင်းလိုက်မမေးဘူး သိလား။ ရှင့်ကို ကျွန်မ ဝတ္တုရေးအရတောင်းပန်တယ်နော်။ ကျေနပ်တာ မကျေနပ်တာက ရှင့်အပိုင်းပဲ။ ကဲ . . . သူငယ်ချင်းတို့"

"ဟင်"

"သွားကြမယ်"

မခ ပြောပြီး ရှေ့မှထွက်သွားကာ ပန်းသီးကို အပေါ်သို့ မြှောက်တင်လိုက်၏။ ပြီးမှ ပြန်ကျလာတဲ့ပန်းသီးကို ဖမ်းဆုပ်ပြီး တစ်ချက် လှည့်ကြည့်သွားလေသျှင်။

"ဟောက်"

❋



## အခန်း (၆)

" 'မ' အလုပ်တွေ ရှုပ်နေတာလား။ ဒီနေ့နဲ့ဆို ကျွန်တော် 'မ' ဆီကို မက်ဆေ့ချ်ပို့တာ သုံးရက်ရှိပြီနော်။ 'မ' ဘာလို့ စာလေး တစ်ကြောင်းတောင် ကျွန်တော့်ဆီ ပြန်မပို့တာလဲတဲ့"

" 'မ' ပြန်ပို့တဲ့စာလေးတစ်ကြောင်းလောက် ဖတ်ချင်လို့ တစ်ခုခု ပြန်ပြောပါလား 'မ' ရယ်တဲ့"

ကိုယ့်ဖုန်းထဲက မက်ဆေ့ချ်တွေကို မကြည်နဲ့လွင်က တစ်ကြောင်းစီ အသံထွက်ပြီးဖတ်ကြည့်နေပေမယ့် မုန်းကတော့ တည်ငြိမ်စွာနှင့်ပဲ အလုပ်လုပ်မပျက်ပေ။ ဒီမက်ဆေ့ချ်တွေ ကိုယ့်ဖုန်းထဲ ရောက်နေတာကိုပဲ ကိုယ်နှင့်မဆိုင်သလို။ တကယ်လည်း မုန်းနဲ့သက်ဆိုင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့မသက်ဆိုင်ဘူးလို့ပဲ မုန်းကတွေးထားသူပါ။

" 'မ' ကျွန်တော်ကတော့ 'မ' စာပြန်ပို့သည်ဖြစ်စေ၊ မပို့သည်ဖြစ်စေ ကျွန်တော့်ဘက်ကတော့ ရေးပို့နေဦးမှာပဲနော်"

"ခင်ချင်တာတောင် ခင်မင်ခွင့်မပေးနိုင်ဘူးလား 'မ'။ 'မ' က မာနကြီးတယ်ထင်တယ် ဟုတ်လား"

" 'မ' က အရမ်းလှတာပဲနော်။ အဲ ... ပါလာပြီ၊ ပါလာပြီ။ ရှေ့ဆို ဘာတွေဆက်ရေးပို့မလဲ။ ဗေဒင်မေးစရာကို မလိုတော့ဘူး"

မေကြည်က စာကို ဆုံးအောင်မဖတ်တော့ဘဲ မုန်းဘက်သို့ လှည့်ပြောလေသည်။

"မုန်း"

"ပြော"

"ဒီကိစ္စကို နင် ဒီအတိုင်းပဲ ထားတော့မှာလား"

"ဒီအတိုင်းမထားလို့ ငါက ဘာလုပ်ရမှာလဲ"

"နင် တကယ်နေနိုင်တယ်နော်။ ဟိုက ဒီလောက်ပို့နေတာကို ကိုယ်နဲ့မဆိုင်သလိုပဲ"

"ဆိုင်မှမဆိုင်တာ"

မေကြည်နဲ့လွင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိ





သွားကြလေသည်။ မုန်းက လက်ဝ်တော့ဝ်ကို ဘေးသို့ရွှေ့လိုက်ပြီး–

"ကိုယ်နဲ့မသိတဲ့သူတစ်ယောက်ကို လက်ညှောင်းခံပြီး မက်ဆေ့ချ်ပြန်ပို့နေရလောက်အောင် ငါ့မှာအချိန်မပေါဘူး မေကြည်။ သူတို့အတွက် အချိန်ပေါလို့ လက်ကမြင်းကြောထတိုင်း ကိုယ်က လိုက်ပေးနေရအောင် ငါက သစ်ရွက်ကြွေရင်တောင် ရယ်ချင်တဲ့အရွယ်မဟုတ်ဘူး။ အခုချိန်မှာ သူက လမ်းဘေးထိုင်ပြီး ဖုန်းကိုပွတ်ချင်ပွတ်နေမှာ။ ငါက အလုပ်လုပ်ဖို့ ဒီရုံးခန်းထဲကို ရောက်လာတဲ့သူ။ ဘာမဟုတ်တဲ့ လူတစ်ယောက်အတွက် ငါ အချိန်ပေးစရာမလိုဘူး"

မုန်းရဲ့စကားက ရိုင်းချင်ရိုင်းမယ်၊ ဒါပေမဲ့ သူ့ဘက်ကကြည့်တော့ သူမှန်နေတာပဲလေ။ ယောကျ်ားတွေအားလုံးကို သိမ်းကျုံးပြီး မမုန်းသည့်တိုင် ဘယ်သူ့ကိုမှ မချစ်နိုင်ဟု ကြွေးကြော်ထားသူ။ အလုပ်သဘောအရတော့ ယောကျ်ားတွေနဲ့ ခေါ်ပြောဆက်ဆံရင်းနှီးချွမ်းဝင်ရှိတာပေါ့။

ဒါပေမဲ့ –

ထိကပါး ရိကပါးပြောလာရင်တော့ အားမနာတမ်းပဲ ပိုးခနဲပက်ခနဲ ပြန်ပြောတတ်သူပါ။

"နင် တစ်ခုခုပြန်မပြောမချင်း သူက ပို့နေမှာ မုန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပို့ပါစေ၊ သူ့ အချိန်ကုန် ငွေကုန်ခံနိုင်လို့ ပို့တာ ပို့ပါစေပေါ့။ မောသွားရင် ရပ်သွားလိမ့်မယ်"

"နင်ထင်လို့လား"

လွင်ကမေးလိုက်တော့ မုန်း လွင့်ကို ခပ်တွေတွေပြန်ကြည့်လေသည်။ ဘယ်သူမဆို သူတို့ကို ခွန်းတုံ့ခံပြီး ပြန်မရောဘူးဆိုရင် စိတ်မရှည်တာတွေ စိတ်တိုတာတွေဖြစ်ပြီး တော်ပြီဆိုတာမျိုး ဖြစ်သွားတတ်ကြစတာပါပဲ။ အဲဒီလိုမှ မဟုတ်လို့ ဖွဲကောင်းနေဦးမယ်ဆိုရင်–

မုန်းဆိုတဲ့မိန်းမက –

အဲဒီဖုန်းနံပါတ်နဲ့ ခေါ်သွယ်လာသမျှ အထင်သေးစွာနဲ့ ပြုံးပြုံးကြီးထိုင်ကြည့်နေဦးမှာ။ အချိန်တွေ ငွေတွေ အရမ်းပေါနေတဲ့ လူတစ်ယောက်အဖြစ်နဲ့လေ။

"မက်ဆေ့ချ်ပို့မရလို့ ဖုန်းခေါ်ရင် နင် ဘယ်လိုလုပ်မလဲ မုန်း"

"အဲဒီဖုန်းနံပါတ်ကို ငါ အလွတ်ရတယ်"

"ဟယ် . . . ဟုတ်လား"

စိတ်ဝင်စားလို့ အလွတ်ကျက်ထားသလားအထင်နဲ့ မေကြည့် မျက်နှာ ပြုံးယောင်သန်းသွားပေမယ့် –





"အဲဒီဖုန်းနံပါတ် မြင်တာနဲ့ မကိုင်ရုံပဲပေါ့"

"ဟင်"

မျှော်လင့်ချက်တွေ သဲထဲရေသွန်ပါ။ လွင်နဲ့မေကြည့်က မုန်းကို အချစ်စစ်နဲ့တွေ့ပြီး အိမ်ထောင်ကျစေချင်သူတွေပါ။ ဘာဖြစ်လို့လဲဆို မေကြည့် အပျိုကြီးဆိုတာက မိဘတွေနဲ့ ညီအစ်ကိုမောင်နှမ တူ တူမတွေနဲ့ပါ။ မုန်းကျတော့ အလုပ်သမားတွေရှိပေမယ့် သွေးသား အရင်းအချာဆိုလို့ –

ပြေးကြည့်မှ –

ညီအစ်မလေးနှစ်ယောက်တည်းပါ။ ဒါကြောင့် အားကိုးအားထားပြုစရာ အိမ်ထောင်ဦးစီးကောင်းတစ်ယောက် ရှိစေချင်တာပါ။ မုန်းထက် အသက်ကြီးသူဖြစ်စေ၊ အသက်ငယ်သူဖြစ်စေ၊ ယောကျ်ားဆိုတာ သဘာဝတရားကကို မိန်းမတွေထက် အရာရာကို ရင်ဆိုင်ရဲတဲ့ အစိတ်အပိုင်းတွေနဲ့ တည်ဆောက်ပေးထားတာလေ။

"အဲဒီဖုန်းနံပါတ်ကို အလွတ်ရရုံနဲ့ ပြီးမသွားနိုင်ဘူး မုန်း။ တစ်ဖက်က တကယ်စူးစူးနစ်နစ် ခံစားတာဆိုရင် ဆင်းကတ်တစ်ကတ်မှ ထောင့်ငါးရာပဲရှိတယ်လေ။ တစ်နေ့တစ်ကတ်ပြောင်းလို့ရတယ်"

"တော်စမ်းပါဟာ၊ ဘာမဟုတ်တဲ့ကိစ္စတစ်ခုကို ခေါင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြီး တွေးပူမနေစမ်းပါနဲ့။ ငါ့ကိစ္စ ငါ့ဘာသာရှင်းမယ်။ နင်တို့လည်း ကိုယ်လုပ်စရာရှိတဲ့အလုပ်ကိုပဲလုပ်၊ အာရုံနောက်မခံနဲ့''

ပြောမိတဲ့ လွှင် ကိုယ်သိ မှားပါတယ်လို့ထင်မိ၏။ မေကြည်က ဘယ်လိုလဲဆိုသော သဘောနှင့် မေးဆတ်ပြတော့ လွှင် ခေါင်းခါပြီး နှုတ်ခမ်းကိုမဲ့ပြလိုက်မိ၏။

''ဒီတစ်သက်တော့သွားပြီ''

ပြောလိုက်သူက လွှင်ပါ။ မေကြည်က –

''အေးဟယ် ... ငါသာ သူ့လောက်လှလို့ သူ့လို ချူချင်သူတွေ ဝိုင်းဝိုင်းလည်နေရင် ခေါင်းခေါက်ပြီးတော့ကို ရွေးပစ်လိုက်မှာသိလား''

''အဲဒါကြောင့် ငါပြောပါတယ်၊ နင့်ကို''

''ဟင် ... ဘာလဲ''

''နင်က ယူသူမရှိလို့ မရတာပါလို့''

''ကြည့်စမ်း ... အခွင့်အရေးရတာနဲ့ ငါ့ကိုဖွဲ့တာ။ ကောင်မ အမြင်ကိုကတ်တယ်''

''နင်ကြည့်လို့ရတာ သောချဲချဲ ဘဲချောချောလေးတွေပဲ မဟုတ်လား''





ပြောပြီး လွှင်ကထသွားလေတော့ ကျန်ခဲ့ရတဲ့ မေကြည်မှာ အောင့်သက်သက်နှင့်ပါ။ မုန်းက ဖုန်းကိုဖွင့်ပြီးနာရီကိုကြည့်ကာ –

''ကဲ ... နင်တို့စကားထိုင်ပြောနေမှာလား၊ အလုပ်လုပ်မှာလား။ ငါက နှစ်စာစောပြန်ရမှာနော်၊ ဒီနေ့ မခကို ဝင်ကြိုရဦးမှာ''

''လုပ်မှာပါဟယ်။ အဲဒါကြောင့်ပြောတာ၊ နင်တစ်ယောက်တည်း ဟိုပြေးရ ဒီပြေးရနဲ့မို့လို့ မျှဝေခံစားမယ့်သူတစ်ယောက် ရှာပါ'လို့''

''လာပြန်ပြီ ဒီစကား''

မုန်း ရှေ့ဆက်မယ့်စကားကို မစောင့်တော့ဘဲ မေကြည် ဖက်ကလေးပုရှ် လစ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မခတို့ သင်တန်းထဲကနေ ထွက်လာတော့ မိုးတွေရွာနေသည်။ မထင်မှတ်ဘဲ ရွာတဲ့မိုးမို့ ထီးပါသည့်သူကနည်းသည်လေ။ ထို့ကြောင့် မိုးအတိတ်ကိုပဲ ရပ်စောင့်နေကြသူတွေ အများကြီးပါ။ မိုးက ကြီးကြီးမားမား ရွာတာတော့ မဟုတ်ပါဘူး။ ရွာပြီးရင် ပျောက်သွားမယ့်ပုံမို့ ရပ်စောင့်နေကြတယ်လို့ ပြောရမလား။

ခဏသာ ဝုန်းဝုန်းဒိုင်းဒိုင်းဖြစ်ပြီး –

တဖြေးဖြေးနဲ့ စိတ်ရာကကျဲကာ နောက်တော့ ဖြောက်ဖြောက်လောက်သာ ရှိတော့လေလျှင် –

"မခ"





"ဟင်"

"တို့သွားမှဖြစ်တော့မယ်ထင်တယ်။ တော်ကြာ တိတ်အောင်စောင့်နေရင်း ပိုသည်းလာရင် ဒုက္ခ"

"နင်တို့ သွားလေ"

"ငါက မကြီး လာကြိုမှာဟ"

"ဟုတ်လား။ ဒါဆို မကြီးလာတဲ့အထိ တို့စောင့်ပေးမယ်လေ"

"ရပါတယ်၊ နင်တို့သွားချင်သွားလေ"

"ဩော် ... စောင့်ပေးပါမယ်ဆိုမှပဲ။ တော်ကြာ နင့်တစ်ယောက်တည်း စွန့်ချီသွားမှာစိုးလို့ သိလား"

အခုတစ်ခါ ပြောလိုက်သူက ခိုင်ဇင်ပါ။ မခက နင်တို့သဘောလို့ ပြောလိုက်စဉ်မှာပဲ တစ်ဖက်မှ အသံတွေထွက်လာသည်မှာ –

"မိုးကလေးညိုလာရင် လွမ်းမျက်ရည်ကလည် ××× ငယ်ငယ်တုန်းက ဖင်ပြောင်ရေချိုးတာ သတိရပါတယ် ××× အခုတော့ ဂိုဏ်းထဲ ခပ်ကျုပ်ကျုပ်နေရတယ် ××× ရှုံးရှုံးပေါက်ချင်တောင် မလွှယ်ပါ ×××"

"ဟော့ကောင်"

"ဟင် ... ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးသီချင်းကို ဖျက်ဆီးနေတဲ့ ဖွဲ့ဟန်ကို ညီလင်းထက်က တံတောင်နှင့် ပြန်ထုတ်လေသည်။ ပြီးတော့ မခတို့ကို လှမ်းကြည့်ရင်းမှ

''ပေါက်ကရ လျှောက်ဆိုနေတယ်၊ အနားမှာ မိန်းကလေးတွေနဲ့ကွ''

''ဘာဖြစ်လဲကွာ၊ သဘာဝကဖန်ဆင်းပေးထားတာပဲဥစ္စာ။ ဘယ်သူက ငွေကုန်ကြေးကျခံပြီး အလှတပ်ထားတာမှတ်လို့''

''ဒီကောင်ပြောရင်ကကွာ''

ညီလင်းထက်က စိတ်ပျက်သလို ညည်းတွားလေလျှင် မင်းသစ္စာကလည်း –

''ဟုတ်တယ် ဖွဲ့ဟန်၊ တို့သူငယ်ချင်း အချင်းချင်းတွေကြားမှာ ပေါက်ကရပြောတာ ဘာမှမဖြစ်ဘူး။ အခုက ဘေးဘီမှာ မိန်းကလေးတွေနဲ့ကွ။ မခန့်ပက်စက်လုပ်ရာကျရင် မကောင်းဘူး။ ကိုယ့်မှာ နှမမရှိ မအေရှိတယ်၊ ကိုယ်ချင်းစာရမှာပေါ့''

''အေးပါ ... အေးပါကွာ၊ ငါ မဆိုးတော့ပါဘူး''

ဖွဲ့ဟန် သူမှားမှန်းသိတော့ မျက်နှာငယ်လေးနှင့် တောင်းပန်လေသည်။ ကြားနေရတဲ့ မခတို့မှာလည်း အစတုန်းကတော့ အမှတ်တမဲ့ပေမယ့် အခုပြန်တွေးကြည့်ပြီး သဘောပေါက်ကာ မကြားချင်





ယောင်ပဲ ဆောင်နေလိုက်တော့၏။ ပျော်တတ်လို့ ပြောလိုက်မိတဲ့ ရယ်စရာက အမှတ်မထင် အပြစ်တစ်ခုလို ဖြစ်သွားတော့ –

သာဦးမောင် ဖွဲ့ဟန်မျက်နှာ ညှိုးသွားတာနှင့် –

''မင်းတို့ကလည်း တကယ်တော့ ဒီမိုးက ဟိုသီချင်းနဲ့မှ လိုက်တာကွ''

သူငယ်ချင်းတွေအားလုံး လှည့်ကြည့်လာပြီး ညီလင်းထက်က

''ဘယ်သီချင်းလဲ''

''အဟမ်း''

သာဦးမောင် ချောင်းဟန့်ပြီး လည်ချောင်းရှင်း၍ –

''ဟိုသီချင်းလေ မိုး ××× ကိုယ့်ရင်ခွင်ကိုလာသည်းပေးပါကွယ်၊ ဒီလိုမိုးထဲ ငါလေရူးတော့မယ်''

''ခုမှ မစင်ပုံကြက်ယက်နေတဲ့အတိုင်းပဲ''

''ခွေးကောင်''

သာဦးမောင်က လက်ဟန်ခြေဟန်နှင့် သီချင်းဆိုပြတာကို ပြောလိုက်တာက မင်းသစ္စာပါ။ ဘေးက ရယ်သံတွေ ခပ်ကျိတ်ကျိတ် ထွက်လာလေတော့၏။ မခရယ်နေရင်း တစ်နေရာရာကို အကြည့်မှာတော့ –



www.burmeseclassic.com

www.burmeseclassic.com



လာပြီလေ မကြီးရဲ့ကား။

ထို့ကြောင့် ရယ်ခြင်းအလုပ်ကို အစသတ်ဖို့ ပါးစပ်ကိုလက်ဝါးလေးနှင့်ဖိအုပ်လိုက်လေသည်။ မကြီးက အသံထွက်ရယ်တာကို မကြိုက်ဘူးလေ၊ ဒါကြောင့်မို့ပါ။

"မကြီး လာပြီ"

"ဟင် . . . ဟုတ်လား"

မင်းသစ္စာတို့လည်း မခ လှမ်းကြည့်တဲ့ကားဆီသို့ အကြည့်ရောက်သွားကြပြီး ဘာရယ်မဟုတ် ဆက်ကြည့်နေမိကြစဉ် ကားတံခါးကို ဖွင့်ပြီး ဆင်းလာတဲ့ အမျိုးသမီးကိုမြင်လိုက်ရတော့ –

"ဟင်"

"ဟင်" ဆိုပြီး ပါးစပ်ကလေး ပွင့်ဟသွားသူက မင်းသစ္စာပါ။ ဒါကို ဖွဲ့ဟန်က သတိထားမိပြီး မင်းသစ္စာကိုကြည့်နေသလို မင်းသစ္စာကတော့ 'မ' ကိုကြည့်နေရတာ မျက်တောင်ခတ်လိုက်ရင်ပဲ ပျောက်ကွယ်သွားမှာစိုးသလို မျက်တောင်မခတ်ဘဲ 'မ' ရဲ့လှုပ်ရှားမှုတွေကို လိုက်ကြည့်နေမိ၏။

"မင်းသစ္စာ"

"______"





"မင်းသစ္စာ"

"_____"

"ဟော့ကောင် မင်းသစ္စာ"

"ဘာလဲကွ"

ပါးစပ်က ထူးပေမယ့် မျက်လုံးက လှည့်မကြည့်ပေ။ အခုချိန်မှာ 'မ' ကလွဲပြီး အခြားဘယ်အရာ ဘယ်အလှတရားကိုမှ မင်းသစ္စာ မကြည့်ချင်ပေ။ ခြေဖျားကနေ ဆံဖျားအထိ ဘယ်နေရာပဲကြည့်ကြည့် အပြစ်ဆိုရက်စရာ မရှိအောင် လှနေသူ။ ရှေးဘဝက ဘယ်လို ဆုတောင်းကောင်းခဲ့တာလဲ 'မ' ရယ်။

"မင်း ဘာဖြစ်သွားတာလဲ ဟော့ကောင်၊ မျက်တောင်လေး ဘာလေး ခတ်ဦးလေ"

"____"

"မင်းသစ္စာ"

"_____"

"ဒုက္ခပဲ၊ လူစစ်စစ်ကနေ ဘယ်လိုကျိန်စာတိုက်ပြီး ကျောက်ရုပ်ဖြစ်သွားလဲ မသိဘူး"

"မင်း ရှမ်းမပြောနဲ့ဖွဲ့ဟန်၊ ဒီကောင် ဒီလောက်ဖြစ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com



ထောက်ရင် တစ်ခုခုတော့ တစ်ခုခုပဲ''

သာဦးမောင်က ပြောလေလျှင် ဖွဲ့ဟာန်က –

''အဲဒါတော့ မင်းပြောမှလားကွ။ တစ်ခုခုရဲ့အကြောင်းရင်းကို သိချင်လို့ ငါကမေးနေတာ''

''ငါ့အထင်ကတော့ ဒီကောင် ဒီလိုဖြစ်သွားပုံထောက်တော့ ဟိုအစ်မက သူပြောပြောနေတဲ့ 'မ' ဆိုတာများလားကွာ။ ဟုတ်လား မင်းသစ္စာ''

''မ''

သူငယ်ချင်းတွေမေးတာကို မင်းသစ္စာ ပြန်မဖြေနိုင်။ မခတို့က နေရာကနေ ထွက်သွားတော့မှသို့ ဘေးကသူငယ်ချင်းတွေကို တွန်းပစ်ခဲ့ပြီး သူ လျှောက်သွားလေလျှင် –

''တွေ့လား။ ငါထင်တာ မှန်တယ်။ မင်းသစ္စာပါးစပ်က 'မ' လို့ခေါ်လိုက်တာ။ သူပြောနေတဲ့ 'မ' ပဲဖြစ်မှာပါ။ ဒီလောက်လှနေတာ''

''အေး . . . ဟုတ်မယ် ထင်တယ်''

''မထင်နဲ့ ဟုတ်ကို ဟုတ်လိမ့်မယ်''

မင်းသစ္စာ ထွက်သွားတော့ ကျန်တဲ့သုံးယောက်မှာ စိတ်ဝင်





စားစွာနှင့် ရပ်ကျန်ခဲ့သည်သာ။ မခတို့မှာတော့ ကိုယ့်မကြီးကို သူငယ်ချင်းတွေက လှတယ်ပြောတိုင်း မခ အကျေနပ်ကြီးကျေနပ်နေရသည်သာ။ ကိုယ့်မကြီးကို မနာလိုမဖြစ်ပါဘူး။ ပြီးတော့ မခက မကြီးထက် မဆိုသလောက် အရပ်ပုပြီး နည်းနည်းပိန်တာကလွဲရင် မကြီးနဲ့ခပ်ဆင်ဆင် တူတယ်လို့ ပြောကြတာပဲ။

မကြီးက လှတယ်ဆိုတော့ –

မခလည်း ချောတာပဲပေါ့။

''တကယ်ပြောတာ မကြီးရဲ့။ မကြီးက အရမ်းလှတာပဲ။ ဘာခေးတွေ မိုဝဲသလဲမေးရလောက်အောင်လှတာ။ အသက်သုံးဆယ်ကျော်လို့ ထင်ရက်စရာကိုမရှိဘူး''

''ကဲပါ . . . ဟုတ်ပါပြီ မနက်ဖြန်ကျ ညီမတို့စားချင်တာစား မခက အဝကျွေးလိမ့်မယ်၊ ဟုတ်ပြီလား''

''လေးတို့က စားချင်လို့မြှောက်ပြောနေတာမဟုတ်ဘူး မကြီးရဲ့။ အမှန်ကိုအမှန်အတိုင်းပြောတာပါ။ ကျွေးမယ်ဆိုတော့လည်း''

''မစားဘူးလား''

''ဟီး . . . စားမှာပေါ့လို့''

နိုင်ဇင်က မျက်စောင်းထိုးလေသည်။ လမ်းလျှောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



စကားပြောသွားကြတာမို့ ကားနားသို့ အရောက်မှာတော့ –

"မ"

"– – – –"

"မ"

ခေါ်သံကြားပေမယ့် ကိုယ်နဲ့မဆိုင်တာမို့ မုန်း လှည့်မကြည့်မိပေ။

"မ"

ခေါ်သံကနီးကပ်ပြီး အနားကို အရိပ်တစ်ခုရောက်လာတာမို့ မုန်းလှည့်ကြည့်လိုက်တော့မှ –

"ခေါ်လိုက်ရတာ မရယ်"

မခနှင့်အတူ လေးနဲ့ နိုင်ဖင်ပါ နားမလည်သလို ပြူးတူး ကြောင်တောင်လေးတွေဖြစ်နေကြစဉ် မုန်းက မင်းသစ္စာကို မျက်မှောင်ကြုတ်ကြည့်ပြီး –

"မင်း ငါ့ကို ခေါ်တာလား"

"ဟုတ်တယ် 'မ' ကိုခေါ်တာလေ။ ကျွန်တော့်ကို မှတ်မိလား မသိဘူး"

မုန်း ခပ်တွေတွေလေး စဉ်းစားသလိုလုပ်ပြီး –





"မမှတ်မိပါဘူး၊ သိလည်း မသိဘူး"

"ဟာချာ"

မင်းသစ္စာရင်ထဲမှာ ဟာသွားလေသည်။ အချို့လူတွေ ကိုယ့်ကို တစ်ခါမြင်ဖူးရုံနဲ့ မှတ်မိတတ်ကြသည်လေ။ အခု 'မ' က မမှတ်မိဘူး မသိဘူးတဲ့။ အဲဒီတော့ မှတ်မိအောင် ကိုယ်ကပဲ အစဖော်ပေးရတော့မှာပေါ့။

"သေသေချာချာ စဉ်းစားကြည့်ပါဦး 'မ' ရဲ့။ 'မ' ကားပျက်လို့ ကျွန်တော်ပြင်ပေးဖူးတယ်လေ။ 'မ' ဖုန်းကိုတောင် ကျွန်တော် ခဏတောင်းပြီး သူငယ်ချင်းကို ဆက်လိုက်သေးတယ်"

သူပြောမှပဲ မုန်း စဉ်းစားမိသွားလေသည်။ ကိုယ့်အလုပ်နဲ့ကိုယ်မို့ အပိုအကြောင်းအရာတွေကို မစဉ်းစားမိခဲ့တာ။ ဒီကောင်လေး ကိုယ့်ဖုန်းနဲ့ သူ့သူငယ်ချင်းကို ဆက်ပြီးကတည်းက သူမ ဖုန်းထဲကို မက်ဆေ့ချ်တွေ ခဏခဏ ဝင်နေတာ။ မက်ဆေ့ချ်ထဲမှာ ခေါ်တာ သူမကို 'မ' တဲ့။

အခု

သူကလည်း 'မ'တဲ့လေ။ မက်ဆေ့ချ်တွေပို့နေတာသူပေါ့။ ဒါမှမဟုတ် သူ့သူငယ်ချင်းလား၊ အဖြေတစ်ခုရဖို့အတွက်။



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားလို့ရပြီလား 'မ' "

"ရပြီ၊ ငါမှတ်မိသွားပါပြီ"

"ဟား . . . ဝမ်းသာလိုက်တာ 'မ' ရယ်"

'မ'က သူနဲ့ဆုံခဲ့ရပုံကို မှတ်မိသွားပြီဆိုတော့ မင်းသစ္စာ ဝမ်းသာသွားလေသည်။

"မင်း သိပ်ပြီးလည်း ဝမ်းသာမနေပါနဲ့။ တစ်ခါဆုံဖူးလို့ မှတ်မိရုံလောက်နဲ့ ငါလူတိုင်းကို အရောမဝင်တတ်ဘူး။ ငါက အလုပ်ကို အလုပ်နဲ့တူအောင်လုပ်တယ်။ အဲ့ဒီအလုပ်တွေကို ဦးနှောက်အရှုပ်ခံပြီး ခေါင်းထဲ မထည့်တတ်ဘူးဆိုတာ မင်း မှတ်ထားဖို့တော့လိုမယ်"

"ဗျာ"

"မကြီး"

"– – – –"

"မကြီးနဲ့သူက သိနေတာလား"

"အခြေအနေက အခု နင်မြင်နေကြားနေတဲ့အတိုင်းပဲ"

စကားပြောရင် အဲဒီလို ဘုကန့်လန့်နိုင်တဲ့မကြီးပါ။ မခဲ ဘာဆက်ပြောရမှန်း မသိတော့ပါဘူး။ မေးမိတာကိုက မှားပါတယ် ဖြစ်နေပြီလေ။ မုန်းကတော့ အေးအေးဆေးဆေးပုံစံနှင့် ဖုန်းကို





ထုတ်လိုက်ကာ သူမအလွတ်ရနေပြီဖြစ်တဲ့ ဖုန်းနံပါတ်တစ်ခုကို ခေါ်လိုက်၏။

"ဟာ . . . အရေးထဲ"

မင်းသစ္စာ ကိုယ့်ဖုန်းကအသံမြည်နေသဖြင့် ထုတ်ပြီး နံပါတ်ကိုကြည့်လိုက်စဉ် နံပါတ်ကိုထား 'မ' ဆိုတဲ့စာလုံးလေးပေါ်လာတာနှင့် သဘောပေါက်လိုက်၏။ သူ 'မ' ကိုကြည့်လိုက်စဉ်မှာပဲ 'မ' က ဖုန်းချသွားကာ –

"မင်း နောက်ထပ်၊ ငါ့ဖုန်းကို ဘယ်တော့မှ မက်ဆေ့ချ်မပို့ပါနဲ့"

ခပ်ပြတ်ပြတ်ပြောသွားတဲ့ 'မ' ကားပေါ်သို့တက်ပြီး မောင်းထွက်သွားသည့်တိုင် မင်းသစ္စာ ကျောက်ရုပ်တစ်ရုပ်လို ထိုနေရာမှာ ရပ်မိနေဆဲပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မင်းသစ္စာ။

အိပ်ရာထဲမှာပေမယ့် ဖုန်းကလက်ထဲမှာပါ။ သူ ချီတုံချတုံ ဖြစ်နေတာလေ။ ညတိုင်းဆို 'မ' ပြန်မပို့လည်း သူက မက်ဆေ့ချ်တွေ ပို့နေကျပါ။ အခု 'မ' က –

"မင်း နောက်ထပ်ငါ့ဖုန်းကို ဘယ်တော့မှ မက်ဆေ့ချ်မပို့ပါနဲ့"

တဲ့။

ဘယ်လိုလုပ်ရမလဲ။ သူ 'မ' နဲ့ အဆက်အသွယ်ပြတ်သွားမှာကို ကြောက်သည်။ အမုန်းမခ။ အမုန်းမခက 'မ' ရဲ့ညီမ။ သူတို့နဲ့ သင်တန်းတက်တာအတူတူ။ ဘာပဲဖြစ်ဖြစ် ဒီကောင်မလေးကို ကပ်





ပေါင်းထားရမယ်။ အဆင်ပြေတာ မပြေတာတော့ ကိုယ့်ရဲ့ကုသိုလ်ကံ ပဲပေါ့။

ဖြစ်နိုင်ရင် 'မ' ဆီကို ဖုန်းတောင်ဆက်ချင်တာ။

'မ' အသံလေးကိုကြားချင်လိုက်တာ။ ကိုယ်ထိသမျှ ကိုင်သမျှက 'မ' ဖြစ်နေရင် ဘယ်လောက်များကောင်းလိုက်ပါမလဲ 'မ' ရယ်။ မြင်ကတတ်ညီးက ရင်ထဲမှာစွဲလမ်းရသူပါ ဆိုတာမျိုးပေါ့။ ကျွန်တော့်ရောဂါစနေပြီ။ 'မ' ရောဂါပေါ့။ ဒီရောဂါက 'မ' ကမှပျောက်မှာ။

ကုစားပေးလှည့်ပါ 'မ' ရယ်။

ဟုတ်တယ် အမုန့်မခနဲ့ ရင်းနှီးအောင်လုပ်ရမယ်။ ဒါမှ 'မ' ဘာတွေလုပ်တယ်၊ ဘာတွေကြိုက်တတ်တယ်ဆိုတာကို သိရမှာပေါ့။ 'မ' ကို ကျွန်တော်အရမ်းချစ်တယ် 'မ' ရယ်။

"သား"

"-----"

"သား"

"ဒေါက် ဒေါက်"

"သား"



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကနေ တံခါးခေါက်ပြီးခေါ်တာ ဖေဖေ့အသံမို့ မင်းသစ္စာ ခေါင်းထောင်၍ကြည့်လိုက်သည်။ ပြီးတော့ ပြန်လှဲချလိုက်၏။

"ဒေါက် ဒေါက်"

"သား အိပ်နေပြီလား။ ဖေဖေခေါ်နေတာ ကြားလားသား"

ဦးကောင်းသစ္စာ အထဲက ဘာတုံ့ပြန်သံမှ မကြားရသဖြင့် တံခါးကိုတွန်းကြည့်လိုက်တော့ ချပ်ခနဲပွင့်သွားသဖြင့် သားအခန်းထဲသို့ ဝင်လာခဲ့တော့သည်။ သားအနားရောက်တော့ သားက အိပ်မနေဘူး လေ။ သူ့ကိုကြည့်နေတာမို့ ပြုံးလိုက်မိပြီး –

"တော်တော်ဆိုးတဲ့ကလေးပါလား။ အိပ်မပျော်ပဲနဲ့ ဖအေ ခေါ်တာကို မထူးဘဲ ငြိမ်နေတယ်"

"ဖေဖေ သားကိုပြောစရာရှိလို့လား"

"သားအဖချင်းတွေ့ချင်လို့လာတာ ပြောစရာရှိမှလားကွ။ သားမျက်နှာကိုမြင်ချင်လို့ သားနဲ့ စကားတွေပြောချင်လို့ လာတာလေ။ ဒီအိမ်မှာ သွေးအရင်းအချာဆိုလို့ ဒီအဖေနဲ့ ဒီသားပဲရှိတဲ့ဥစ္စာ"

"ဟုတ်ပါပြီ"

ပြောရင်း မင်းသစ္စာ ထထိုင်လိုက်လေသည်။ ဖုန်းကိုလည်း ခေါင်းအုံးပေါ်တင်ထားလိုက်၏။





"ကဲ . . . ဖေဖေ့ကိုပြောပါဦး။ သား ဘာဖြစ်နေတာလဲ"

"ဗျာ"

ပြောလေဆိုသောသဘောနှင့် မေးဆတ်ပြလေလျှင် –

"ဘာမှမဖြစ်ပါဘူး"

"မညာပါနဲ့ သားရယ်။ ဖေဖေက ဒီသားမျက်နှာကိုပဲ အရိပ်လို ကြည့်နေတဲ့ကောင်ပါ။ ဒီရက်ပိုင်းမှာ သား ဘာဖြစ်နေလဲ၊ ခါတိုင်း ဆို မအိပ်ခင် ဖေဖေနဲ့စကားထိုင်ပြောနေကျပါ။ အခုရက်ထဲမှာ သား အိပ်ရာဝင်တာစောပြီး အိပ်တာလည်း မဟုတ်ဘဲနဲ့"

"တကယ် ဘာမှမဖြစ်ပါဘူးဆို ဖေဖေရာ၊ အိပ်ရာစောစော ဝင်ပြီး မအိပ်သေးတာ သား ဂိမ်းဆော့နေလို့ပါ"

"စီအိုစီလား သား"

"မဟုတ်ပါဘူး"

ဦးကောင်းသစ္စာ ခေါင်းညိတ်လိုက်ပြီး –

"ဆော့တော့လည်း ဆော့တာပေါ့။ အမှန်ပြောရရင် ဂိမ်း ဆော့တာကို ဖေဖေမကြိုက်ဘူးသား။ ဖုန်းဆိုတာ သုံးတတ်ရင် ဆေး မသုံးတတ်ရင် ဘေးရောက်စေတယ်။ ဖေဖေက သားကို အကျိုးရှိရှိပဲ အသုံးချစေချင်တာ။ လူကိုယ်တိုင် ကမ္ဘာမပတ်နိုင်ပေမယ့် ဖုန်းတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကမ္ဘာပတ်လို့ ရတာလည်း ဖေဖေ သိတယ်။ ဒါပေမဲ့"

စကားစကိုဖြတ်ထားတော့ မင်းသစ္စာ ဖေဖေ့ကို ခပ်တွေတွေ ကြည့်လိုက်မိသည်။ ဖေဖေ ဘာကိုဆိုလိုချင်လဲ သူသိတာပေါ့။ ဖေဖေ ကိုယ်တိုင်လည်း သုံးနေတာပဲ ဥစ္စာ။

"ဖေဖေလည်း သုံးပါတယ်။ သတင်းတွေကြည့်၊ ဗဟုသုတ ရစေမယ့် စာတွေဖတ်ပေါ့။ ဒါပေမဲ့ မိသားစုတစ်စုရဲ့ နွေးထွေးကြင်နာ မှုတွေကို နုတ်ယူသွားလောက်တဲ့အထိသုံးတာမျိုးတော့ ဖေဖေ မကြိုက် ဘူး သား"

"စိတ်ချပါ ဖေဖေ။ သား အဆိုးနဲ့အကောင်းကို ခွဲခြားဝေဖန် တတ်ပါတယ်"

ဒါကိုတော့ ဦးကောင်းသစ္စာ ယုံပါသည်။ သားက ခပ်ဆိုးဆိုး၊ ခပ်ပေပေ သားမျိုးမှမဟုတ်တာ။ မဟုတ်မခံရှိတတ်တာလေးကြောင့်ပဲ အချို့က ဂျစ်ကန်ကန် ကြွပ်ဆတ်ဆတ်ကလေးလို့ သမုတ်ကြတာလေ။ ရန်ဖြစ်တာတွေရှိခဲ့တိုင်းလည်း သူ့ အမှန်ချည်းပဲ မဟုတ်ပေမယ့်။

သူမှားတာက ခပ်နည်းနည်းရယ်ပါ။

"ဖေဖေက သားကိုမယုံလို့ ပြောနေတာမဟုတ်ဘူးနော်သား။ ဖုန်းကြောင့် သား ဖေဖေ့အပေါ်မှာ ဆက်ဆံရေးကျဲသွားတာမျိုး ဖြစ်မှာ





စိုးလို့ပါ"

ဘာထူးသေးလဲ။ မယုံလို့မဟုတ်ဘူးဆိုပေမယ့် မယုံလို့ဘဲ ဒီစကားမျိုးတွေ ပြောနေတာပဲပေါ့။ ဖေဖေနဲ့သူကြား ဆက်ဆံရေး ကျဲသွားတာမျိုး ဒီသူ့အဖြစ်မခံပါဘူးလေ။ ဖေဖေ့ကိုချစ်တာကသတ် သတ် 'မ' ကို စွဲလမ်းမိတာက သတ်သတ်ပဲဥစ္စာ။

"ဆက်ဆံရေးမကျဲပါဘူး ဖေဖေ။ ဖေဖေနဲ့သား ထာဝရ နွေးထွေးသွားမှာပါ"

"ကဲ ... ဒါဆို ဖေဖေသွားတော့မယ်။ စောစောလည်း အိပ်ဦးနော် သား"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဖခင် သူ့အခန်းထဲကနေ ပြန်ထွက်သွားတာနှင့် မင်းသစ္စာ ဖုန်းကို ပြန်ကောက်ကိုင်လိုက်သည်။ ဖြစ်ချင်ရာဖြစ် ပြင်းပြနေတဲ့ဆန္ဒ အတိုင်း 'မ' ဆီကို မက်ဆေ့ချ်ပို့ရမည်။ ခါတိုင်းလည်း 'မ' ဘက်က စာပြန်ပို့တာမှမဟုတ်ဘဲ။ 'မ' စကားကို နားထောင်ချင်ပေမယ့် ကိုယ့်စိတ်ကိုယ်လည်း ကိုယ်မနိုင်။

ဒီတော့ -

ကျွန်တော့်ရဲ့စာလေးကို ဖတ်ပေးတယ်ဆိုရင်ပဲ ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ် 'မ' ရယ်။

''မ ကျွန်တော့်ကိုခွင့်လွှတ်ပါ 'မ'။ 'မ' ရဲ့ဖုန်းနံပါတ်ကို လိမ်ညာပြီးယူမိတဲ့အတွက်ပေါ့လေ။ မြင်မြင်ချင်းချစ်၊ တန်းတန်းစွဲဖြစ်တယ်ဆိုတဲ့စကားကို ကျွန်တော်တော့ ယုံကြည်သွားပါပြီ။ 'မ' နဲ့ တစ်ခါဆုံဖူးကတည်းက ကျွန်တော် ဘာဖြစ်သွားမှန်းမသိဘူး။ ကိုယ့်ကိုယ်ကိုယ်တောင် မဝေဖန်တတ်တော့အောင်ပဲ၊ 'မ' ကို မမေ့လို့မရဘူး။ 'မ' ကို အရမ်းသတိရနေမိတယ်ဗျာ''

ကိုယ်ရေးချင်တာရေးပြီး မင်းသစ္စာ ဖုန်းကို ခေါင်းအုံးပေါ်တင်ထားလိုက်မိသည့်တွင် မက်ဆေ့ချ်ဝင်သံကြားရသဖြင့် ယူကြည့်လိုက်တော့ –

''မင်း လူလိုပြောခဲ့တာကို လူလိုနားမလည်ဘူးလား။ နောက်ငါ့ဖုန်းကို မက်ဆေ့ချ်ထပ်မပို့ပါနဲ့''

''ဟား မရယ်''

✱



## အခန်း (၉)

''မုန်း''

ကိုဇေယျရဲ့ တိုးလျှလျှခေါ်သံကြောင့် ဖန်ခွက်ထဲက ဒိုမိနိုကို မွှေရင်း မုန်း မျက်လွှာပင့်ကြည့်လိုက်လေသည်။ သူ့မျက်နှာက သကာရည်လိမ်းထားပေမယ့် မုန်းကတော့ ခပ်တည်တည်ပါ။ ယောကျ်ားတွေနဲ့ စီးပွားရေးအရ ရင်းနှီးပတ်သက်ရပေမယ့် မုန်းစိတ်က အဲဒီယောကျ်ားတွေကိုပဲ အကောင်းမမြင်နိုင်၊ စိတ်နာမုန်းတီးနေခဲ့တာသည် ...

သူမရဲ့အတိတ်ကခြေရာတွေကြောင့်ပါ။ အတိတ်ကိုမေ့ပစ်ချင်ပေမယ့် အဲဒီအတိတ်ဆိုးတွေကိုပဲ ခဏခဏ အိပ်မက်ပြီး အရိုပ်လို



www.burmeseclassic.com

www.burmeseclassic.com



ကပ်ပါနေတာ ဘယ်လိုလုပ်ရမလဲ။ ကိုယ်ကထွက်တဲ့ ချွေးနံ့လို ရေချိုးပြီး သန့်စင်ပစ်လို့လည်းမရဘူးလေ။

"မုန်းကို ကိုယ်ပြောစရာရှိတယ်"

"ရှင်က ပြောစရာရှိတယ်ဆိုလို့ ကျွန်မ လိုက်လာခဲ့ပြီးပြီ။ ရှင်ပြောစရာရှိတာကိုပဲ ပြောပါ။ စကားပလ္လင်ခံတာ ကျွန်မ မကြိုက်ဘူး"

"ဟို ကိုယ်ပြောရင် မုန်း စိတ်ဆိုးမှာစိုးလို့ပါ"

မုန်း ကိုဇေယျကို ခပ်စူးစူးကြည့်လိုက်မိသည်။ စိတ်ဆိုးမှာစိုးလို့ဆိုတော့ သူပြောမယ့်စကားက ဘာဖြစ်နိုင်မလဲဆိုတာ မေးကြည့်စရာမလိုဘဲ တွေးကြည့်ရုံနှင့် သိနိုင်ပါသည်။ ဒါပေမဲ့ –

"ကျွန်မက စိတ်ဆိုးမယ်ဆိုရင် ရှင်မပြောတော့မှာ သေချာလား"

"ဟင်"

မုန်းကစကားပြောရင် အဲဒီလို ကတ်ဖိုးကတ်ဖဲ့ပါ။ ဒါပေမဲ့ ကိုဇေယျက အပြုံးမပျက်ဘဲ –

"မုန်း စိတ်ဆိုးမယ်ဆိုလည်း မတတ်နိုင်ဘူးလေ။ ကိုယ်ကတော့ ပြောရမှာပဲ"





"–––––"

"ကိုယ် မုန်းကိုလက်ထပ်ချင်တယ်"

မုန်း ခါးလေး မတ်သွားလေသည်။ ဒီစကားပြောမယ်ဆိုတာ ထင်သားပဲ။ စပြောတုန်းကတော့ အလုပ်ကိစ္စဆွေးနွေးစရာရှိလို့ လိုလို ဘာလိုလိုနဲ့ မုန်းလိုက်လာခဲ့တာပါ။

"ကိုယ် မုန်းကိုချစ်တယ်"

"ဒီမှာ ကိုဇေယျ"

"မုန်း ဘာပြောမလဲ ပြောပါ"

"ရှင် ကျွန်မကိုပြောစရာရှိတယ်ဆိုတာ အလုပ်ကိစ္စ ဆွေးနွေးဖို့မဟုတ်ဘူးလား။ ကျွန်မက အလုပ်ကိစ္စ ဆွေးနွေးဖို့ထင်ပြီး လိုက်လာခဲ့တာ"

"မုန်းရယ်၊ မုန်းကို ကိုယ်က ရည်းစားစကားပြောမလို့ လိုက်ခဲ့ပါဆိုရင် မုန်းကလိုက်မှာမှ မဟုတ်တာ။ ကိုယ် မုန်းကို တကယ် မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့တာပါ။ ဒါကြောင့် လက်ထပ်ခွင့်တောင်းတာပေါ့"

ဒိုမိနိုက မုန်းပါးစပ်ထဲမှာ အရသာမရှိတော့ပေ။ ဒါကြောင့် မုန်း ဖန်ခွက်ကို ရှေ့သို့တွန်းပစ်လိုက်ပြီး –

"ကျွန်မ ဘယ်အချိန်ကို အမုန်းဆုံးလဲ ရှင်သိသလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး"

"မသိရင်မှတ်ထား။ ကျွန်မအမုန်းဆုံးအချိန်က ယောကျ်ားတစ်ယောက်ရဲ့ နှုတ်က ကျွန်မကိုချစ်ပါတယ်လို့ပြောတဲ့အချိန်ပဲ"

ကိုဇေယျ ပါးစပ်အဟောင်းသားဖြစ်သွားပြီးမှ –

"မုန်းက တစ်မျိုးပါလား။ တကယ်ဆို ကိုယ့်ကိုချစ်ယ်လို့ပြောတာ ကျေနပ်စရာပဲလေ။ မုန်းက ပြန်ချစ်နိုင်တာ မချစ်နိုင်တာထား မုန်းကို ချစ်တဲ့သူတွေရှိတာ မင်္ဂလာပဲဥစ္စာ။ မုန်းတယ်လို့ပြောတာမှ မဟုတ်တာ မုန်းရဲ့"

"ဖြစ်နိုင်ရင် ကျွန်မက တစ်လောကလုံးက ယောကျ်ားတွေအားလုံး ကျွန်မကို မုန်းနေစေချင်တာ။ ကျွန်မလည်း ဘယ်ယောကျ်ားကိုမှ မချစ်ဘူး"

"မုန်းရယ်"

နှုတ်မြောတသပုံစံနှင့် ကိုဇေယျ ညည်းတွားပေမယ့် မုန်းကတော့ ဖြစ်နိုင်ရင် လောကကြီးမှာ မိန်းမတွေချည်းပဲ ရှင်သန်စေချင်တာ။ ယောကျ်ားနဲ့မိန်းမ ဒွန်တွဲပြီး လူဖြစ်လာကြလို့ အချစ်ဆိုတာကြီး ထွန်းကားလာတာပေါ့။ အဲဒီအချစ်ဆိုတာကိုပဲ မုန်းက မုန်းတာ။

အဲဒီအချစ်ကြောင့် –





တွေးမိတိုင်း ရင်ထဲမှာ တဆစ်ဆစ်နာကျင်ရသည်။ အရင်က ချစ်တတ်ခဲ့ပါတယ်။ အခုက မုန်းတတ်ရမယ့်အလှည့်မို့ ခါးနေအောင် မုန်းတာ မဆန်းပါဘူး။

"ကိုဇေယျ ကျွန်မကို ဘယ်တော့မှ မမျှော်လင့်ပါနဲ့။ ကျွန်မရင်ထဲမှာ ပေးစရာအချစ်မရှိဘူး။ အလုပ်ကိစ္စပြောစရာမရှိဘူးဆိုရင် ကျွန်မသွားတော့မယ်"

လျှင်လိုက်တဲ့မုန်း။ ကိုဇေယျ ဘာမှပြန်မပြောဖြစ်ခင်မှာပဲ ထသွားလေတော့သည်။ အချစ်ကြီးလို့ အမျက်ကြီးခဲ့တဲ့ မိန်းမ၊ ချစ်တယ်ဆိုတဲ့စကားကြောင့် ရင်ကွဲခဲ့ရလို့ ချစ်တယ်လို့ ပြောတဲ့ ပါးစပ်တွေကို မုန်းတာ တရားပါသည်လေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"အမုန်းမခ"

"____"

"အမုန်းမခ"

ကိုယ့်နာမည်ကိုခေါ်တာကြောင့် မခ ထိုင်နေရာမှ မော့ကြည့်လိုက်တော့ မင်းသစ္စာဆိုတဲ့လူပါ။

"ဟဲ ဟဲ"

မျက်နှာချိုသွေးသလို ရယ်ပြလေတော့ –

"ဘာ ... ဟဲ ဟဲ လဲ"

"ရယ်တာလေ"





"ရယ်မှန်းတော့ သိတာပေါ့။ ရယ်စရာဘာရှိလို့ ဘာကိုရယ်တာလဲလို့မေးတာ"

ရယ်တာကိုပဲ ရယ်ရတဲ့အကြောင်းရင်းကိုမေးတော့ မင်းသစ္စာခေါင်းတိုကုတ်လိုက်မိသည်။ အကြောင်းပြချက်မရှိရင် မရယ်ရဘူးတဲ့လား။ အနားမှာလည်း ဘယ်သူငယ်ချင်းမှ မရှိသေးပေ။ ကောင်မလေးနဲ့သူ နှစ်ယောက်တည်းဆိုတော့ စလို့နောက်လို့လည်း မဖြစ်ပါဘူး။

မခက သူငယ်ချင်းတွေရောက်မလာသေးလို့ စောင့်နေတာဖြစ်ပြီး မင်းသစ္စာကတော့ မခကိုတွေ့ချင်လို့ တမင်လိုက်ရှာတဲ့သူ။

"နင်ကလည်းဟာ။ သူငယ်ချင်းအချင်းချင်း ငါက ရယ်ပြပြီး နှုတ်မဆက်လို့ ငိုပြပြီး နှုတ်ဆက်ရမှာလား"

"ဘာ သူငယ်ချင်း ဟုတ်လား"

"ဟုတ်တယ်လေ"

"နေစမ်းပါဦး ... နင်နဲ့ငါ ဘယ်တုန်းက သူငယ်ချင်းဖြစ်ဖူးလို့လဲ"

"အောဟဲ၊ နင် အခုပဲ ငါ့ကိုစကားပြောတာ နင်တွေ ငါတွေသုံးနေတယ်လေ။ နင်ရယ် ငါရယ်သုံးတာ သူငယ်ချင်းတွေမှလေ။ အဲဒီလိုသုံးလိုက်ပြီဆိုကတည်းက တို့တွေ သူငယ်ချင်းဆိုတာကို နင်အသိ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ပြုလိုက်တာပဲပေါ့။ နင်ကလည်းဟာ သင်တန်းတစ်ခုတည်းမှာ အတူတူတက်ကြတာ သူစိမ်းမဆန်စမ်းပါနဲ့"

မခ မျက်စောင်းထိုးပြီး နှုတ်ခမ်းလေးကိုလည်း မဲ့ပစ်လိုက်၏။ သူပြောတာလည်း ဟုတ်တော့ဟုတ်ပါတယ်။ ဒီမျက်နှာတွေက မကြည့်ချင် မြင်လျက်သားဖြစ်နေတာ မဟုတ်လား။ ဆုံလိုက်ကြတိုင်း တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ရွဲ့လိုက်စောင်းလိုက် မထိမခိုက်စကြတာတွေ။

ဒါ ...

အတူသွားအတူလာသူငယ်ချင်းတွေ မဟုတ်ပေမယ့် သူငယ်ချင်းတို့ရဲ့ အမှတ်တံဆိပ်တွေပါ။

"ထားပါတော့၊ နင်က သူငယ်ချင်းဖြစ်ချင်တယ်ဆိုတော့လည်း လက်ခံရမှာပေါ့"

"အဲဒီလိုလုပ်စမ်းပါဟ"

ပြောပြီး မင်းသစ္စာ မခဘေးမှာ ပူးပူးကပ်ကပ် ဝင်ထိုင်လေလျှင် မခက နည်းနည်းရွှေ့လိုက်တော့ –

"ကြီးကျယ်မနေနဲ့ မရွှေချော။ နင့်အသားနဲ့ငါ့အသားထိတော့ ဘာဖြစ်သွားမှာမို့လို့လဲ။ အသားချင်းအတူတူပဲဥစ္စာ။ စိတ်ထဲမှာ သွေးသားအရင်းအချာလို့မှတ်လိုက်၊ ဘာမှ ဖြစ်စရာအကြောင်းမရှိဘူး"





မခ သူ့ကို ခပ်တွေတွေလေး ကြည့်လိုက်မိသည်။ သူပြောတာတွေက ဟုတ်တာချည်းပါပဲ။ ကိုယ့်စိတ်ကသန့်ရှင်းရင် ပြီးတာပဲလေ။ သူငယ်ချင်းလို့လက်ခံပြီးမှတော့ ရင်းရင်းနှီးနှီးပဲပေါ့။ မခ တစ်ခု စဉ်းစားမိသေးတာက မကြီးနဲ့မင်းသစ္စာရဲ့ ပတ်သက်မှု။ မခမသိတဲ့အရပ်မှာ သူတို့ ဘယ်လိုပတ်သက်ခဲ့ကြသလဲ။

မင်းသစ္စာကတော့ မကြီးကို တော်တော်စိတ်ဝင်စားနေတဲ့ပုံပါ။ မခရိပ်မိသည်လေ။ မကြီးကတော့ မခသိထားတဲ့အတိုင်းပဲ မင်းသစ္စာကို ဖုတ်လေသည့်ငါးပိ ရှိတယ်လို့ပင် မမှတ်ပေ။ မခကတော့ မကြီးကို တကယ်မြတ်နိုးပြီး သည်းခံနိုင်မည့်လူဆို ဘယ်သူနဲ့ပဲ ဖြစ်ဖြစ် သဘောတူမှာပါ။

"အေးပါ၊ နင်ပြောသလိုပဲ ငါ့စိတ်ထဲမှာ မှတ်လိုက်မယ်။ သူငယ်ချင်းတိုးလာတာ ကောင်းတာပေါ့"

"သူငယ်ချင်းဖြစ်တဲ့ အထိမ်းအမှတ်နဲ့ တို့တွေ လူစုံရင် တစ်ခုခု သွားစားကြမယ်လေ။ ငါ ဒကာခံမှာပါ"

"တကယ်ပြောတာလား"

"ငါ့ရုပ်က လူလိမ်ရုပ်ပေါက်နေလို့လား"

"အဟဲ ကျွေးမယ်ဆိုစားမှာပေါ့။ အစာကြေဆေး၊ အဆစ်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးရင် ပိုတောင်ကောင်းသေး''

''ဟွန်း . . . တော်တော်ငြင်းရှာတာပဲ။ ရုပ်ကိုက ဝေါ်ကြီးကျ နေတဲ့ရုမ်နဲ့''

''နှင်နော်''

''မဟုတ်လို့လား''

''အပြီး''

ရယ်ပြတဲ့ပုံက ဟုတ်တယ်လို့ ဝန်ခံလိုက်သလိုပါ။ တကယ့် ကလေးပေါက်စလေးအတိုင်းပါပဲ။ အစကတော့ 'မ' နဲ့ ပတ်သက်ပြီး မခကို အရောဝင်ချင်တာပေမယ့် အခုကျတော့ စိတ်ထဲမှာ မခကို တကယ်ကိုခင်မိသွားပါပြီ။ ဘယ်သူနဲ့မှ မဆိုင်တဲ့ ခင်မင်မှုမျိုးနဲ့ပေါ့။

''မင်းသစ္စာ''

''ဟုင်''

''နှင့်အကြောင်း ငါသိတယ်နော်''

''ဘာကိုလဲ''

''နှင် ငါ့ကို ဘာကြောင့်ခင်တယ်ဆိုတာကိုပေါ့။ နှင် ငါ့မကြီး ကို ကြွေနေတာမဟုတ်လား။ အဲဒါကြောင့် ငါ့ကိုကပ်ဖားနေတာ ဟုတ်တယ်ဟုတ်''





လက်ညှိုးလေးထိုးမေးတော့ မင်းသစ္စာ ရှက်ရယ်ရယ်လိုက် ကာ –

''နှင် ဗေဒင်ဟောစားဖို့ကောင်းတယ်။ ဒါပေမဲ့ ငါ 'မ' ကို တကယ်မြတ်မြတ်နိုးနိုးနဲ့''

''ဟိတ်''

''ဝါး''

''ဟင်''

နှစ်ယောက်စလုံး လှည့်ကြည့်လိုက်တော့ လေးနဲ့ခိုင်ဇင်ပါ။

''တို့လာတာကိုတောင် သတိမထားမိရအောင် နှင်တို့နှစ် ယောက် ဘာတွေပြောနေကြတာလဲ၊ ပြောစမ်း''

''တို့သူငယ်ချင်းဖြစ်သွားကြပြီလေ။ အဲဒါကြောင့် မင်းသစ္စာ က ဒီနေ့ ဒကာခံမယ်တဲ့''

''ဟယ် . . . တကယ်''

''တကယ်ပေါ့ဟ''

မင်းသစ္စာက ထောက်ခံလေတော့ –

''ဟား . . . ဆွဲရသေးတာပေါ့''

''ဟေ့ကောင် မင်းသစ္စာ''



www.burmeseclassic.com

www.burmeseclassic.com



"ရှာလိုက်ရတာကွာ၊ မင်းက ဒီမှာလာပြီး အကြည်ဆိုက်နေတာကိုး"

"ဟာ ... ဟုတ်ကောင်"

ကိုယ့်သူငယ်ချင်းတွေက ပြောရင် အဲဒီလို။ စတာ နောက်တာ တစ်ဖက်ကို အားနာရကောင်းမှန်းမသိဘူးလေ။ သာဦးမောင်က–

"မင်းသစ္စာကတော့ကွာ၊ လင်ဆိုရင် လင်ပန်းတောင် မရှက်ဘူး။ ကျွန်မကို စစ်တပ်ထဲလိုက်ပို့ပါဆိုတာမျိုး ဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ"

"မင်းပဲပြောတာလေ။ မိန်းကလေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် ပတ်ပတ်သက်သက် မနေချင်ဘူးဆို။ အခုတွေ့လိုက်ရတာ မိန်းကလေးတွေကြားမှာ။ ကမ္ဘာ့အံ့ဖွယ်လို့ ပြောရမလိုပဲ"

ပြောစရာဖြစ်နေတော့ ပြောပြီပေါ့လေ၊ ပြောကြပါစေတော့၊ ကိုယ်က ပတ်သက်မိနေပြီကိုး။ မိန်းကလေးတွေ ချွဲတာ၊ နွဲ့တာကို အမြင်ကတ်တဲ့ မင်းသစ္စာ။ အမြဲတမ်း မျက်နှာထားတင်းနေတဲ့ 'မ' ကို ချစ်မိတော့ ဒီမိန်းကလေးတွေနဲ့ ပတ်သက်ရပြီပေါ့။ ပတ်သက်ကြည့်တော့လည်း သူတို့လေးတွေက မဆိုးဘူးထင်ပါရဲ့။

"အပိုတွေမပြောနဲ့၊ အခု တို့ တစ်ခုခုသွားစားကြမယ်။ မင်းတို့





လိုက်မှာလား မလိုက်ဘူးလား။ ဒါပဲပြော"

"မလိုက်ချင်လည်း အတင်းမခေါ်ဘူးနော်။ ဒီနေ့ အားလုံးကို မင်းသစ္စာ ဒကာခံမှာ"

မခနှပြောလိုက်တော့ ဖွဲ့ဟန်က ပျာပျာသလဲနှင့် –

"ဟာလိုက်မှာပေါ့။ သူများဒကာခံလို့မှမလိုက် လူမိုက်ဖြစ်သွားမှာပေါ့"

"ဒါမျိုးကျ ဒီပါးစပ်ကြီးကပြောတတ်လိုက်တာ"

ညီလင်းထက်က အံကြိတ်သံနှင့်ပြောလေသည်။

"ကဲ ... လိုက်မယ်ဆို သွားကြမယ်"

မင်းသစ္စာ ထရပ်လိုက်တာနှင့် –

"Let's go"

တစ်ယောက်နှင့်တစ်ယောက် လက်ဝါးချင်းရိုက်ကြလေ မခက နှုတ်ခမ်းလေးစူပြီး –

"သိပ်လည်းပျော်မနေကြနဲ့ဦး။ သူကျွေးတာကိုစားရဖို့ ငါက ဘာရင်းရမှာလဲ နင်တို့သိလား"

"ဟမ် ... ဘာလဲ"

"သူက ငါ့အစ်မကိုကြိုက်လို့ ငါ့ကို ကပ်ဖားနေတာသိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"ဟော ဟုတ်လား"

အားလုံး၏အကြည့်က မင်းသစ္စာဆီသို့ရောက်သွားကြလေသည်။ မခကတော့ နှုတ်ခမ်းလေးမဲ့လို့ပါပဲ။ ဟုတ်တာပေါ့။ မခရဲ့အစ်မကို မင်းသစ္စာ ကျွန်တော့်ကိုမှတ်မိလားလို့ လိုက်မေးတာ အားလုံးသိနေတာပဲဥစ္စာ။ ဒါ တော်ရုံစိတ်ဝင်စားမှုမျိုးမှ မဟုတ်ပဲလေ။

"အေး ဟုတ်မယ်ဟ"

ဖွဲ့ဟန်ကပြောလေလျှင် –

"ဟုတ်မနေနဲ့၊ စားစရာရှိတာကို အေးအေးဆေးဆေး လိုက်စား"

"အေးပါ ...အေးအေးဆေးဆေး လိုက်စားမှာပါ။ တို့ ဘယ်သူမှ လုမစားပါဘူး"

ဖွဲ့ဟန်ကို မကြည်ကြည့်နှင့်ကြည့်ပြီးမှ မင်းသစ္စာထွက်သွားလေတော့သည်။ ဟုတ်နေတာကို မဟုတ်ဘူးလို့မှ ပြောင်မလိမ်ချင်တော့။ အဲဒီတော့ ပြောချင်တာပြောကြပါစေတော့။

❋



## အခန်း (၁၁)

မုန်း အခုထိ စဉ်းစားလို့ မရပေ။ မခမွေးနေ့ကနီးလာပြီလေ။ အခုထိ မွေးနေ့လက်ဆောင် ဘာပေးရမှန်းမသိသေးပါဘူး။ နှစ်တိုင်းဆို မခက သူလိုချင်တာကို ကြိုပြောပြနေကျမို့ ဒီလို စဉ်းစားနေစရာမလိုပေ။ သူ ပူဆာတာကို ဝယ်ပေးလိုက်ရုံပါပဲ။ ဒီနှစ် အခုထိ ဘာမှမပူဆာသေးတော့ –

သူ မွေးနေ့ကိုမေ့နေတာများလား။

မုန်းကတော့ သူမေ့နေလည်း လက်ဆောင်တစ်ခုပေးနေကျမို့ အနားနီးမှ အံ့ဩသွားအောင်ပေးမယ်ဟု သတိမပေးပေ။ အခုစဉ်တာထဲကိုသာ ရောက်လာတယ် ဘာဝယ်ရမှန်းမသိသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



“မေကြည်”

“ဟင်”

“ငါ ဘာဝယ်ရင်ကောင်းမလဲ။ အကြံလေးဘာလေး ပေးပါဦး ဟဲ့။ ခုမှ မပြောရတဲ့ နုတ်ကတော်ကျနေတာပဲ။ စကားမပြော ဘာမပြောနဲ့။ ပြောပြီဆိုတော့ ရေပက်လို့မဝင်အောင်ပဲ”

“အေးလေ၊ နင်ပဲ ငါ့ကို စကားများတယ်ဆိုလို့ ပါးစပ်ပိတ်ပြီးလိုက်တာလေ”

မုန်း မျက်စောင်းထိုးပစ်လိုက်၏။

“ကဲ . . . ပြောဖို့ ငါခွင့်ပြုတယ်။ ပြောပါဦး။ ငါ ဘာဝယ်ရင်ကောင်းမလဲ”

“လျှောက်ကြည့်၊ ကြိုက်တာတွေ့ရင်ဝယ်လိုက်”

“သြော် တော်တော်အကြံပေးကောင်းတာပဲ”

ပြောရင်း စိန်ဆိုင်ထဲသို့ မုန်းဝင်လာခဲ့သည်။ စိန်လက်စွပ်လေးတစ်ကွင်းပဲ ဝယ်လိုက်တော့မယ်လေ။ နှစ်တိုင်း သူ့မွေးဆာတာဝယ်ပေးတာ စိန် မပါ။ အခုတော့ ကိုယ့်စိတ်ကူးနဲ့ကိုယ်ပဲပေါ့။

“ဟင်”

မင်းသစ္စာ ‘မ’ ကို မြင်လိုက်တာနှင့် ခြေလှမ်းက တုံ့ခနဲ





ရပ်သွားလေသည်။ ‘မ’ ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် မင်းသစ္စာ နှလုံးသားက မှတ်မိနေပါသည်။

“မ”

“---”

“မ”

ခေါ်ရင်းနဲ့ အနားကိုရောက်သွားလေတော့ –

“မ”

“ဟင်”

မုန်း လှည့်ကြည့်လိုက်ပြီး မင်းသစ္စာကိုမြင်လေတော့ မျက်နှာတင်းသွားကာ –

“မင်းကိုး”

“ဟုတ်”

“မေကြည်”

“ဟေ”

“လာ . . . သွားရအောင်”

“ဟင် ဘာဖြစ်လို့လဲ ညီမရဲ့။ ပစ္စည်းတွေမကြိုက်လို့လား။ အစ်မတို့ဆိုင်က ပစ္စည်းတွေက အရည်အသွေးကောင်းပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး . . . ကျွန်မ တောင်းပန်ပါတယ် အစ်မ။ အစ်မ ဆိုင်က ပစ္စည်းတွေက အရည်အသွေးကောင်းပါတယ်။ ဒါပေမဲ့ ကျွန်မ ဝယ်ချင်စိတ်မရှိတော့လို့ပါ"

ပြောပြီး မုန်း လှည့်ထွက်ခဲ့လေတော့သည်။ ဆိုင်ရှင်ကို အားနာပေမယ့် မတတ်နိုင်ပါဘူး။ မုန်း ဆက်ရပ်နေရင် ဟိုကောင်လေး မျက်နှာကို မကြည့်ချင်မြင်လျက်သား ဖြစ်နေဦးမှာလေ။ ဘယ်ဘဝက ရေစက်ကြောင့် ဒီလိုလိုက်နှောင့်ယှက်နေတယ် မသိပါဘူး။

"မ"

"____"

"မ"

နောက်ကနေ လိုက်လာပြီး ခေါ်တာမို့ မုန်း မျက်နှာတင်းသည် ထက် ပိုတင်းသွားလေသည်။ ကိုယ့်ဘေးအထိ ရောက်လာပြီး ကပ်ပါ လာပြီဆိုတော့ ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်ကာ –

"ဒီမှာ"

"ငါ ဒီထက်ပိုပြီး မရိုင်းချင်ဘူးနော်။ လူရှေ့သူရှေ့ မင်း အရှက်မကွဲချင်ရင် ငါ့ရှေ့ကထွက်သွား"

" 'မ' ကသွားဆိုရင် ကျွန်တော်သွားပါ့မယ် 'မ'။ ဒါပေမဲ့





ကျွန်တော်ပြောချင်တဲ့စကားကိုတော့ ပြောခွင့်ပြုပါ။ ပြောပြီးတာနဲ့ ကျွန်တော်သွားပါ့မယ်"

"မင်းနဲ့ငါ ပြောစရာစကားရှိရလောက်အောင် မရင်းနှီးဘူး ချာတိတ်။ မင်းနာမည်ကိုတောင် ဘယ်သူ ဘယ်ဝါဆိုတာ မသိဘဲ ငါ လက်ခံစကားပြောဖို့ မလိုဘူး"

"ကျွန်တော့်နာမည် မင်းသစ္စာပါ"

"ဘယ်လို"

"မင်းသစ္စာပါ"

မင်းသစ္စာတဲ့။ ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားရ၏။ သစ္စာ ဆိုတာ လူတိုင်းနဲ့မထိုက်တန်တာမို့ အဲဒီသစ္စာဆိုတာကိုပဲ အရမ်းမုန်း တာ။ ဒီနာမည်ကိုကြားလိုက်ရခြင်းသည် အတိတ်ကအရိပ်ဆိုးတို့ မီး အဖြစ်နဲ့ မုန်းရင်ဘတ်ကို ပြေးဟပ်ပြီး လောင်မြိုက်ခံလိုက်ရသလိုပါပဲ။

မုန်း

လူတစ်ယောက်ကို အရူးအမူးချစ်ခဲ့မိလို့ ဒုက္ခရောက်ခဲ့ပြီးပြီ။ အဲဒီကတည်းက နှလုံးသားသည် သေဆုံးသွားခဲ့ပြီး အချစ်ဆိုတဲ့စကား က နားထဲမှာခါးနေတာ။ မုန်းရင်ထဲမှာ အချစ်မရှိဘူး။ အမုန်းတွေနဲ့ ပြည့်နှက်နေတာမို့ နာမည်ကိုတောင် မုန်းပါအောင်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းခက်ထန်လို့ မာရေကျောရေ ပြောင်းပစ်ခဲ့တာ။ ယယ်ငယ် ရွှယ်ရွှယ် မလည်မဝယ်နဲ့ အချစ်ဆိုတာကို ယုံစားကိုးကွယ်မိလို့ ဘဝ အညွန့်ကျိုးခဲ့တာ။ သေဆုံးနေတဲ့ နှလုံးသားကို နောက်တစ်ဖန် အသက်သွင်းပြီး ပြန်လည်ရှင်သန်ခွင့်မပေးနိုင်ပါဘူး။

"မ"

"_____"

"ဘာဖြစ်လို့လဲဟင် 'မ'။ ကျွန်တော့်ကို ဘာလို့ အဲဒီလောက် ကြည့်နေရတာလဲ"

သူပြောမှပဲ မုန်း မျက်နှာကို ဆတ်ခနဲလွှဲလိုက်ကာ –

"မင်းနာမည်ကို ငါ အရမ်းမုန်းတယ်"

"ဗျာ"

ကိုယ့်နာမည်ကို အရမ်းမုန်းတယ်တဲ့။ ကိုယ့်နာမည်မှာ ဘာ အပြစ်ရှိလို့ ကိုယ့်နာမည်နဲ့တူတဲ့ လူတစ်ယောက်ကို မုန်းခဲ့လို့လား။

"မင်းကိုငါ ထင်ပြီးသတိပေးလိုက်မယ်"

"______"

"ငါနဲ့ပတ်သက်ဖို့ ထပ်မကြိုးစားပါနဲ့"

"အဲဒါတော့ 'မ' ကျွန်တော့်ကို မတားပါနဲ့"





"ဘာ"

"တစ်ဖက်သတ်ရင်ခုန်ခွင့်ရှိတာ ကျွန်တော့်ရဲ့လွတ်လပ်မှု။ 'မ' ဘယ်လိုပဲတုံ့ပြန် တုံ့ပြန်ရတယ်။ ကျွန်တော်ကတော့ 'မ' အချစ်ကို ရမယ်ဆိုရင် ဘယ်နည်းပဲဖြစ်ဖြစ် အသုံးချမှာပဲ"

"တောက်"

ပြောလေကဲလေ မုန်းလေပြီလေ ဖြစ်လာတာမို့ ဒေါသက အရှိန်မထိန်းနိုင်ဘဲ လက်ဖဝါးမှာ အင်အားစုမိကာ –

"ဖြန်း"

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဟာ . . . မကြီးက နင့်ကို ပါးရိုက်လိုက်တယ်၊ ဟုတ်လား"

"နင်ကလည်း ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား မေးနေပြန်ပြီ"

"ဒါဆို မကြီး မတရားဘူး။ ငါပြောကိုပြောရမယ်"

"ဟာ . . . မပြောပါနဲ့ဟာ။ တော်ကြာ နင်ပြောမှ ပိုဆိုးနေပါဦးမယ်"

မခုက အသည်းနုသူပီပီ မင်းသစ္စာကိုကြည့်ပြီး သနားနေသည်။ ယောကျ်ားတွေနဲ့ အချစ်ကိစ္စဆိုတာမျိုး ပတ်သက်လာရင် မကြီးက ကျားတစ်ကောင်၊ ဘီလူးတစ်ကောင်လို ကြမ်းတမ်းခက်ထန်





သူ။ နာမည်ကိုက မုန်းခက်ထန်ပဲလေ။

"မင်းသစ္စာ"

"———"

"တော်တော်နာလား"

ညီလင်းထက်က မေးလေတော့ –

"မင်း အရိုက်ခံကြည့်ပါလား"

"မသိဘူးလေ၊ ပန်းနဲ့ပေါက်တယ်ထင်သလားလို့၊ ဒါ အရင်းအနှီးလို့ သဘောထားလိုက်စမ်းပါ သူငယ်ချင်းရာ။ မင်း သူ့ကိုတကယ် ချစ်တယ်ဆိုရင် ဒီထက်ပိုပြီး ရင်းနှီးသင့် ရင်းနှီးရမှာပဲ"

"အခု ငါက ဘာပြောနေလို့လဲ"

"နာတယ်ဆို"

"ပြောမိလို့လား"

"ဟင်"

ကိုယ်ပြောမိတာပဲ မှားပါတယ်ဟု ညီလင်းထက် နှုတ်ခမ်းကို မဲ့ရင်း ပခုံးတွန့်လေသည်။ မင်းသစ္စာဆိုတဲ့ကောင်ကလည်း 'မ'ကသာ ရက်စက်မယ်ဆိုရင် ပန်းနဲ့ပေါက်တယ် သဘောထားရုံမကလို့ ဓားနဲ့ ထိုးမယ်ဆိုရင်တောင် ရင်ကော့ပေးမယ့်ကောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်ကိုပဲ ချစ်မိသွားတယ်ဆိုတာ တကယ်။ သူများတွေအချစ်ကြီးလို့ အမျက်ကြီးတာ ကတ်ကြေးနဲ့တောင် ထိုးသတဲ့။ မင်းသစ္စာကတော့ ကိုယ်သာသေချင်သေ အနစ်နာခံမယ် 'မ' ကို သွားကြားထိုးတံနဲ့တောင် မထိုးရက်ပေ။

"ဟဲ့"

"____"

"မင်းသစ္စာ"

"ဘာလဲဟ"

"ငါ့မွေးနေ့နီးလာပြီဟဲ့၊ သိလား"

"ဘာလဲ မွေးနေ့လက်ဆောင်တောင်းမလို့လား"

"နင်နော် ငါ့စေတနာကို မစော်ကားနဲ့၊ ငါက နင်တို့ အိမ်ကို ဝင်လို့ထွက်လို့ရအောင် ကြံပေးမလို့ဟာ၊ တော်ပြီ မပြောတော့ဘူး"

"ဟာ ... အဲဒီလိုတော့ မလုပ်ပါနဲ့ သူငယ်ချင်းလေးရာ။ ဆောရီး ... ငါ တောင်းပန်ပါတယ်၊ ငါက စတာပါဟ"

"ဟွန်း"

ထိုစဉ်ကပြုံးနှင့်ပြုံးသည့် ... 

ထိုးပြန့်ပြီလေ ဒီမျက်စောင်းက။ မိန်းကလေးတွေ ခဏခဏ မျက်စောင်းထိုးခံရတဲ့သူတွေသည် သူမတို့၏ ချစ်သူခင်သူများသာဟု





မင်းသစ္စာ ယူဆလေသည်။ မခက တကယ်စိတ်ရင်းကောင်းတဲ့သူလေးပါ။ သူ့အစ်မနဲ့ပတ်သက်ပြီး အကောင်းမြင်ပေးတာ မဟုတ်ပါဘူး။

တကယ် ရင်းရင်းနှီးနှီးပေါင်းကြည့်မှသိရတာ။ မခက စိတ်ထား ဖြူစင်သူနှလုံးပါ။

"မွေးနေ့ကျ တို့ လာစားရမှာလား မခ။ ဘာကျွေးမှာလဲ ဟင်"

ခိုင်ဇင်က မေးလေတော့ –

"ဘာကျွေးမယ်ဆိုတာ ကြိုပြောလို့တော့ မရသေးဘူးဟ။ နင်တို့စားရရင် ပြီးရော မဟုတ်လား"

"ဒါပေါ့ ... ဒါပေါ့"

အားလုံးက ဝိုင်းထောက်ခံကြလေသည်။

"ငါကတော့ ဘာမှမစားရလည်း လာမှာပဲ။ မွေးနေ့ လက်ဆောင် ဘာလိုချင်လဲသာပြော"

"အဟဲ ... တန်အောင်တော့ပေးပေါ့။ ဘာဖြစ်ဖြစ်လေ"

"ဟွန်း ... ဘာဖြစ်ဖြစ်ဆိုပြီး ရှေ့ကစကားဦးက တန်အောင် ပေးတဲ့"

"မပေးလည်းနေလေ၊ အမုန်းမခက အေးအေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ... ပေးမှာပေါ့လို့"

မင်းသစ္စာရင်ထဲမှာ ဝမ်းသာပီတိ ဂွမ်းဆီကထိနေသည်။ 'မ' အိမ်ကို သွားပြီး 'မ' မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ခွင့်ရတော့မှာမို့ လို့လေ။

✻



## အခန်း (၁၃)

ဒီနေ့ ကိုယ့်သားပုံမှန်ထက် ပိုထူးခြားနေတယ်လို့ ဦးကောင်းသစ္စာ ထင်မိသည်။ ရေမွှေးနံ့တွေက လှိုင်လို့၊ မှန်ရှေ့မှာ ကြာကြာမရပ်တဲ့ကောင်က အခု မှန်ရှေ့က မခွာနိုင်ဘဲ တည့်တည့်ကြည့်လိုက် ကိုယ်ကိုစောင်းကြည့်လိုက်နှင့် မှန်ကြည့်လို့ မဝနိုင် ဖြစ်နေသည့်ပုံပါ။

ဝတ်စားပြင်ဆင်ထားလိုက်တာကလည်း မင်းသားရှုံးလောက်ပါပေရဲ့။ အစကတည်းက ကိုယ့်သားရုပ်ရည်က ဝါသနာပါရင် မင်းသား လုပ်လို့ရတာပဲလေ။ ဦးကောင်းသစ္စာ သားကို ချောင်းကြည့်နေရာမှ တံခါးကို အသာလေးပြန်စေ့၍ သက်ပြင်းချပြီး ထွက်လာခဲ့တော့သည်။ သားမှာ ချစ်ရမယ့်သူတွေ ဘာတွေများရှိနေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကသာ ကိုယ့်သားကို –

အခုထိ ကြက်ဥခွံထဲက ထွက်လာတဲ့ ကြက်ပေါက်စလေးလို့ ထင်နေတာ။ တကယ်တော့ ရင်ခုန်တတ်တဲ့အရွယ် အချစ်ဆိုတဲ့အရာကို စူးစမ်းချင်တဲ့အရွယ် ရောက်နေပါပြီ။ ဦးကောင်းသစ္စာ အောက်ထပ်သို့ ပြန်ဆင်းလာပြီး။

"ကိုမျိုး ကိုမျိုး"

"––––"

"ကိုမျိုး"

"ဗျာ . . . ဆရာ"

"ဒီကိုခဏလာပါဦး"

"ဟုတ်ကဲ့ ဆရာ"

ကိုမျိုးကိုခေါ်ပြီး ဦးကောင်းသစ္စာ ဧည့်ခန်းထဲကနေ စောင့်နေလိုက်သည်။ သိပ်မကြာလိုက်ပါဘူး ကိုမျိုးရောက်လာတော့သည်။ သားအကြောင်း သူများသိထားတာတွေ ရှိသလားလို့ပါ။

"ကျွန်တော် ရောက်ပါပြီဆရာ။ ဆရာ ဘာခိုင်းမလို့လဲ မသိဘူး"

"မင်းကို ခိုင်းစရာရှိလို့ခေါ်တာ မဟုတ်ဘူး။ မေးစရာရှိလို့ပါ"





"ဟုတ်ကဲ့ မေးပါဆရာ"

"သားအကြောင်းကို မင်း ဘာများထူးထူးခြားခြား ကြားထားတာရှိလဲ"

"ဘာဖြစ်လို့လဲ ဆရာ"

"ငါမေးတာကိုပဲ ဖြေစမ်းပါ။ ငါ့ကို ပြန်မမေးနဲ့လေ။ အဲဒီကောင်ကို ငါကြည့်ရတာ အချိုးတွေပြောင်းနေသလားလို့"

ပြန်မေးတာ မကြိုက်သလိုလိုနဲ့ ပြီးတော့ သူ့ပဲဆက်ပြောတာက အဖြေမဟုတ်ဘူးလား။ ဒါကြောင့် ကိုမျိုး ရယ်ကျဲကျဲဖြစ်သွားလေသည်။ သူ ဦးကောင်းသစ္စာကို လေးစားပါသည်။ ကိုယ်တွေကသာ ရှိသေသမှုနဲ့ ရိုကျိုးစွာ ဆက်ဆံတာ။ သူကတော့ အလုပ်ရှင်နဲ့အလုပ်သမားဆိုပြီး ခွဲခြားဆက်ဆံလေ့မရှိပေ။

ဒါကြောင့် –

ကိုမျိုးတို့လင်မယားနှစ်ယောက်စလုံး ပြောရဲဆိုရဲ ဘာမဆို တိုင်ပင်ရဲကြတာပေါ့။

"ဒါကတော့ ဆရာရယ်။ လူဆိုတာ တစ်သမတ်တည်း ပုံသေနည်းနဲ့နေကြတာမှမဟုတ်တာ။ ပတ်ဝန်းကျင်နေရာဒေသ အချိန်အခါကိုလိုက်ပြီး ပြောင်းလဲနေကြတာပဲ။ မင်းသစ္စာ ပြောင်းလဲတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဆန်းတာမှတ်လို့"

"ဟော့ကောင်"

"ဗျာ"

"လိုရင်းတိုရှင်းပဲပြောစမ်းပါ။ ဘာလို့အရစ်ရှည်နေတာလဲ"

"ဟာ ဆရာကလည်း မင်းသစ္စာက ကလေးမဟုတ်တော့ဘူးလေ။ အဲဒီတော့ ပြောင်းလဲမှုရှိတာ ဘာဆန်းလဲလို့ ပြောတာပါ ဆရာရဲ့"

"ကဲ . . . ဟုတ်ပါပြီ သူ့အကြောင်း တွေတွေတူးတူး မင်းဘာသိထားတာရှိလဲ"

"အဟဲ"

ကိုမျိုး ခေါင်းကုတ်လိုက်ပြီး –

"ဘာမှမသိပါဘူး ဆရာ"

"ကောင်းတာပေါ့"

"ဟုတ်ကဲ့"

ငေါ့တာကိုပဲ ဟုတ်ကဲ့ဆိုတော့ ဦးကောင်းသစ္စာ မျက်မှောင်ကြုတ်ပြီး ကြည့်မိသွား၏။ တကယ်တော့ ကိုမျိုးပြောတာလည်း ဟုတ်တာပါပဲ။ လူဆိုတာ အခြေအနေနဲ့ အချိန်အခါကိုလိုက်ပြီး





ပြောင်းလဲနေကြတာပဲလေ။

"ရှီ ရှီ ရှီ"

"ဟင်"

"ရှီ ရှီ ရှီ"

အပေါ်ကနေ မောင်မင်းကြီးသားဆင်းလာပါပြီ။ လူမမြင်ရခင်ကတည်းက အနံ့အသက်က အရင်ရောက်နှင့်နေသည်လေ။

"တွေ့လား၊ ကိုရွှေမင်းသားက ကြွပ်ရှနေတာ။ ဒီကောင်ရှီးကိုမရှီးတော့ဘူးထင်တယ်"

"မရှီးရအောင် မင်းသစ္စာက သူ့များပစ္စည်းခိုးပါ့မလား ဆရာရဲ့"

"ဟော့ကောင်"

"ဗျာ"

"ငါက အဲဒါကိုပြောတာ မဟုတ်ဘူးကွ။ ဒီကောင် အံချိုးပြောင်းနေတာကို ပြောတာ"

ကိုမျိုးနဲ့စကားပြောရင် အဲဒီလို အမြီးအမောက်မတည့်တာပါ။ ပေါ်သလိုလို ကြောင်သလိုလိုနှင့်လေ။ တစ်ခါတလေကျတော့လည်း သူ့စကားတွေက တန်ဖိုးရှိလိုက်ပါဘိ။ သူတို့ပြောနေတဲ့စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



မင်းသစ္စာက နားစွန်နားဖျားပဲ ကြားရသူမို့ –

"ဘာတွေပြောနေကြတာလဲ"

"မင်းအကြောင်းပြောနေတာ"

"ဗျာ"

"နေစမ်းပါဦး၊ ငါ့သားပုံစံက ဒီလောက်ကြွပ်ရှနေတာ ရှာင်သွားမှာလား၊ မော်ဒယ်လ်ရိုးသွားလျှောက်မှာလား"

"ဟာ ဖေဖေကလည်း၊ အဲဒီအလုပ်တွေ ကျွန်တော်မှ ဝါသနာမပါတာ။ အခုက သူငယ်ချင်းမွေးနေ့သွားမလို့ ဖေဖေရဲ့"

မွေးနေ့သွားမလို့တဲ့။ ဦးကောင်းသစ္စာ ထရပ်ပြီး ရှေ့နောက်ပတ်ရှုကြည့်လိုက်သည်။ ခါတိုင်းလည်း ပွဲတကာ့ပွဲသွားခဲ့ပါတယ်။ တစ်ခါတလေ ကိုယ်ကတောင် သား မင်း နည်းနည်းပါးပါး ရှိုင်းပါဦး ကွလို့ ပြောရတဲ့ကောင်။ အဲဒီလိုပြောတော့ ဒီပုံစံနဲ့ သွားလို့ ဘယ်သူမှ မခေါ်ရင် ပြန်လာရုံပဲတဲ့။

အခုကျတော့ –

ဖြစ်နိုင်ရင် မှန်ကို ဖောက်ပြီး လည်ပင်းမှာ ကြိုးနဲ့ဆွဲသွားတော့မယ့်အတိုင်းပါပဲ။

"ဖေဖေ"





"-----"

"အဲဒီလောက်ဆို သား မနေ့တတ်တော့ဘူးဗျ"

ဒီတော့မှ လှည့်ပတ်ကြည့်တာကိုရပ်ပြီး –

"မင်း အိုခုသွားမယ့်မွေးနေ့မှာ မွေးနေ့ရှင်က မင်း ကောင်မလေးလား"

"ဟာ ... ဖေဖေကလည်း ပေါက်ပေါက်ရှာရှာ"

ကိုယ်က မခေါ်ကြိုက်တာမှ မဟုတ်တာ၊ ဒီလိုပဲ ဖြေရတော့မှာပေါ့။ ဒါ မုသားသုံးတာမဟုတ်ပေ။

"ငါကတော့ မယုံချင်ဘူး။ ဖေဖေ့ကို ပွင့်ပွင့်လင်းလင်းပြောပါလားသား။ သားချစ်တဲ့ မိန်းကလေးဆိုရင် ဆင်းရဲချမ်းသာမရွေး ဖေဖေက လက်ခံမှာပါ။ အကျင့်စာရိတ္တတော့ ကောင်းပါစေပေါ့"

မင်းသစ္စာ ဖေဖေ့ကို ဘယ်လိုပြောရမှန်းမသိပေ။ ပြောပြချင်ပေမယ့် အခြေအနေက သူ့ဘက်က ဘာမှန်းမသိ ကိုယ့်ဘက်က စိတ်စာရင်းချစ်ခြင်း ရိုက်ထားတာမျိုးပါ။ ကိုယ်ကသာ တစ်ဖက်သတ်ရင်ခုန်စွဲလမ်းနေရပြီး သူ့ဘက်ကတော့ ကိုယ့်ကို မျက်နှာမြင်ခဲနဲ့ထုချင်ဆိုတာမျိုးပါ။

"ဖေဖေပြောတာ ကြားရဲ့လားသား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကြားပါတယ် ဖေဖေ"

"မကြားရအောင်၊ မင်းသစ္စာက နားကန်းနေတဲ့သူမှ မဟုတ်တာ ဆရာရဲ့"

"ဟေ့ကောင်"

"ဗျာ"

"ဒီမှာ ငါ့သားနဲ့စကားပြောနေတယ်။ မင်းသွားတော့"

"ဆရာ"

"သွားတော့ကွာ"

"ဟုတ်ကဲ့"

သွားတော့ဆိုတော့ ထွက်သွားရသည့်တိုင် ကိုမျိုးနားက သူတို့ဘာပြောကြမလဲလို့ သံယောဇဉ်မပြတ်ပေ။ ကိုယ်လည်း စပ်စုချင်သေးတာပေါ့။

ခေါင်းကုတ်ခေါင်းဖြီးတော့၊ ခုကျမှ။

"ပြောဖို့စောသေးတယ်ထင်လို့ သားမပြောသေးတာပါ ဖေဖေ"

"ဟင်"

"သားချစ်နေတဲ့ သူတော့ရှိပါတယ်။ သားဘက်ကသာ





တစ်ဖက်သတ် စွဲလမ်းနေတာ၊ သူ့ဘက်ကတော့ အနုတ်လက္ခဏာ ပြနေလို့ပါ ဖေဖေ"

ဦးကောင်းသစ္စာ တွေခနဲ ဖြစ်သွားလေသည်။ ကိုယ့်သားလို လူမျိုးကို အနုတ်လက္ခဏာပြတဲ့ မိန်းကလေးရှိသေးတယ်လား။ ကိုယ့်သားက ချူချင်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့သူ၊ ဒီလိုလူမျိုးကို စိတ်မဝင်စားဘူး အနုတ်လက္ခဏာပြတယ်ဆိုတော့ မိန်းကလေးမှာ ချစ်သူရှိလို့ သစ္စာကြီးတာလား။

ဒါမှမဟုတ် –

တော်ရုံလူကို အထင်မကြီးလို့ မာနကြီးတာလား။ ဘာပဲဖြစ်ဖြစ် ထိုမိန်းကလေးအမျိုးအစားတွေကို ဦးကောင်းသစ္စာကတော့ သဘောကျလေးစားသည်သာ။

"သူက ဖေဖေ့သားကို လက်မခံရအောင် သူ့မှာ ချစ်သူရှိလို့လား သား"

"မဟုတ်ဘူး ဖေဖေ၊ သူက ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားတာပါ။ စီးပွားရေးကိစ္စကလွဲပြီး အခြားအကြောင်းနဲ့ဆို ယောက်ျားတွေနဲ့ မပတ်သက် မရင်းနှီးအောင်နေတဲ့သူပါ"

"အဲဒီလို မိန်းကလေးမျိုးကို ဖေဖေ အရမ်းအထင်ကြီးပြီး



www.burmeseclassic.com

www.burmeseclassic.com



လေးစားတယ် သား။ သူက ဘယ်သူလဲ။ အခု သားသွားမယ့် မွေးနေ့ရှင်နဲ့ ပတ်သက်နေလား''

''သားသူငယ်ချင်းမွေးနေ့ရှင်နာမည်က အမှန်းမခပါ ဖေဖေ။ သားချစ်နေတာက မခရဲ့အစ်မ မှန်းခက်ထန်ပါ''

''မှန်းခက်ထန်''

''ဟုတ်ကဲ့''

နာမည်ကိုက မှန်းခက်ထန်တဲ့။ ဒီလို ခပ်ကြမ်းကြမ်း ခပ်ထန်ထန် နာမည်ရဲ့ဂုဏ်ပုဒ်ကို ထိန်းတဲ့အနေနဲ့ မာနကြီးတာလား။ တစ်နည်းအားဖြင့် တွေးရင် ဒီနာမည်နဲ့ လိုက်ဖက်အောင်လို့ မိန်းကလေးက ထက်မြက်သူတစ်ယောက်ပဲ ဖြစ်မှာပေါ့။ ဒါကြောင့် ယောကျ်ားတွေကို အထင်မကြီးတာနေမှာ။

''သားသူငယ်ချင်းရဲ့အစ်မဆိုတော့ သားထက် အသက်ကြီးမှာပေါ့''

''ဟုတ်တယ် ဖေဖေ၊ 'မ' က သုံးဆယ်ဝန်းကျင်လောက်တော့ ရှိမယ်ထင်တယ်။ သုံးဆယ်တော့ မကျော်လောက်သေးပါဘူး။ ပြီးတော့ 'မ' က အရမ်းလှတာ ဖေဖေရဲ့။ ဖေဖေ့သား အရူးအမူးဖြစ်သွားရတာကိုပဲကြည့်လေ''





ဦးကောင်းသစ္စာ ပြုံးလိုက်မိ၏။ ကိုယ့်သားအရူးအမူးဖြစ်လောက်အောင် စွဲလမ်းမြတ်နိုးခံရတဲ့ မိန်းကလေးဆိုတော့ အထင်မသေးရဲပါဘူး။ ကြီးရင်မှီ ငယ်ရင်ချီဆိုတဲ့စကားလည်း ရှိနေတာပဲ။

''ကျေးဇူးပါတယ်၊ သားရဲ့အချစ်ရေးအဆင်ပြေပါစေလို့ ဖေဖေ ဆုတောင်းပေးပါတယ်''

''ပေးတဲ့ဆုနဲ့ပြည့်ပါစေ ဖေဖေ''

ဖေဖေ ဆုတောင်းပေးသလိုပဲ မင်းသစ္စာ ''မ'' နဲ့အဆင်ပြေချင်ပါသည်။ အဆင်ပြေအောင်လည်း ကိုယ်က ကြိုးစားရမှာပေါ့။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မခတို့ မိန်းကလေးတွေက အရင်လူစုမိနေပြီး မင်းသစ္စာတို့ မလာသေးတော့ လည်တဆန့်ဆန့်နှင့်ပါ။ မခရဲ့မွေးနေ့ပွဲက ခမ်းခမ်းနားနား မဟုတ်ပါဘူး။ သူတို့သူငယ်ချင်းတွေတင် အိမ်မှာအုန်းနို့ခေါက်ဆွဲချက်ကျွေးမှာလေ။ မကြီးလည်း သူ့သူငယ်ချင်းနှစ်ယောက်နဲ့ မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေလေရဲ့။

ထမင်းချက်မလေးငုံက သူတစ်ယောက်တည်း နိုင်အောင် ချက်ပါ့မယ်ဆိုတာကို ကြာမှာစိုးလို့တဲ့လေ။ မကြီးက ဘယ်နေရာမှာ ဘယ်လိုပဲ ခက်ထန်ပါစေ မခအတွက် ဆိုရင်တော့ လိုရာဖြစ်စေဆိုတာမျိုးက များပါသည်။ မကြီးက မခရဲ့အစ်မဆိုပေမယ့် အမေဆိုရင်လည်း





မမှားပါဘူး။

ဒါပေါ့လေ။

မိဘတွေက မခငယ်ငယ်လေးကတည်းက ဆုံးသွားကြတာကိုး။ အဲဒါကြောင့် ထိုင်ပါရဲ့ မကြီးက မခကို သားသမီးလိုပဲ နွေးထွေး ကြင်နာမှုတွေပေးခဲ့သူပါ။ အစ်မကြီးတော့ အမိအရာပဲပေါ့။

"ဟိုကောင်တွေကလည်း ကြာလိုက်တာဟာ။ ဝီရိယကို မရှိဘူး"

"အေးဟာ . . . ထိုင်စောင့်ရတာ ပျင်းတောင်လာပြီ"

"ပျင်းရင် မကြီးတို့ကို သွားကူမယ်လေ"

"ကောင်းသားပဲ"

သုံးယောက်သား ထလိုက်ကြစဉ် –

"တီတီ တီတီ"

"ဟော"

"လာပြီထင်တယ်"

"အေး သွားကြည့်ရအောင်"

သုံးယောက်သား မီးဖိုချောင်သို့ မရောက်တော့ဘဲ အပြင်သို့ ထွက်လာကြသည့်တွင် မခက မြင်တာနှင့် ဆီးရန်လုပ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း ဝီရိယနည်းလိုက်တာ မင်းသစ္စာရယ်။ ငါက ဘယ်လိုအမှတ်ပေးရမလဲပြော။ ပြောတော့ အကောင်ကြီး စားတော့ ပုစွန်ဆိတ်ဆိုတာ နိုင်ပဲသိလား"

"ငါလည်း စောစောလာတာပါ မခရာ။ ဒီမှာ ဒီကောင် သောပေါ့"

"မသာက ဘာဖြစ်လို့လဲ။ ပုပ်ပွနေလို့လား။ ဟွန်း အနံ့တောင် ထွက်လာသလိုပဲ"

လေးကပြောပြီး နှာခေါင်းလေးရှုံ့ကာ လက်နှင့်ယပ်ခတ်လေတော့ သာဦးမောင် မခံနိုင်ဖြစ်သွားပြီး –

"ဘာ မသာလဲ။ ဒီကောင်က သောလို့ခေါ်တာ။ ငါက မသာမဟုတ်ဘူးနော်။ နင်သာ သေနာမ"

"သာဦးမောင် နင်နော်"

"ကဲပါ ... တော်ကြပါတော့။ သာဦးမောင်က ဘာဖြစ်နေလို့ နောက်ကျရတာလဲ"

"ဗိုက်နာလို့ဆိုပြီး"

"ဟော့ကောင်"

သာဦးမောင်က မင်းသစ္စာပါးစပ်ကို အတင်းလိုက်ပိတ်





ပေမယ့် ဖွဲ့ဟန်က –

"ဗိုက်နာလို့ဆိုပြီး ရေအိမ်နစ်ခါပြန်ဝင်နေတာလေ။ ဝင်သာဝင်တယ်မပါဘူးတဲ့။ ဗိုက်နာပေမယ့် ဝမ်းချုပ်နေလို့ဆိုပြီး အိမ်သာထဲက မထွက်လို့ ထိုင်နေစောင့်နေရတာ။ ဟူး ရှင်းပြရတာ မောလိုက်တာ"

"ဟယ် ... ဟုတ်လား သာဦးမောင်"

လက်ညှိုးလေးထိုးပြီးမေးသူက ခိုင်ဖင့်ဦးပါ။ လေးကလည်း ရုပ်တည်နှင့်ပဲ –

"ဟဲ့ ... အဲဒါဆို နင် အုန်းနို့ခေါက်ဆွဲနဲ့ မတည့်ဘူးနော် သာဦးမောင်။ အုန်းသီးက ဖွဲ့စာဆိုလားပဲ။ တော်ကြာ ပိုဆိုးနေဦးမယ်"

"ဘာမှမဆိုင်ဘူး စားမှာပဲ။ ငါ ဝမ်းနုတ်ဆေးသောက်ထားတယ်။ ဗိုက်ကဆာဆာနဲ့စားပြီး နာသထက်နာလာရင် ပါမှာပဲ"

"တော်ကြီးကျတာကြည့်စမ်း"

"ဒီကောင်က သဒ္ဒါလို့ ကျွေးရင် သေဆေးတောင်စားမယ့်ကောင်။ အလကားရလို့ကတော့ ရေတောင် ပါဆယ်နဲ့ ထုပ်ယူချင်ရှာ"

တစ်ယောက်တစ်ပေါက် ပြောကြရင်း ညှိခန်းထဲမှာ ဆူဆူညံညံနှင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



စကားနိုင်လုကြ ရယ်ကြနှင့် ပတ်ဝန်းကျင်ကို မေ့လျော့နေကြစဉ် –

"ဟား ဟား ဟား"

"ခစ် ခစ်"

ရယ်နေကြရင်း မခက အရင် မကြီးထွက်လာတာကို မြင်လေတော့ –

"အွန့် ကိ"

ရယ်နေတဲ့ပါးစပ်ကို လက်ဝါးနှင့်ဖိပိတ်လိုက်တော့ ကျန်တဲ့သူတွေလည်း လှည့်ကြည့်ပြီး ပါးစပ်ပိတ်သွားကြလေတော့၏။ ရယ်သံတွေတိတ်သွားပုံက မီးကိုရေနဲ့ ဖျန်းလိုက်တဲ့အတိုင်းပါပဲ။ ခါတိုင်းဆို မြင်နေရတဲ့မျက်နှာက ပြတ်ထွက်တော့မလား ပေါက်ထွက်တော့မလားဆိုတာမျိုး။

ခုတော့လည်း –

မုန်းခက်ထန်ဆိုတဲ့ မိန်းမဟာ သူမ မဟုတ်ခဲ့သလို အပြုံးလေး မစို့မပို့နှင့် မရှိတရှိလေးလုနေသည်။

"မခ"

"ရှင် မကြီး"





"အားလုံး အဆင်သင့်ဖြစ်နေပြီ၊ စားကြတော့မလား"

"ဟုတ် . . . စားမယ် မကြီး"

မစားခင် မွေးနေ့လက်ဆောင် တွေ အရင်လက်ခံပါမည်။ မကြီးကိုပြောပြီးမှ နှဲ့သူငယ်ချင်းတွေဘက်သို့ လှည့်အော်လိုက်တော့ လက်ခုပ်သံနှင့်အတူ မွေးနေ့သီချင်းကို သံပြိုင်ဆိုကြလေသည်။ မုန်းသူငယ်ချင်းတွေလည်း ရောက်လာကြတော့ လူစုံပြီပဲပြောရတော့မှာပေါ့။ မုန်းကာပဲ အရင် –

"ကဲ ဒါဆို မွေးနေ့လက်ဆောင်ကို မကြီးက အရင်စပေးမယ်။ မွေးနေ့ရှင်က မွေးနေ့လက်ဆောင် လက်ခံပေးပါ"

"ဝေး ဟေး"

"ဖြောင်း ဖြောင်း ဖြောင်း"

မခ အပြုံးလေးချိုမြမြနှင့် မကြီးဆီသို့ လျှောက်သွားလိုက်သည်။ မျက်နှာချင်းဆိုင်မှာရပ်လိုက်တော့ မုန်းက ဘူးလေးတစ်ဘူးကို ဖွင့်ပြလေလျှင် ဘူးထဲမှာ စိန်ပွင့်လေးက တဖျတ်ဖျတ်လက်နေတော့၏။

"ဟယ်"

"သဘောကျရဲ့လား မခ"

"စိန်လက်စွပ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မခ သဘောကျမယ်ထင်လို့ မကြီးဝယ်လာတာ"

"ဟာ သဘောကျတာပေါ့ မကြီးရေ၊ မကြီးက ဘာပဲ ဝယ်ပေးပေး ပစ္စည်းရဲ့တန်ဖိုးထက် မကြီး ထုံမွမ်းထားတဲ့ မေတ္တာတရားရဲ့ တန်ဖိုးက ပြိုင်ဘက်ကင်း တုနှိုင်းမမီပါပဲလို့"

မုန်း ခေါင်းကိုမော့၍ သွားတန်းညီလေးတွေပေါ်အောင် ရယ်လိုက်မိသည်။ ဒီစကားက သူမရင်ကို အေးချမ်းစေတာ အမှန်ပါပဲ။ နှလုံးသားထဲကို စိမ့်စမ်းရေတွေ စီးဝင်ခဲ့ပြီလား။ အခုမှ တစ်နေ့လုံး ပွခဲ့သမျှ အတိုးချပြီး ရှာတဲ့မိုးလိုပါ။ အရင်က မခကို အဲဒီလောက် စကားတတ်လိမ့်မယ်လို့ မထင်ခဲ့တာ။

ဒါပေါ့လေ။ အရွယ်ရောက်လာတော့ အပေါင်းအသင်းတွေနဲ့ ပြောကြဆိုကြရင်း ကိုယ်ပိုင်အလင်းရောင်တွေ တောက်ပလာပြီပေါ့။

"ဟဲ့ ... မုန်း"

ခေါ်လိုက်သူက လွင်ပါ။

"မခတောင် စကားတွေတတ်လာပြီနော်။ ဟွန်း နင်သာ"

"ဟာ မမလွင်ကလည်း မခက ကလေးမှ မဟုတ်တော့တာ မကြီးရဲ့ကြီးမားတဲ့မေတ္တာတရားကို သိတာပေါ့"





"တွေ့လား မုန်း၊ နင့်ညီမက သူကလေးမဟုတ်တော့ဘူးတဲ့။ မကြီးရဲ့မေတ္တာတရားကိုသိသလို အခြားမေတ္တာတရားကိုလည်း သိချင်သိနေမှာနော်"

"မမလွင်နော် ... မခက ရိုးရိုးလေးပြောတာကို ဖောက်မလာနဲ့။ မခတို့ ညီအစ်မကြားမှာ မီးပွားမကျပါစေနဲ့"

မခက ကလေးတစ်ယောက်လို မကျေမနပ်ပုံလေးနှင့် ပြောလေသည်။ စိတ်ဆိုးတာတော့ မဟုတ်ပါဘူး။ ခိုင်ဇင်ကလည်း မခကို စချင်တာကြောင့် –

"ဟုတ်တယ်နော် မုန်း။ တော်ကြာ နောက်ကားက ကျော်တက်နေဦးမယ်၊ အဲဒါကြောင့် နင် ဦးအောင် လော့်ဖို့လိုပြီ"

"နင်တို့ကလည်း"

"မကြီး မကြီးသူငယ်ချင်းတွေကိုကြည့်ပြောဦး"

မခက သူမလက်မောင်းကို တွဲခိုပြီး ခြေလေးဆောင့်လေသည်။ မုန်းမှာတော့ သူငယ်ချင်းတွေရဲ့စကားကြောင့် စောစောက စိမ့်စမ်းရေထဲကနေ မီးဟုန်းဟုန်းထတောက်လာသလိုပါပဲ၊ ကိုယ့်အတွက်မဟုတ်ပါဘူး၊ မခအတွက် အရာရာတွေးပူမိသွားတယ်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မင်းသစ္စာ စိတ်နှင့်ကိုယ်မကပ်တော့တဲ့လား ထင်ရအောင်ကို ပဲ အတွေးထဲမှာ 'မ' မျက်လုံးကလည်း 'မ' ရဲ့လှုပ်ရှားမှုလေးတွေကို သာ လိုက်ငေးနေမိတော့သည်။ ဘာပဲလုပ်လုပ် ရှုမငြီးနိုင်အောင် လုနေတဲ့ 'မ'။ ကိုယ်ကသာ သူမရဲ့လှုပ်ရှားမှုတိုင်းကို အမှတ်ပေးနေ တာ။

'မ' ကတော့ –

ကိုယ့်ကိုမြင်ပေမယ့် သူ့ညီမမွေးနေ့မှာမို့ စိတ်ဆိုးစိတ်ညစ် မဖြစ်ရအောင် ဘာမှမပြောသည့်တိုင် ရှိတယ်လို့ပင် သတ်မှတ်ပုံမရပေ။ 'မ' ရယ် ဖန်ဆင်းရှင်က 'မ' ရင်ထဲမှာ ချစ်တတ်တဲ့နှလုံးသားကို





ဘာလို့ထည့်ပေးမထားတာလဲ။

"မင်းသစ္စာ"

"-----"

"မင်းဒို့စ္စာ"

ညီလင်းထက် ခေါ်တာကိုကြားပေမယ့် မင်းသစ္စာမထူးမိပေ။

"ဟေ့ကောင်"

ခေါ်လည်းခေါ် ခြေထောက်ကိုလည်း တက်နင်းလိုက်မှ–

"ဘာလဲကွ"

"မင်းပန်းကန်ထဲမှာ ဟိုဟာကြီး"

"ဟင် ... ဘာကြီးလဲ"

ဆံပင်မျှင်လား ဘာလားဟု ကမန်းကတန်း ငုံ့ကြည့်ပြီး ဟိုမွှေ ဒီမွှေလုပ်ကြည့်လေလျှင် –

"ခေါက်ဆွဲတွေ အမျှင်ရှည်တယ်လို့ပြောတာ"

"ခွီး"

ဘေးကလူတွေ ခွီးခနဲရယ်တော့မှ မင်းသစ္စာသဘောပေါက် သွားပြီး ရှက်ကိုးရှက်ကန်းဖြစ်သွားလေသည်။ အဲဒီလောက်ဖြစ်အောင် ကိုပဲ 'မ' က သူ့ကိုမြူစားထားခဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသစ္စာ"

မခ ခေါ်လိုက်တော့ မျက်လွှာတစ်ချက်သာ ပင့်ကြည့်လေလျှင် –

"စားလို့ကောင်းရဲ့လား"

"အင်း ... အရမ်းစားလို့ကောင်းပါတယ်"

"ကောင်းမှာပေါ့။ အဲဒါ မကြီးကိုယ်တိုင် ချက်ထားတာလေ"

"ဟင်"

မုန်းကိုယ်လေး မတ်ခနဲဖြစ်သွားပြီး သူ့ကိုလှမ်းကြည့်လိုက်တော့ သူကလည်း မုန်းကိုကြည့်နေတာနှင့် ဆုံသွားသည်လေ။ မုန်းနှုတ်ခမ်းလေးတင်းတင်းစေ့သွားမိပြီးမှ –

"မခ"

"ရှင် ... မကြီး"

"ရရှိထားတဲ့ အခွင့်အရေးတွေ မဆုံးရှုံးချင်ဘူးဆိုရင် စကားပြောတာ အငြိအစွန်း လွတ်ပါစေ။ ငါ့စိတ်ကို နင်သိတယ်နော်"

"မကြီးကလည်း"

"နင် ဘာဖြစ်လို့ အဲဒီလိုပြောတာလဲ။ ဘယ်သူပဲချက်ချက် နင်တို့ဗိုက်ပြည့်သွားဖို့က အဓိက မဟုတ်လား"





"ကဲပါ မုန်းရယ် ... နင်ကလည်း ဘာမဟုတ်တာလေးကို အထကောက်နေပြန်ပြီ။ တော်ကြာ ကလေးတွေ စိတ်ညစ်နေပါဦးမယ်"

လွှတ်ကြီးက ဝင်ပြောလေတော့ –

"ငါကလည်း ဖြစ်နိုင်ရင် လုံးဝကို မပြောချင်တာပါ။ လုပ်ပါ။ စားစရာရှိတာ စား။ စိတ်ထဲမှာ ဘာမှမထားကြပါနဲ့"

ပြောပြီး မုန်း ထရပ်လိုက်သည်။ သူများတွေကိုသာ စိတ်ထဲမှာ ဘာမှမထားကြပါနဲ့လို့ ပြောတာ။ သူမ စိတ်ထဲမှာတော့ နိုးလိုးခုလုဖြစ်သွားပြီလေ။ ဒါကြောင့် ခြံထဲသို့ ဆင်းလာခဲ့တော့သည်။ အခြားသူတွေအပေါ် ဘာပဲပြောပြော မခရဲ့သူငယ်ချင်းတွေဆိုတဲ့စိတ်နဲ့ မုန်းသဘောထားကြီးပေးနိုင်ပါတယ်။

ဒါပေမဲ့ ...

မင်းသစ္စာဆိုတဲ့ကောင်လေးက မုန်းအပေါ် မရိုးသားခဲ့သူလေ။ ဒါကို မခက ကိုယ့်အကြောင်း ကောင်းတာ ဆိုးတာ ပြောပြစရာလား။

ဒီကောင်လေး –

မခနဲ့သူငယ်ချင်းဖြစ်နေတာ သဘောရိုးနဲ့မှ ဟုတ်ရဲ့လား



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ ကိုယ်နဲ့ပတ်သက်ပြီး မခကို အသုံးချတာဆိုရင်တော့ မုန်းရင်ထဲမှာ *သူ့အပေါ် မုန်းပြီးရင်း မုန်းမှာ အသေအချာပါပဲ။*

မင်းသစ္စာမှာလည်း –

'မ' ထပြီးအပြင်ကို ထွက်သွားတော့ စိတ်ခုသွားပြီလားလို့ စိုးရိမ်စိတ်က ငယ်ထိပ်တက်ဆောင့်ပြီး အုန်းနို့ခေါက်ဆွဲဆက်စားလို့ မရတော့ပေ။ အချစ်က လူတစ်ယောက်ရဲ့စိတ်ကို နူးညံ့သွားစေတတ်သတဲ့လား။

မင်းသစ္စာ ထရပ်လိုက်တော့ ဖွဲ့ဟန်က –

"မင်း ဘယ်သွားမလို့လဲ"

"ခဏလေး"

"အဲဒီခဏလေး ဘယ်ကိုသွားမှာလဲ"

" 'မ' နောက် လိုက်သွားမလို့"

"ဟဲ့"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး မခက–

"ဖြစ်ပါ့မလား မင်းသစ္စာ"

"ဟုတ်တယ် ... ကြည့်လည်းလုပ်ဦးနော် ချာတိတ်။ မုန်းစိတ်က လွယ်တာမဟုတ်ဘူး"





မေကြည်ကပါ ဝင်ပြောလေတော့ –

"ရပါတယ် 'မ' စိတ်ဆိုးလည်း ပါးရိုက်ရုံအပြင် တိုးမရှိပါဘူး"

"အင်"

"အမ်"

သဘာဦးမောင် ခါးမတ်သွားပြီး မဆီမဆိုင် ပါးကို ပွတ်လိုက်မိချိန်မှာပဲ မင်းသစ္စာက ထွက်သွားလေပြီ။ ဖြစ်ပါ့မလားလို့ မိန်းကလေးတွေ အချင်းချင်းလက်တို့ဖြစ်ကြပေမယ့် နောက်ကနေတော့ လိုက်မသွားဖြစ်ပေ။

မင်းသစ္စာ –

'မ' ကိုတွေ့ပါပြီ။ စိတ်ရှုပ်သွားတာလား၊ စိတ်ဆိုးသွားတာလား။ ဒန်းပေါ်မှာထိုင်နေတာမြင်လို့ လျှောက်သွားလိုက်မိတော့ သူ့အနားရောက်တာနှင့်။

"မင်း ဘာလာလုပ်ပြန်ပြီလဲ"

" 'မ' ကိုတောင်းပန်မလို့ပါ"

"ဘာအတွက်လဲ"

"ကျွန်တော် 'မ' အိမ်အထိရောက်လာလို့ 'မ' စိတ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com



သွားသလားလို့ပါ။ ကျွန်တော် အခုလာဖြစ်တာက 'မ' နဲ့မဆိုင်တဲ့ အကြောင်းအရာတစ်ခုခု သပ်သပ်နဲ့ပါ"

"မဆိုင်ဘူးလို့တော့ မင်းမပြောနဲ့ ချာတိတ်။ ပြောစမ်းပါဦး မင်း မခကို ဘယ်လိုစည်းရုံးလိုက်တာလဲ"

'မ' ပြောချင်သလိုပြော ခေါင်းငုံ့ခံဖို့အဆင်သင့်ပါ။ ဒါပေမဲ့ ကိုယ့်ကို ချာတိတ်လို့ခေါ်တာကိုတော့ ခံရတာ ရင်ထဲမှာ အောင့်သက်သက်နိုင့်ပါ။ ဒါ ကိုယ့်ကို နှပ်စားသူငယ်လေးစာရင်း သွင်းလိုက်သလိုပါပဲ။

"မ"

"___"

"မ ကျွန်တော့်ကို ချာတိတ်လို့မခေါ်ပါနဲ့"

"မင့်းမကြိုက်လို့ အခေါ်မခံချင်တာ မင်းကိစ္စ။ ငါကတော့ ငါ့ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ငါ ခေါ်တာ။ မကြိုက်ရင် ငါနဲ့လာ မပတ်သက်နဲ့ ရှင်းရှင်းလေးပဲ"

"မ"

မုန်း ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည်။

"ဒါဆိုရင် 'မ' လည်း ကျွန်တော့်လွတ်လပ်ခွင့်ကို မတားပါနဲ့"





"ဘာ"

"ကျွန်တော် မခကို အသုံးချတာ ဘာတစ်ခုမှ မလုပ်ဘူး။ တကယ်သံယောဇဉ်ရှိလို့ တကယ်ခင်တာ။ 'မ' ကို ကျွန်တော်ချစ်တာ ကသတ်သတ်"

"မင်းပါးစပ်ကို ပိတ်ထားစမ်း"

"မ"

'မ'ရဲ့အကြည့်တွေက ရူးရူးရဲရဲပါ။ ချစ်လို့ချစ်ပါတယ် ပြောတာ အပြစ်လား။

"ပိတ်ထားလို့မရဘူး 'မ' ရဲ့။ ကျွန်တော်လည်း ကျွန်တော့် လွတ်လပ်ခွင့်နဲ့ ကျွန်တော် ရင်ထဲမှာရှိတဲ့အတိုင်း ပြောနေမှာပဲ"

"ဒီမှာ ချာတိတ်"

"_____"

"မင်း မသေမချင်း နလုံးသွင်းပြီး မှတ်သွား။ ယောကျ်ား တစ်ယောက်ပါးစပ်ကနေ ငါ့ကိုချစ်တယ်လို့ပြောတဲ့ အချိန်ဟာ ဟာကမှာ ငါအမုန်းဆုံးအချိန်ပဲ။ ဘယ်သူတွေ ဘယ်လောက်ပဲ ငါ့ကိုချစ်ချစ် ငါကတော့ ဘယ်သူ့ကိုမှ ပြန်ချစ်မှာမဟုတ်ဘူး။ အဲဒီ အသက်စာ ငါ့ရင်ထဲက လာတဲ့စကားပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာကြောင့်လဲ မ”

‘မ’ ဆီကနေ အဖြေစကားမကြားရတော့ပေ။ အသက်ရှူသံ ပြင်းလာသည်ဟု ထင်ရ၏။ ‘မ’ မှာ ချစ်တတ်တဲ့ နှလုံးသားမရှိတော့ဘူးဆိုတော့ တစ်ယောက်ယောက်ကို ပေးခဲ့ပြီးလို့လား။ သေဆုံးသွားပြီဆိုရင်လည်း တစ်ယောက်ယောက်က အဆိပ်ခပ်ခဲ့တာပဲ ဖြစ်မှာပေါ့”

နှလုံးသားဆိုတာ –

အကြောင်းမဲ့ သေဆုံးတတ်တဲ့အရာမှမဟုတ်တာ။ ထိခိုက်ဒဏ်ရာမရခဲ့ဘူးဆိုရင် အချစ်ကိုလက်မခံဘဲ အမုန်းချည်းသက်သက်လက်ခံနေတတ်တဲ့ အရာမှ မဟုတ်ပဲလေ။

“ မ့တစ်ယောက်ယောက်ကို အစွန်းရောက်အောင် ချစ်ခဲ့ဖူးတယ်ထင်တယ်။ ဒါကြောင့် ယောကျ်ားတွေကို အစွန်းရောက်အောင် မုန်းနေတာပဲပေါ့”

ရင်းနှီးတဲ့လူချင်းဆိုရင် ဗေဒင်ဟောစားတော့လို့ ပြောမလားပါပဲ။ နာကြည်းရိပ်တွေ စွန်းထင်းနေတဲ့ ‘မ’ မျက်ဝန်းတွေက မင်းသစ္စာ ပြောတာကို ဟုတ်တယ်လို့ ဝန်ခံနေသလိုပါပဲ။

“ ‘မ’၊ ‘မ’ အပေါ်မှာမကောင်းတဲ့ ယောကျ်ားတစ်ယောက်နဲ့ တွေ့ခဲ့တာနဲ့ ယောကျ်ားအားလုံးကို သိမ်းကျုံးပြီး မုန်းနေစရာလားဗျာ။





ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ပါတယ်ဆိုပြီး နှာခေါင်းရှုံ့နေမယ့်အစား ပုပ်တဲ့တစ်ကောင်ကို ရွေးဖယ်ပြီး လွှင့်ပစ်လိုက်ရသားပဲ”

“ဒီမှာ”

“ ______ ”

“ငါ့ဘာသာ တစ်လှေလုံးကိုပဲ နှာခေါင်းရှုံ့ရှုံ့၊ တစ်လောကလုံးမှာရှိတဲ့ ယောကျ်ားတွေကိုပဲမုန်းမုန်း ငါ့ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ပါပဲ။ မင်း ဆရာမလုပ်နဲ့။ ငါနဲ့ဝေးဝေးနေ၊ ဝေးလေ ကောင်းလေပဲ”

ပြောပြီး သူ့ရှေ့ကနေ ‘မ’ ထွက်သွားမည်ပြုလေလျှင် –

“မ”

မင်းသစ္စာ ‘မ’ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားမိလေလျှင် –

“မင်း အဲဒါ ဘာလုပ်တာလဲ”

“မ”

“ဖယ်စမ်း”

လက်ကိုလိမ်ပြီး ရုန်းလိုက်တော့ မင်းသစ္စာ လွှတ်ပေးလိုက်လေသည်။ ဒီလိုလုပ်မိတာတောင် သူလွန်သွားပြီထင်ပါရဲ့။ ဒါလည်း



www.burmeseclassic.com

www.burmeseclassic.com



'မ' ထွက်သွားမှာစိုးလို့ ဆွဲထားလိုက်မိတာပါ။ ကိုယ့်ကိုဘယ်လိုပဲ ဆက်ဆံ ဆက်ဆံ 'မ' နဲ့စကားပြောခွင့်ရရင် ကျေနပ်နေချင်တဲ့စိတ်က လောသွားတာပါ။

"ငါ့ကို မင်းတွေ့ဖူးတဲ့မိန်းမတွေနဲ့ ရောထွေးပြီးမသတ်မှတ်နဲ့။ ကိုယ့်ကိုအလိုမရှိတဲ့ မိန်းမကို မင်း ခုလို ချည်းကပ်ဖို့ကြိုးစားနေတာ နှောင့်ယှက်တာနဲ့တူတယ်ဆိုတာ မင်းသိလား။ ငါ ဒီထက်ပိုပြီး မရိုင်းတာက မင်းက မခရဲ့သူငယ်ချင်းဖြစ်နေလို့ပဲ"

ပြောပြီး ချာခနဲလှည့်ထွက်သွားလေတော့သည်။ ကိုယ်တွေ့ဖူးတဲ့မိန်းမတွေနဲ့ ရောထွေးပြီး မသတ်မှတ်ပါနဲ့တဲ့။ ကွဲလွဲမှုရှိတာတွေ ရှိသလို၊ မကွဲလွဲမှုက မိန်းမသည် မိန်းမပါပဲ။ မိန်းမတစ်ယောက်ကို ယောကျ်ားတစ်ယောက်က ချစ်တယ်။

ချစ်ခြင်းမုန်းခြင်းကအစ
ဒါတွေ အတူတူပဲ မဟုတ်လား။

❋



## အခန်း (၁၆)

မင်းသစ္စာ ဆင်းကာတ်တစ်ကတ်ကို ထောင့်ငါးရာပဲရှိတာဆို တော့ ဆင်းကတ်ဆယ်ကတ် ဝယ်လာခဲ့သည်လေ။ 'မ' ကို ဖုန်းဆက် မလို့ပေါ့။ 'မ' ကပဲ ဥပေက္ခာပြုနိုင်မလား။ ကိုယ်ကပဲ ဖွဲကောင်းကောင်း နိုင်မလား။ ဒါပြိုင်ပွဲမဟုတ်ပေမယ့် ကိုယ့်နှလုံးသားက 'မ' ကိုမှ တမ်းတမ်းတတ ဖြစ်နေတာပဲလေ။

ဒီဆင်းကတ်တွေက –

'မ' အတွက် သီးသန့်ပါ။ ကျန်တဲ့လူတွေနဲ့ ဆက်သွယ်ဖို့က တော့ ယခုလက်ရှိ ဆင်းကတ်ကို ပြန်ထည့်လိုက်ရုံပဲပေါ့။ သူ ဆင်း ကတ်ချင်း လဲလိုက်ပြီး 'မ' ဖုန်းကို ခေါ်လိုက်သည်။ 'မ' ဖုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိစ္စတွေရှိနေလို့ ဆင်းကတ်ပြောင်းဖို့ အခက်အခဲရှိနေမှာပေါ့။

ဒါသည်

ကံကြမ္မာက မင်းသစ္စာကို မျက်နှာသာပေးခြင်းပါပဲ။

"တူ တူ တူ"

ဖုန်းဝင်ပြီး ချက်ချင်းမကိုင်ပေ။

"တူ တူ တူ"

"ကျွတ်"

"တူ တူ တူ"

" 'မ' အနားမှာမရှိဘူးထင်တယ်"

တစ်ယောက်တည်း ဖုန်းနဲ့စကားပြောနေပြီး ခဏစောင့်နေလိုက်သည်။ အတန်ကြာတော့ ထပ်ခေါ်ကြည့်လိုက်ပြန်၏။

"တူ တူ တူ"

တစ်ဖက်က ဖုန်းကိုင်သံကြားပြီးနောက် –

"ဟယ်လို အမိန့်ရှိပါရှင်"

အံ့မယ် ဒီလိုကျတော့ 'မ'က ယဉ်ယဉ်ကျေးကျေး ချိုချိုသာသာ ပြောသားပဲ။ မင်းသစ္စာ ဘာမှမပြောဘဲ ငြိမ်နေလိုက်တော့–

"ဟယ်လို"





"––––––"

"ဟယ်လို"

"––––––"

"ဘယ်သူမှန်းလဲမသိဘူး ဘာမှလည်းမပြောဘူး။ ဟယ်လို ဟယ်လို အမိန့်ရှိပါရှင်"

"မ"

"–––––"

" 'မ' ကျွန်တော်ပါ"

"ကျွန်တော်၊ ဘယ်ကကျွန်တော်လဲ"

"မင်းသစ္စာပါ 'မ'။ 'မ' ဖုန်းမချလိုက်ပါနဲ့နော်။ ကျွန်တော် အိပ်မပျော်လို့ 'မ' ဆီ ဖုန်းဆက်လိုက်တာပါ 'မ' ကို ကျွန်တော် အရမ်းသတိရနေတယ်"

"ဒီမှာ"

"–––––"

"မင်းဘာသာမင်း အိပ်ပျော်တာ မပျော်တာ ငါနဲ့မဆိုင်ဘူး။ မင်းကို အပျင်းပြေအောင် လက်ခံစကားပြောပေးရအောင် ငါ့မှာ အချိန်မရှိဘူး။ ငါ အလုပ်လုပ်နေတယ်။ မင်း အိပ်မပျော်ရင် အိပ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



သောက်အိပ်၊ အဲဒီထက်ပိုအိပ်ချင်ရင် အဆိပ်သောက်လိုက်။ တစ်သက်လုံး မနိုးသော အိပ်စက်ခြင်းနဲ့ အိပ်သွားလိမ့်မယ်၊ ရှင်းလား''

''မ''

''တွီ''

တားချိန်တောင်မရလိုက်ပဲ ဖုန်းချသွားလေသည်။ အဲဒီလောက်တောင် ဥပေက္ခာပြုနိုင်တယ်လား 'မ' ရယ်။

❋



## အခန်း (၁၇)

''နင့်မျက်နှာကြီးက အဲဒီလိုမနေစမ်းပါနဲ့ မင်းသစ္စာရယ်။ ခုမှ လက်နှီးစုတ်ကို ရေနွေးနဲ့ စိမ်တဲ့ရုပ်နဲ့၊ နင်မသိတာလည်း မဟုတ်ဘူး။ မေတ္တာဆိုတာ အလျားအနံ မရှိပေမယ့် အသွားအပြန်ရှိတယ်တဲ့၊ အားမလျှော့စမ်းပါနဲ့''

''ဘယ်သူက အားလျှော့လို့လဲ''

အပြောမတတ်တော့ ဆဲတာနဲ့တူတယ်ဆိုတာမျိုး။ နိုင်ဇင်အားပေးစကားပြောတာကိုပဲ မင်းသစ္စာက ပြန်ပေါက်လေတော့ နိုင်ဇင်ခမျာ ဇက်ကလေးပုသွားရှာလေသည်။

''နင်ပြောတဲ့ အလျားအနံမရှိပေမယ့် အသွားအပြန်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ၅၂၈–သာ ဖြစ်ချင်ဖြစ်မယ် ၁၅၀၀ တော့ မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

မေးလိုက်သူက ဖွဲ့ဟာန်ပါ။

"မင်းစဉ်းစားကြည့်လေ၊ ညီတော်လက္ခဏာက နောင်တော်ရာမနဲ့ သီတာ အပေါ်မှာ အချစ်ချင်းတူပါလျက် လေးတော်ကိုမတင်ဘဲ နောင်တော်အတွက် စဉ်းစားပေးတာက မေတ္တာတရား"

"ဘယ်သူက တူတယ်ပြောလဲ။ ရာမက ပိုချင်ပိုနေမှာပေါ့"

"မင်းစကားကို ကပ်မပြောနဲ့ သာဦး"

"မင်းနဲ့ငါ အာဝေးကြီး"

"ဟော့ကောင်"

"ဆက်ပြော"

မင်းသစ္စာ လက်သီးနှင့်ရွယ်တော့ သာဦး သူဘာမှမပြောသလိုလုပ်ပြီး တစ်ဖက်သို့ လှည့်ကာ ဖုန်းမှုန်ပြင်ကို ဟိုပွတ်ဒီပွတ်လုပ်နေသည်။ ဘယ်လောက်ဒေါသဖြစ်ဖို့ ကောင်းလိုက်ပါသလဲ။

"ဒသဿက ဘယ်လောက်ပဲချစ်ချစ် ရင်ကွဲမတတ် ဖြစ်နေတာတောင် သီတာက ပြန်မချစ်နိုင်တာ ဘာလဲ။ အဲဒါက တန်ဖိုးမြင့်ပြီး ရေစီမ်မခံတဲ့အချစ်။ ၁၅၀၀ အချစ်"





"အဲဒီတော့"

ဒီတစ်ခါ ဝင်ထောက်သူက ညီလင်းထက်ပါ။

"အဲဒီတော့ အလျှားအနံမရှိသလို အသွားအပြန်လည်း မရှိတဲ့ ငါ့အချစ်ရွေးကို ဘယ်လိုလုပ်ရမလဲ"

"မင်းကလည်း ယပင်းနဲ့မှ ချစ်လို့မှ မတွဲပြန်ရင် ယရစ်နဲ့ ခြစ်ပေါ့ကွ။ ဘောလ်ပင်နဲ့လေ ... ဟဲ ဟဲ"

"ခွေးကောင်"

ညီလင်းထက် ဇက်ပိုးကို ဖွဲ့ဟာန်က လက်ဝါးနှင့်အုပ်ချလိုက်၏။ ကိုယ်က အကောင်းပြောနေတာကို အကောင်းပြန်မပြောကြတော့ မင်းသစ္စာ စိတ်တိုစွာနှင့် ရှုတည်တည် ကြည့်ပစ်လိုက်သည်။ ပြီးတော့ ဝီကေတစ်ခုကို အခွံခွာပြီး ပါးစပ်ထဲထည့်လိုက်တာ ဘာမှမပြောတော့ဘူးဆိုတဲ့သဘောပါ။ မခက –

"အဲဒီလောက်လည်း စိတ်ဓာတ်ကျမနေစမ်းပါနဲ့ မင်းသစ္စာရယ်။ ငါ တစ်ယောက်လုံးရှိနေတာကို"

မင်းသစ္စာ ဝီကေဝါးတာကိုရပ်ပြီး မခကို ပေစောင်းစောင်းကြည့်ကာ –

"နင်ရှိတော့ရော ဘာလုပ်ပေးနိုင်လို့လဲ။ 'မ' ရှင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးနေတဲ့ နှလုံးသားကို အသက်ပြန်သွင်းပေးနိုင်လို့လား''

''ဟုတ်တယ်၊ မကြီးရဲ့နှလုံးသားကို အသက်ပြန်ဝင်လာအောင် ငါကြိုးစားကြည့်မယ်။ နေစမ်းပါဦး။ မကြီးရဲ့နှလုံးသားကို သေဆုံးသွားပြီလို့ ဘယ်သူကပြောလဲ''

''သူပဲပြောတာ''

''မကြီးလား''

''ဟုတ်တယ်''

မခ ဟားခနဲ ရယ်ပစ်လိုက်၏။ ပြီးမှ –

''မင်းသစ္စာရယ် . . . နင်ကလေ နတ်သား ကချင်တယ် ထဘီက စုတ်စုတ်ဆိုတာမျိုးပဲ သိလား''

''ဘယ်လို''

သူငယ်ချင်းတွေထဲက မခ စကားကို နားမလည်သလို ပြန်မေးတာ နှစ်သံထွက်လာပေမယ့် မခက ပြန်မဖြေပေ။ ဒါက လိုရင်းမှ မဟုတ်တာ။ လိုရင်းက –

''အချစ်ဆိုတာသာ သေချင်သေမယ် နှလုံးသားက ဘယ်လို လုပ်ပြီးသေလို့ ရမှာလဲ မင်းသစ္စာရဲ့။ လူတွေသေမှ နှလုံးခုန်တာရပ်တာ။ နှလုံးခုန်ရပ်လို့ လူကသေတယ်။ အခု မကြီးက အသက်





ရှင်လျက် ရှိနေတာကို နှလုံးသားကလည်း ရှင်သန်နေဆဲပဲ၊ အဲဒီလို ရှင်သန်နေသေးသရွေ့ အချစ်ဆိုတာလည်း အိပ်မက်ကနေ လန့်နိုးချင်နိုးလာမှာပဲလေ။ ဟူး . . . ရှင်းပြရတာ မောလိုက်တာ''

''မှုရသေးကက်မလား မခ''

လေးက ခပ်ရွှဲရွှဲမေးတာကို မခက ခေါင်းခါပြလေသည်။ သူမ မင်းသစ္စာကို သနားပါသည်။ မကြီးကို သူခများ တကယ်ချစ်ရှာတာပဲလို့ တွေးပြီးသနားတာ။ မခလည်း ဘာဖြစ်နေမှန်းမသိတော့ပါဘူး။ အရင်ကဆို မကြီးသူငယ်ချင်းတွေက စရင်နောက်ရင်တောင် မခ မကြိုက်ဘူးလေ။

ကိုယ့်မကြီးနဲ့ တူတဲ့ တန်တဲ့သူတောင် မရှိဘူးလို့ထင်တာ။ မကြီးအိမ်ထောင်ပြုမှာကိုလည်း စိုးရိမ်သည်။ မကြီး အိမ်ထောင်ပြုရင် အခုလို ကိုယ့်ကိုချစ်မှ ချစ်ပါ့မလားပေါ့။ အခု မင်းသစ္စာနဲ့ကျတော့ တိုယ်တိုင်ကကို အချိန်တိုတိုလေးအတွင်းမှာ သံယောဇဉ်တွေ တွယ်ရစ်လို့ သူငယ်ချင်းဆိုပေမယ့် ကိုယ့်အစ်ကိုတစ်ယောက်လို ခံစားလို့ရသည်လေ။

မကြီးနဲ့မင်းသစ္စာ။ အသက်အရွယ်ကွာမှန်းလည်းသိသိနဲ့ အရာရာကို ဖြည့်တွက်ပြီး သဘောတူပေးနေမိတာ ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မင်းသစ္စာ"

"------"

"ဟေ့ကောင်"

"ဘာလဲကွ"

"ဟိုမှာ"

စကားကို ရှေ့မဆက်နောက်မဆက်နှင့် သာဦးမောင် တစ်နေရာကိုကြည့်ပြီး လက်ညှိုးထိုးပြလေတော့ သူ လက်ညှိုးညွှန်ရာသို့ မျက်လုံးတွေ ကပ်ပါသွားကြလေလျှင် -

"ဟင်"

ကားပေါ်ကနေ ဆင်းပြီး သူတို့ဆီသို့ လျှောက်လာနေသူက မင်းသစ္စာရဲ့ဖေဖေ ဦးကောင်းသစ္စာပါ။ မင်းသစ္စာထရပ်လိုက်ပြီး-

"ဖေဖေ"

"အေး . . . သူငယ်ချင်းတွေ များနေပါလား သား။ အရင်က သားမှာ မိန်းကလေးသူငယ်ချင်း မရှိဘူးလားလို့"

မိန်းကလေးတွေကို ဝေ့ကြည့်ပြီး အပြုံးမျက်နှာနှင့်ဆိုလေတော့ -

"ဟုတ်တယ် ဖေဖေ၊ သူတို့နဲ့ခင်တာ သိပ်မကြာသေး





ဘူးလေ။ ဒါနဲ့မိတ်ဆက်ပေးရဦးမယ်။ နှင်တို့မှတ်ထားကြနော်၊ ဒါ ငါ့ရဲ့ဖေဖေ ဦးကောင်းသစ္စာတဲ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်လ်။ မင်းသစ္စာပြောလို့သာ ဖိုးရတယ်။ အန်ကယ်လ်က နုနေတော့ မင်းသစ္စာနဲ့ ညီအစ်ကိုလားပဲ ထင်ရတယ်"

နိုင်ဖင်က သွက်သွက်လက်လက်နှင့် ပြောလေတော့-

"ကဲ သား . . . ဖေဖေတော့ ဒီနေ့ သားတို့သူငယ်ချင်းတွေကို ဒကာခံမှဖြစ်တော့မယ်ထင်တယ်"

"အဲဒီအစီအစဉ်ကောင်းတယ် အန်ကယ်လ်။ စားဖို့ ဝါးဖို့ဆို အားမနာပါနဲ့၊ ကျွန်တော်တို့က သဘောကောင်းပြီးသားပဲ"

"အေးပါ . . . အေးပါ"

ညီလင်းထက်ကို မိန်းကလေးတွေ မျက်စောင်းထိုးကုန်ကြ၏။

"ဖေဖေ"

"ဟေ"

"သူက နိုင်ဖင်ဦးတဲ့။ ဒီဘက်က သွယ်ငလေးဖြူ။ ဒီဘက်အစွန်က အမုန်းမခတဲ့ ဖေဖေရဲ့"

သားမိတ်ဆက်ပေးလို့ တစ်ယောက်ချင်း မျက်နှာတွေကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်မိတဲ့ ဦးကောင်းသစ္စာ နောက်ဆုံးကြည့်လိုက်မိတဲ့ မခ မျက်နှာပေါ်မှာတော့ အကြည့်က ကြာရှည်သွားလေသည်။ ဒီမျက်နှာလေးကိုကြည့်ပြီး တစ်ခုခုကို တွေ့ဝေသွားသလိုပါပဲ။ မခကလည်း ပြန်ကြည့်နေရင်း မျက်လွှာချမိလိုက် ပြန်ကြည့်မိလိုက်ပါ။

ဦးကောင်းသစ္စာ။

မခရှေ့သို့ တစ်လှမ်းတိုးလိုက်ပြီး –

"သမီး"

"------"

"သမီးနာမည်က အမုန်း"

"အမုန်းမခပါ အန်ကယ်"

"ဪ"

အမုန်းမခတဲ့။ ဒီနာမည်ရဲ့အဓိပ္ပာယ်ကို ဘယ်လိုယူရမလဲ။ အေးအေးဆေးဆေး မေးကြည့်ချင်ပါတယ်။ အခုမေးဖို့ကအားနာတာမို့

"ကဲ ... သားတို့သမီးတို့ကို အန်ကယ်လ်တစ်ခုခု လိုက်ကျွေးမယ်၊ သွားကြရအောင်"

"အားနာစရာ အန်ကယ်လ်ရယ်"

"အပိုတွေမပြောနဲ့ ... စားဖို့ရှိတာလိုက်စား။ နင်တို့ကို ငါ့





မျက်နှာနဲ့ ကျွေးတာသိလား"

"အောင်မယ်"

"ကဲ ... စကားများမနေကြနဲ့။ တို့ကတော့ အားမနာဘူး စားမှာပဲ"

ပြောလိုက်သူက ဇွဲဟန်ပါ။ သာဦးမောင်တို့တက်ကိုလှည့်ပြီး

"သူငယ်ချင်းတို့ရေ"

"ဝေ"

"အားမနာတမ်း စားပေးကြမယ် မဟုတ်လား"

"နောက်တောင်ကျနေပြီ"

ရယ်သံမောသံတွေနှင့် စုရုံး စုရုံး ဦးကောင်းသစ္စာ ကိုယ့်ငယ်ဘဝကိုပင် ပြန်သတိရမိတော့၏။ ဒီအရွယ်တွေက စကြနောက်ကြ ပျော်ကြပါးကြနှင့် ဘာနှင့်မျှ မလဲနိုင်သော လွတ်လပ်သည့်ဘဝပါ။

ဪ ... သူတို့လည်း တစ်နေ့ ကိုယ်တွေရဲ့နေရာကို ရောက်လာကြဦးမှာပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

သားသူငယ်ချင်းတွေနဲ့ ရယ်စရာမောစရာပြောကြရင်း စိတ်ပျို့တော့ ကိုယ်နှုခိုသလို ကိုယ့်ကိုယ်ကိုယ် အနှစ်နှစ်ဆယ်လောက်ပြန်ငယ်သလိုမျိုး ဦးကောင်းသစ္စာရင်ထဲမှာ ခံစားရပါသည်။

"ကဲ ... သားတို့သမီးတို့ ဘာစားမလဲ ဘာသောက်မလဲ။ ကိုယ်ကြိုက်တာသာ ကိုယ်မှာကြ။ ဝအောင်လည်း စား၊ ကျန်အောင်လည်း ထားကြပေါ့ ... ဟဲ ဟဲ"

"ကျွန်တော်တို့က ကျန်အောင်ထားရင် လက်ကျန်တွေ အန်ကယ်လ်က ဘာလုပ်မလို့လဲဟင်"

မေးလိုက်သူက ညီလင်းထက်ပါ။





"မင်းကလည်း စားပြီးသားတော့ ချန်ထားနိုင်းမလားကွ။ အန်ကယ်ပါလာတဲ့ပိုက်ဆံလေးကို ကျန်အောင် ချန်ထားပေးနိုင်းတာ ဟုတ်တယ်မို့လား အန်ကယ်"

"အေး ...း ဟုတ်တယ်၊ ဟုတ်တယ်၊ မင်းပြောတာအမှန်ပဲ၊ မောင်ဖွဲ့ဟန်ရေ ... ဟား ဟား"

"အန်ကယ်လ်က သမီးတို့ကို မျိုမကျအောင် လုပ်နေပြန်ပါပြီ"

"ဟာ ... မဟုတ်ရပါဘူး သမီးရယ်။ အန်ကယ်လ်က နောက်တာပါ။ ကြိုက်တာသာ မှာကြ"

ဝိတ်တာလေးရောက်လာတော့ ကိုယ်ကြိုက်တာကိုယ် အလုအယက်မှာကြလို့ ဝိတ်တာပင် ခေါင်းကုတ်ပြီး တစ်ယောက်ပြီးမှ တစ်ယောက်ပြောကြပါဗျာ။ ကျွန်တော် ဘာကစအရင်မှတ်ရမှန်းမသိလို့ပါ။ ကျွန်တော် ဒီနေရာကနေ ဘယ်မှထွက်မပြေးပါဘူးလို့ ပြောရသည်အထိ ဗရုတ်ကျသူတွေပါ။

အားလုံးမှာပြီးချိန်မှာတော့ –

"သမီး အမုန်းမခ"

"ရှင် အန်ကယ်လ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို အန်ကယ်လ်ကို စပ်စုတယ်လို့တော့ မထင်နဲ့နော် သမီး။ သမီးအကြောင်း အန်ကယ်လ် နည်းနည်းပါးပါးသိချင်တာလေးရှိလို့ မေးခွင့်ရှိမလားမသိဘူး။ သမီးက အန်ကယ်လ်အသိတစ်ယောက်နဲ့ ရုပ်ချင်းဆင်သလိုရှိလို့ပါ"

"ဪ . . . ရပါတယ် အန်ကယ်လ် မေးပါရှင့်။ မခ ဖြေနိုင်တာဆိုရင် ဖြေပါ့မယ်။ မသိတာရှိလို့ မဖြေနိုင်ရင်တော့ အန်ကယ်လ် နားလည်ပေးပါ"

ဦးကောင်းသစ္စာက ခေါင်းညိတ်ပြလေသည်။ မခမှာ မဖြေနိုင်လောက်အောင် လျှို့ဝှက်ချက် ဘာမှ မှမရှိတာ။ အန်ကယ်လ်ကရော ထွေထွေထူးထူး ဘာမေးနိုင်မှာမို့လို့လဲ။ မခတို့မှာ မိသားစုအရှုပ်အထွေးလည်း ဘာမှမရှိပေ။ မခတို့မိသားစုဘဝ ရိုးရိုးလေးပဲဥစ္စာ။

"သမီး"

"ရှင်"

"အန်ကယ် ပထမဆုံးသိချင်တာက သမီးရဲ့မိဘတွေနာမည်နဲ့ ဘာအလုပ်လုပ်လဲဆိုတာကို သိချင်တာပါ။ သမီးပြောပြနိုင်မလား"

"ဘာလို့မပြောပြနိုင်ရမှာလဲ အန်ကယ်လ်ရဲ့။ မခရဲ့မိဘတွေက မခ ငယ်ငယ်လေးကတည်းက ဆုံးသွားကြတာပါ။ အခု မခက





မကြီးရဲ့အုပ်ထိန်းမှုအောက်မှာနေရတာပါ အန်ကယ်လ်။ မကြီးဆိုတာက မခရဲ့အစ်မပါ၊ မခနဲ့တော့ အသက်တော်တော်ကွာပါတယ်"

"ဪ"

"မခ အဖေက ဦးသိန်းနိုင်၊ မေမေက ဒေါ်နွယ်နွယ်ဦးပါ အန်ကယ်"

"ဟင်"

ဦးကောင်းသစ္စာ မျက်မှောင်ကြုတ်သွားပြီးမှ မခမကို ခပ်တွေတွေလေးကြည့်မိလေသည်။ သူ ဘာကြောင့်မေးလဲဆိုတာကို မခက အရင်းတွေ အမြစ်တွေ လိုက်ရှာဖို့ စိတ်မဝင်စားပေမယ့် မေးတဲ့သူကတော့ အကြောင်းရှိလို့ မခတို့မိသားစုဆိုတာကို မေးမိတာပါ။

"မခရဲ့အစ်မနာမည်ကရော မခ"

"မုန်းခက်ထန်ပါ ရှင့်"

"မုန်းခက်ထန်"

"ဟုတ်ကဲ့"

ဦးကောင်းသစ္စာ နာမည်မေးတုန်းက ခါးကိုဆန့်၍ မေးလိုက်မိပေမယ့် အဖြေကြားရပြီးနောက်မှာ မသိမသာ သက်ပြင်းချမိပြီး ခါးက ပြန်ခွေသွားလေသည်။ တစ်ခုခုတော့မှားနေပြီထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေမရှိကြတော့ မကြီးက မခရဲ့အမေဆိုရင်လည်း မမှားပါဘူး အန်ကယ်လ်။ မကြီးကလည်း မိခင်တစ်ယောက်လို စိတ်ခါတ်မွေးပြီး မခကို ငဲ့တာထင်ပါရဲ့။ အခုထိတောင် အိမ်ထောင် မပြုရှာပါဘူး"

"ဟုတ်လား . . . ကောင်းတာပေါ့ကွယ်"

"ပြောလို့ ဒီနေ့ပြီးဦးမှာလား မခ။ နည်းနည်းစကားစပေး လိုက်တာနဲ့ သူ့အစ်မအကြောင်းကို ဝတ္ထုတစ်အုပ်လိုများ ပြောတော့ မလားမသိဘူး"

မလေးက ပြောလေလျှင် မင်းသစ္စာက –

"ပြောတော့ဘာဖြစ်လဲ။ မကြီးချင်နားပိတ်ထားလေ။ မခ ပြောသာပြော။ နားထောင်သူမရှိရင် ငါတစ်ယောက်တည်း နားထောင် မယ်"

မင်းသစ္စာ အားလုံးမျက်စောင်းထိုးတာကို ခံလိုက်ရ၏။ 'မ' အကြောင်းဆိုရင် သူက တစ်နေကုန် နားထောင်နေရလည်း နား ထောင်နေမယ့်သူပါ။ 'မ' နဲ့ပတ်သက်လာရင် သူ့ မျက်လုံးတွေက ဘယ်တော့မှညောင်းမှာ မဟုတ်သလို နားကလည်း ဘယ်တော့မှာ ငြီးမှာမဟုတ်ပေ။





အဲဒီလောက်ကိုပဲ ချစ်တာပါ 'မ'။

"သား"

"ဗျာ"

"ဟို့တစ်နေ့သာက သားမွေးနေ့သွားတယ်ဆိုတာ ဒီသမီး သုံးယောက်ထဲက ဘယ်သူလဲ သား"

"မခမွေးနေ့ပါ ဖေဖေ"

"ဩော် . . . ဩော်"

မွေးနေ့သွားမယ်ဆိုတုန်းက သားပြောခဲ့ဖူးသည့်လေ။ ဒီနာ မည်တွေကို မရင်းနှီးလို့ မှတ်မထားပေမယ့် ကြားခဲ့ဖူးသည် မဟုတ် လား။ သားက မွေးနေ့ရှင်ရဲ့အစ်မကို ချစ်နေတာတဲ့။ ဒါဆို မုန့်ခက် ထန်ပဲပေါ့။ မခနဲ့ အသက်ကွာတယ်ဆိုတော့ သားနဲ့လည်း အသက်က ကွာမှာ။

မုန့်ခက်ထန်က ဘယ်လိုမိန်းကလေးမျိုးလဲ။

သားပြောတာတော့ မာနကြီးတယ်။ ယောကျ်ားတွေကို အထင်မကြီးဘူးတဲ့။ ကိုယ်သိတဲ့မိန်းကလေးတစ်ယောက် ဖြစ်နေ သောလို့။ စရိုက်ကတော့ ဆန့်ကျင်ဘက်ပါ။ ပြီးတော့ သူမက တစ် ဦးတည်းသောသမီးပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ –

တူတာတစ်ချက်ငြိသေးတော့ ဘယ်လိုဖေဖန်ရမလဲ။ ကိုယ်နဲ့ မတွေ့ရတော့တဲ့နောက်ပိုင်းမှ မွေးတာလည်းဖြစ်နိုင်တာပါပဲ။ အချို့လေးဆယ်ကျော်မှမွေးတာတွေ ရှိတာပဲလေ။ မုန်းခက်ထန်ဆိုတာမင်း မဖြစ်ပါစေနဲ့လို့ ကိုကို ဆုတောင်းပါတယ် လေပြေရယ်။

"ဖေဖေ"

"ဟင်"

"အဲဒီနေ့က သား ဖေဖေ့ကို ပြောပြခဲ့တယ်လေ"

"ဖေဖေ မှတ်မိပါပြီကွာ"

ဒါပဲပြောပြီး ကျန်တာ ဆက်မမေးတော့ပေ။ အတွေးစတွေကို ဖြတ်တောက်ပြီး ကလေးတွေနဲ့အတူ ရှိနေချိန်မှာ သူတို့လိုပဲ ပြုံးလိုက်ရယ်လိုက်နဲ့ပဲ အချိန်တွေကုန်လွန်ပါစေတော့။

❋



## အခန်း (၁၉)

ဦးကောင်းသစ္စာ အိပ်လို့မပျော်တာနှင့် ဝရန်တာသို့ ထွက်လာခဲ့တော့သည်။ အတွေးတွေက ငယ်ဘဝဆိုတာကို ပြန်လည်တောင်းတချင်တာမျိုးပါ။ အချစ်နဲ့ပတ်သက်ပြီး ကိုယ်က ကံမကောင်းခဲ့သူလေ။ ဒါကြောင့် ကိုယ့်သားကိုတော့ အချစ်ရေးမှာ ကံကောင်းစေချင်သည်။

လေပြေ။

မဠိုးကို ကိုကို သတိရနေပါတယ် လေပြေရယ်။ သူမရဲ့ နာမည်အပြည့်အစုံက ပန်းလေပြေညင်းတဲ့။ နာမည်နဲ့လိုက်အောင် ဒန်းကလေးတစ်ပွင့်လို လှပပြီး လေပြေညင်းလေးလို နူးညံ့သိမ်မွေ့သူလေးပါ။ ခြံချင်းကပ်မို့ မိသားစုအရင်းအချာတွေလို နေလာကြပြီး



www.burmeseclassic.com

www.burmeseclassic.com



လေပြေခံသယ်တန်းနှစ်မှာ –

ကောင်းသစ္စာက စာပြဲပေးရသည်လေ။ အသက်က ငါးနှစ်လောက်ကွာပြီး အဲဒီတုန်းက လေပြေသည် ကလေး၊ ကိုယ်ကလူကြီးစာရင်းဝင်တစ်ယောက်ပေါ့။

“လေပြေ”

“– – – – –”

“လေပြေ”

“အင်”

“ကြည့်စမ်း စာတွေရှင်းပြနေတာကို စာမကြည့်ဘဲ ဘယ်ကိုကြည့်နေတာလဲ”

“အဟဲ . . . ကိုကို့ကိုကြည့်နေတာ”

“ဘာ”

သူ့အော်လိုက်တော့ လေပြေ ဇက်ကလေးပုသွားလေသည်။ သူလည်း စိတ်ထဲက တင်းခနဲဖြစ်သွားတာပေါ့။ ကိုယ်ကတော့ ပါးစပ်ရွဲအောင် ရှင်းပြနေပြီး ဒင်းလေးကတော့ စာကို စိတ်မဝင်စားဘဲ ကိုယ့်မျက်နှာကိုကြည့်နေသည်တဲ့။ အဲဒါကြောင့် ကိုယ့်မျက်နှာကို လက်ညှိုးထိုးပြပြီး –





“ငါ့မျက်နှာမှာ ဘာရှိလဲ”

“အင်း . . . ဘာမှမရှိပါဘူး”

“ငါ့မျက်နှာမှာ စာတွေရှိလို့လားလို့မေးတာ ငတုံးမရဲ့”

“အား”

ပြောရင်း လက်က လေပြေနားရွက်ကိုလိမ်ဆွဲမိလေတော့ လေပြေက မျက်နှာလေးရှုံ့မဲ့ပြီး အော်တာတောင် ခပ်တိုးတိုးရယ်ပါ။

“နာလိုက်တာ၊ ကိုကို အရမ်းရက်စက်တာပဲ”

“အဲဒီလိုရက်စက်တာ နင့်အတွက်လေ။ ငါ့အတွက် တစ်ပြားသားမှမပါဘူး။ ကဲ စာအုပ်ကိုကြည့်”

“ကိုကိုက ချောလို့ ကြည့်မိတာကို”

“ဘာ”

“နောက် မကြည့်တော့ဘူး”

“မကြည့်နဲ့ စာပဲကြည့်”

လေပြေ ခေါင်းလေးငုံ့သွားပြီး စာအုပ်ကိုကြည့်နေတာ မျက်နှာနှင့်ထိကပ်တော့မည့်မတတ်ပါ။ သူ စာကို ဆက်ရှင်းပြလေတော့ လေပြေ စိတ်ဝင်တစား စာကို အာရုံစိုက်နေတယ်ပဲထင်တယ်။ စာအုပ်ပေါ်သို့ စိုစွတ်စွတ်အရာတွေ ပေါက်ခနဲ ပေါက်ခနဲ ကျလာတာ



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်တော့မှ –

"ဟင်"

သူ စာရှင်းပြတာကိုရပ်လိုက်ပြီး –

"လေပြေ"

"____"

"လေပြေ ခေါင်းမော့စမ်း"

သူပြောပေမယ့် လေပြေက ခေါင်းမော့မလာပေ။ ဒါကြောင့် သူကိုယ်တိုင် မေးစေ့ကိုကိုင်ပြီး ဆွဲမော့စေလိုက်တော့ မျက်ရည်စက်လက်နှင့် မျက်နှာလေးကိုမြင်ပြီး သူ စိတ်မကောင်းဖြစ်ရသည်သာ။

"လေပြေ၊ လေပြေ ငိုနေတယ်"

"အဲဟင့်"

"ကိုကိုနားရွက်ဆွဲတာ အရမ်းနာသွားလို့လားဟင်"

"နာတာပေါ့လို့"

ခပ်ဆောင့်ဆောင့်အသံလေးထွက်လာတော့ သူ ပြုံးလိုက်မိပြီး လေပြေ ခေါင်းလေးကိုပွတ်သပ်ပေးမိကာ –

"မငိုပါနဲ့ လေပြေရယ်။ ကိုကိုက စေတနာနဲ့ပါ။ ဒီနှစ် လေပြေက ဆယ်တန်းလေ။ ဆယ်တန်းဆိုတာ ကိုယ်က ကြိုးစားနိုင်မှ





လေပြေရဲ့။ ကိုကို ခုလိုပြောနေတာတွေက လေပြေကိုမုန်းလို့မှ မဟုတ်ပဲကွာ"

"ဟင်"

လေပြေ သူ့မျက်နှာကိုမော့ကြည့်လာတော့ မျက်ရည်တွေကို သုတ်ပေးလိုက်သည်။ ဒီတော့ လေပြေ နှုတ်ခမ်းလေးတွေ ပြုံးလာပြီး

"ဒါဆို ကိုကိုက လေပြေကို ချစ်လို့ပေါ့နော်။ ဟုတ်လား ကိုကို"

"အင်း ... ချစ်တာပေါ့"

လေပြေ သူ့ရင်ခွင်ထဲကို တိုးဝင်လာတော့ သူ အလိုက်သင့်ပဲ ပြန်ဖက်ထားလိုက်မိသည်။ အစကတော့ ချစ်တယ်ဆိုတာကို အမျိုးအစားမခွဲဘဲ ရိုးရိုးလေးပြောလိုက်တဲ့ကောင်သာစွာ။ လေပြေ တစ်ကိုယ်လုံး ကိုယ့်ရင်ခွင်ထဲရောက်လာတော့ သူမလေးရဲ့ရင်ခုန်သံတွေက ကိုယ့်ရင်ဘတ်ဆီကို ကူးစက်လာခဲ့သည်လေ။

လေပြေအရွယ်က –

စိတ်ကစားတဲ့အရွယ်။ သစ်ရွက်ကြွေရင်တောင် ရယ်ချင်တဲ့ အရွယ်ဆိုတာမျိုးပေါ့။ ကိုယ်ကလည်း နေ့ရက်တိုင်းမှာ စာပြီးရင်းသာနဲ့ ဘာကိုပဲ အာရုံစိုက်ဖြတ်သန်းလာခဲ့သူဆိုတော့ အချစ်ဆိုတာနှင့် စိမ်း



www.burmeseclassic.com

www.burmeseclassic.com



သက်နေခဲ့သူ။

အခု ရင်းနှီးမှုရှိအလိုလိုပါလား။ အချစ်ဆိုတာကို ကာလာတွေ ခြား အမျိုးအစားမခွဲခြားတတ်ခဲ့သူ။ အခုကျတော့ ရင်ခုန်သံတွေက အချစ်ဆိုတာကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။ တစ်ဆက်တည်းတွေးလိုက်မိတာက လေပြေနဲ့ ကိုယ့်ကြားမှာ မဖြစ်နိုင်စရာတွေ မရှိဘူးဆိုတာကိုပေါ့လေ။

"ကိုကို"

"ဟင်"

"လေပြေကို ကိုကို တကယ်ချစ်တာလားဟင်"

"တကယ်ပေါ့ လေပြေရဲ့၊ ကိုကိုက လေပြေကို ခုမှချစ်တာမှ မဟုတ်တာ။ အရင်ကတည်းက ချစ်တာပဲလေ"

"ဟင့်"

"ဘာဖြစ်လို့လဲ"

"လေပြေပြောတာက အဲဒီလိုမဟုတ်ဘူးလေ ကိုကိုရဲ့၊ ဘယ်လိုပြောရမလဲ လေပြေမသိတော့ဘူး"

လေပြေ သူ့ရင်ခွင်ထဲကနေ ရုန်းထွက်သွားတော့ လွှတ်ပေးလိုက်ရတာ ရင်ထဲမှာဟာသွားသလိုပါ။ ဒါပေမဲ့ ကိုယ်က အသက်





အရွယ်အရ ထိန်းသိမ်းရမည်သာ။

"လေပြေမသိရင် ကိုကိုပြောပြမယ်"

"———"

"အရင်တုန်းကတော့ လေပြေကို ကိုကို ညီမလေး တစ်ယောက်လိုပဲ ချစ်ခဲ့တာပါ။ အခု အဲဒီအချစ်မျိုးနဲ့ မဟုတ်တော့ဘူးလေ။ အဲဒါထက် ပိုတယ်ဆိုရင် လေပြေ သဘောပေါက်တယ် မဟုတ်လား"

လေပြေက သူ့ကို ခပ်တွေတွေလေး ကြည့်နေသည်။ သူ လေပြေရဲ့မေးဖျားလေးကို ကိုင်လိုက်ပြီး –

"အခု လေပြေက ဆယ်တန်းပဲရှိသေးတာ၊ ဘာမှစဉ်းစားမနေနဲ့၊ စာကိုပဲကြိုးစားနော်။ လေပြေဆယ်တန်းအောင်တဲ့အခါကျတော့ လေပြေ သိချင်တာတွေ ကိုကိုရှင်းပြမယ် ဟုတ်ပြီလား"

"ဟုတ်"

လေပြေက ခေါင်းလေးညိတ်ပြီး သူပြောတာကို နားခံလေသည်။ ရွှေလေပြေဆယ်တန်းမအောင်ခင်ကာလမှာ မသိမသာ ချစ်သူဘဝကိုရောက်ခဲ့ကြပေမယ့် အခြားချစ်သူတွေလို ထဲထဲဝင်ဝင် ပေါ်ပေါ်တင်တင်လည်း မဟုတ်ခဲ့ပေ။

※



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

လေပြေက သူ့ကို ဘယ်လောက်ချစ်သလဲဆိုရင် သူပြောသမျှ ဟုတ်ကဲ့ ဟုတ်ကဲ့နှင့် ခေါင်းညိတ်တတ်သူ ငယ်တဲ့သူဆိုတော့ တစ်ခါတလေ ဆိုးတာနွဲ့တာတော့ ရှိတာပေါ့။ အဲဒီလိုအခါမျိုးကျတော့ ကိုယ်က အလျှော့ပေးသင့်တာမျိုးဆို အလျှော့ပေးရသည်ပေါ့။ စာကြိုးစားဆိုတော့ –

ကြိုးစားလိုက်တာမှ –

ဆယ်တန်းစာမေးပွဲလည်းပြီးရော စိတ်ဒုံးဒုံးချလိုက်တာနှင့် နေမကောင်းဖြစ်ရောလေ။

"လေပြေ"





"ဟုတ် ကိုကို"

"ဘယ်လိုနေသေးလဲ သက်သာရဲ့လား"

"လေပြေ နေကောင်းနေပါပြီ ကိုကိုရဲ့။ အာဂန္တုရောဂါလေးပါ။ ဘာမှမဖြစ်ဘူးနော်"

"ဘာပဲဖြစ်ဖြစ် ဂရုစိုက်ရမှာပေါ့ လေပြေရဲ့။ ရောဂါဆိုတာ သေးသေးလေးကနေပြီး ကြီးလာတတ်တာမျိုးလေ။ ကိုကိုက စိုးရိမ်လို့ပြောတာကို"

စိုးရိမ်လို့ဆိုတော့ ပီတိကြောင့် မျက်ဝန်းလေးတွေက လဲ့နေသည်။ သူ့ နှာသီးဖျားလေးကို လိမ်ဆွဲတော့ ရယ်နေလို့ပေါ့။ မချစ်ဖူးတဲ့ အချစ်ဦးတွေဆိုတော့ နှစ်ယောက်စလုံး အရူးအမူးပါ။

"ကိုကို"

"ဗျာ"

"လေပြေအတွက် တကယ်စိုးရိမ်တာလားဟင်"

"တကယ်ပေါ့လေပြေရဲ့၊ လေပြေသာ တစ်ခုခုဖြစ်ရင် ကိုကို ရှိမှာသိလား"

"လေပြေလည်း ကိုကို့ကို အရမ်းချစ်တယ်"

"ဘယ်လောက်များများ ချစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုင်း ... ဘယ်လောက်များများ ချစ်လဲဆိုတော့"

လေပြေ ခေါင်းလေးကိုမော့ပြီး မေးဖျားလေးကို လက်ညှိုးလေးနှင့် ကုတ်ခြစ်သလိုလုပ်ကာ စဉ်းစားဟန်ရှိပြီးမှ –

"ဟောဒီလောကကြီးတစ်ခုလုံးထက်ပိုချစ်တယ် ကိုကိုရာ။ ကိုကိုကရော လေပြေကို ဘယ်လောက်ချစ်လဲ"

"လေပြေထက် နှစ်ဆပိုတယ်"

"ဟာ ... မပိုပါဘူး၊ လေပြေက ပိုတာပါ"

"ကိုကိုကပိုတာပါဆို"

"မရဘူးကွာ၊ လေပြေပိုမယ်"

"ဟင့်အင်း ... ကိုကိုပဲ ပိုမယ်ကွာ"

"ဒါဆို ပြိုင်မယ်"

လေပြေ ပြောဆိုနေတဲ့အမူအရာတွေက တကယ့်ကို အပြစ်ကင်းစင်တဲ့ကလေးတစ်ယောက်ကို ချစ်စရာကောင်းနေသည်။ ဒါကြောင့် သူ ဖျတ်ခနဲနမ်းလိုက်တော့ ရှက်သွေးဖြာတဲ့မျက်နှာလေးက ငုံ့ကျသွားပြီး စကားသံက တိတ်ဆိတ်သွားလေတော့သည်။ ကိုယ်ကပဲ စကားပြန်စပြီ –

"ဘယ်လိုပြိုင်မှာလဲ ပြောပါဦး"





ဒီတော့မှ ခေါင်းလေးပြန်မော့လာတော့ –

"ပြောလေ"

"ပြောမယ့်စကားတောင် မေ့သွားပြီ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကိုကိုက နမ်းလိုက်တာကိုးလို့"

ကောင်းသစ္စာ လေပြေကိုယ်လေးကိုပွေ့ဖက်ပြီး ခေါင်းမော့၍ လွတ်လပ်စွာ ရယ်ပစ်လိုက်သည်။ ချစ်တာကိုတောင် ပြိုင်မယ်တဲ့။ ချစ်သူနှစ်ဦးကြားမှာ အချစ်က ပြိုင်ဖို့ဆိုင်ဖို့မှ မဟုတ်ဘဲလေ။ ပြိုင်လို့လည်း မရပါဘူး။ လေပြေ ဒါကို မသိနိုင်သေးပါဘူးလေ။

"ကိုကိုက လေပြေကို ပိုချစ်တယ်ဆိုရင် မျောက်လိုကပြ"

"ဟင်"

"ဘယ်လိုလဲ"

အခြားဟာမပူဆာဘဲ မျောက်လိုကပြဆိုတော့ ကောင်းသစ္စာ တွေဝေသွားလေသည်။

"အခြားဟာ ပူဆာပါလားလေပြေရယ်။ မျောက်လိုကပြရအောင် ကိုကိုက ကလေးမှမဟုတ်တာ။ ပြီးတော့ ကလည်း မကတတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မရဘူး၊ လေပြေကို တကယ်ချစ်တယ်ဆိုရင် ရအောင်လုပ် ဒါပဲ။ အဲဒါမှ လေပြေယုံမှာ"

"ကျွတ်"

"မကပြဘူးလား"

"ကမယ် ကမယ်"

အနားမှာ အယ်သူမှရှိတာမှမဟုတ်ဘဲ။ လေပြေနဲ့သူ နှစ်ယောက်တည်းပဲလေ။ ဒါကြောင့် သူ မျောက်က ကပြတော့ လေပြေက သဘောကျစွာ လက်ခုပ်တီး၍ ရယ်လေသည်။

"ဟား ဟား ကိုကိုက မျောက်နဲ့တကယ်တူတယ် သိလား"

"အမ် ... ညည်းပဲပြောတော့ ကိုကိုက အရမ်းချောတာပဲဆို"

"အင်းလေ ... အခု မျောက်လိုကတော့လည်း တူတာပဲဥစ္စာ။ ဆက်က ဆက်က"

"ဟွန်း"

သူ ဆက်လုပ်ပြနေစဉ်မှာပဲ –

"ဟင် ... ကောင်း အဲဒါ ဘာလုပ်နေတာလဲ"

"ဟင်"

သူတို့ဆီသို့ လျှောက်လာနေသူက လေပြေရဲ့မေမေပါ။ သူ





ဒီအိမ်ကိုလာစကတည်းက လေပြေက ခြံထဲဆင်းထိုင်နေတာ ဆိုတော့ သူတို့ရှိနေတာသည် ခြံထဲက ပန်းပင်တွေအနားမှာပါ။

"အန်တီ"

ကောင်းသန့်မှာ ရှက်ရှက်နဲ့ လည်ပင်းမွတ်ရမလို ခေါင်းကုတ်ရမလို ဖြစ်သွားလေသည်။

"အဲဒါ ဘာလုပ်နေတာလဲ ကောင်း"

"ဟို ကျွန်တော်"

"လေပြေက မျောက်က ကခိုင်းလို့ ကိုကိုက ကပြနေတာပါ မေမေရဲ့။ ကိုကို မေမေမြင်ဖူးအောင် ထပ်ကပြလိုက်ပါဦး"

"တော်စမ်း လေပြေ"

အန်တီနွယ်က ကိုယ့်ကို အားနာသွားပုံပါ။ တစ်ဦးတည်းသောသမီး ဖတခိုးလေးဆိုပေမယ့် လိုသည်ထက်ပိုပြီး အလိုမလိုက်ပေ။ ဒါကြောင့်ပဲ ပန်းလေပြေညင်းဆိုတာ အခုအချိန်ထိ ဗိုင်းကောင်းတောက်ဖိန္ဒေား ဖြစ်နေတာပေါ့။ ဒီအရွယ်လေးဆိုပေမယ့် အိမ်မှုကိစ္စ နိုင်နင်းအောင်သင်ထားပေးသည်လေ။

ဒါကြောင့် –

ကိုယ့်မိဘတွေကလည်း လေပြေကို သဘောကျသည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com



နေ့ကျရင် သားနဲ့ လေပြေကို လက်ထပ်ပေးမယ်တဲ့။ ကဲ သူတို့ချစ်သူနှစ်ယောက်ကြားမှာ ဘာများလိုသေးလို့လဲ။

"တစ်ဖက်က အလိုလိုက်တာကို အခွင့်ကောင်းယူပြီး အနိုင်ကျင့်တာ မေမေမကြိုက်ဘူးနော်။ ကောင်းက ကလေးကလား လုပ်ပြနေရမယ့်အရွယ် မဟုတ်ဘူး။ ကလေးလိုလို ခွေးလိုလို မလုပ်နဲ့။ သည်းခံတယ်ဆိုတာ လူတိုင်းမှာ အတိုင်းအတာရှိတယ်"

"အန်တီ"

"ကောင်း"

လေပြေအရှုံးခံရသလို ဖြစ်တော့ သူ စိတ်မကောင်းပေ။ ဒါကြောင့် တစ်ခုခုပြောဖို့ပြင်လိုက်စဉ်မှာပဲ အန်တီက သူ့နာမည်ကို ခပ်မာမာလေသံနှင့် ခေါ်လိုက်တော့ စကားမဆက်ရဲတော့ပေ။

"သူ့ကို နေရာတကာ အလိုမလိုက်နဲ့နော်။ အန်တီမကြိုက်ဘူး။ သူခိုင်းတာကို ဒီတစ်ခါ မင်းလုပ်ပေးမိတာနဲ့ နောက် ငါပြောရင် ရတယ်ဆိုပြီး ထပ်ကျိုကျမှာပဲ။ ကျိုကျတိုင်း လုပ်ပေးမိရင် ပိုဆိုးလိမ့်မယ် နောက် အခန့်မသင့်လို့ မင်းလုပ်မပေးနိုင်တဲ့နေ့ကျ သူ မင်းကို ပြဿနာရှာမှာ ကျိန်းသေပဲ။ အဲဒီအခါကျ မင်းပဲ စိတ်ဆင်းရဲရလိမ့်မယ်"

တော်လိုက်တဲ့ယောက္ခမလောင်းကြီးပါလား။ ကိုယ့်ဘက်ကနေ တွေးပြီးပြောပြနေတာမို့ ဘယ်လိုခေါ်ရမလဲ။ တော်ဝင်ယောက္ခမလောင်းကြီးပေါ့။

"ဟုတ်ကဲ့ပါ အန်တီ၊ နောက်ကို ဒီလိုမဖြစ်အောင် ကျွန်တော် ဆင်ခြင်ပါ့မယ်"

"သမီးလည်း ဆင်ခြင်ပါ့မယ် မေမေ။ နောက်ဆို ကိုကို့အပေါ် မဆိုးတော့ပါဘူး"

အဲဒီနေ့ကစပြီး လေပြေလည်း သူ့အပေါ်မှာ ကလေးဆန်တဲ့ အမူအရာတွေ လုပ်ပြဖို့ မပူဆာတော့ပေ။ နားလည်မှုတွေနဲ့ သာယာပျော်ရွှင်ဖွယ် အချစ်ဇာတ်လမ်းလေး သူတို့နှစ်ဦးကြားမှာ အခက်အခဲမရှိ အတားအဆီးမရှိပေ။

ချစ်ပြီးရင်းချစ်နေကြတဲ့ ချစ်သူနှစ်ဦးကြားမှာ ကံကြမ္မာက သေးကွာစေလို့ သတ်မှတ်လိုက်တဲ့နေ့ကတော့ သူငယ်ချင်းတစ်ယောက် မွေးနေ့ကို သွားမိတဲ့နေ့ပါ။ အဲဒီမှာ ကိုယ့်သူငယ်ချင်းမလေး နန္ဒာအောင်လည်း လာသည်ပေါ့။ နန္ဒာအောင်က သူ့ကို တိတ်တဆိတ် တစ်ဖက်သတ် စိတ်ဝင်စားနေသူပါ။

ဒါကို –

ကိုယ့်ဘက်ကမပါရင် ဘာမှမဖြစ်ဘူးလို့ထင်ခဲ့တာ မှားတာ





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အမှားကြီးပါပဲ။

"ဟော့ကောင် ကောင်းသစ္စာ၊ တို့သူငယ်ချင်းတွေ ဆုံတုန်း နည်းနည်းတော့ချကွာ"

"ဟာ ... သူများမွေးနေ့မှာ မသောက်ချင်ပါဘူးကွာ။ တော်ကြာ မူးမူးရူးရူးနဲ့ ဖင်မှန်းမသိ ခေါင်းမှန်းမသိတွေ ဖြစ်ကုန်ပါ့မယ်"

သူငယ်ချင်းဖိုးသူက သောက်ဖို့စားဖို့ ပြောနေသဖြင့် ကောင်းသစ္စာငြင်းလိုက်သည်။ သူကသာ ငြင်းနေတာ ကျန်တဲ့ကောင်တွေက မော့ကုန်ကြပြီလေ။

"ဖြစ်တော့ရော ဘာဖြစ်လဲကွာ။ အမူးသမားအချင်းချင်းတော့ သစ္စာရှိပါတယ်ကွ။ စိတ်ချ မင်း ဘယ်လောက်မူးမူး အိမ်ပြန်ရောက်စေရမယ်။ တို့တာဝန်ယူတယ်"

"မင်းတို့ကလည်း"

"မရဘူး သောက်ရမယ်ကွာ"

"ချုပ်တိုက်ကွာ၊ တစ်ခွက်လောက် ဝင်သွားရင် ဒီကောင် ခေါင်းမမာနိုင်တော့ဘူး"

"မလုပ်ကြပါနဲ့ကွာ"

"ဘာဖြစ်နေတာလဲ ကောင်းရဲ့။ တို့မိန်းကလေးတွေတော်





ဘီယာလောက်တော့ သောက်တာပဲဥစ္စာ။ သောက်စမ်းပါ"

မှန်ပါသည်။ မိန်းကလေးတွေလည်း ဘီယာသောက်တော့ သောက်နေကြတာပါပဲ။ နောက်ဆုံးတော့ ကောင်းတစ်ယောက် ချုပ်ပေးတဲ့သူကချုပ်ပေး၊ နှာတင်းတိုက်တဲ့သူကတိုက်နှင့်ပဲ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ကောင်းက နည်းနည်းသောက်လျှင် များများမူးတတ်သူလေ။ ဒါကြောင့် သူ ကိုယ့်အကြောင်းကိုယ်သိလို့ ငြင်းခဲ့တာပါ။ အခု သူတို့ ချုပ်တိုက်တာလေးသောက်မိတာနှင့် နောက်ထပ် သူတို့စိတ်ကျေနပ်အောင် နည်းနည်းပဲ ထပ်သောက်တာ မူးနေပြီ။

"အာ . . . ငါမူးနေပြီ၊ ကားမောင်းနိုင်မှာ မဟုတ်တော့ဘူး။ ဟေ့ကောင်တွေ ငါ့ကို ဘယ်သူအိမ်ပြန်လိုက်ပို့မှာလဲ၊ ငါပြန်တော့မယ် ပြန်ပို့"

"လိုက်ပို့မှာပေါ့ကွာ နေပါဦး"

"နေလို့မရဘူး။ ငါပြန်ချင်ပြီ ပြန်ပို့"

"ကောင်းကို နန္ဒာလိုက်ပို့မယ်လေ ထ"





နန္ဒာက သူ့ကိုလာတွဲလေသည်။

"နင်လိုက်ပို့လို့ ဖြစ်ပါ့မလားနန္ဒာ"

"ဖြစ်ပါတယ် ကျော်သက်ရယ်။ ဘာလို့မဖြစ်ရမှာလဲ"

"ဖြစ်ရင်ပြီးရောဟာ"

ဒီလိုနှင့် နန္ဒာနဲ့သူ ကားပေါ်သို့ရောက်လာခဲ့သည်။ သူက ကားမမောင်းနိုင်တော့ဘူးလေ။ ဒါကြောင့် နန္ဒာပဲ မောင်းရတာပေါ့။ ကိုယ်မောင်းရတာမဟုတ်တော့ အချိန်တန်ရင် အိမ်ပြန်ရောက်မှာပဲလို့ စိတ်ကို ဒုံးဒုံးချပြီး သူ အိပ်ပျော်သွားခဲ့သည်။

"ကောင်း"

"_____"

"ကောင်း"

"_____"

"ကောင်း ခဏ ထပါဦး ကောင်းရဲ့"

"ဟင်"

ပခုံးကိုကိုင်လှုပ်ပြီးနှိုးတာကြောင့် သူ လန့်နိုးသွားလေသည်။ မျက်လုံးကို ပွတ်သပ်ကြည့်တော့ ကားကရပ်ထားတာပါ။ ကား ဘာဖြစ်လို့ပါလိမ့်။ ဘယ်နေရာကိုရောက်နေတယ်ဆိုတာလည်း သူ မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကားက ဘာဖြစ်လို့လဲ"

သူမှုတော့ မူနေတာအမှန်ပေမယ့် လူမှန်းသူမှန်းမသိအောင် မူးတာမျိုးတော့ မဟုတ်ပေ။ နည်းနည်းပဲ သောက်တာကိုလေ။

"ကားက ဘာမှမဖြစ်ပါဘူး ကောင်းရဲ့။ ဖြစ်နေတာက နန္ဒာလေ"

"ဟင်"

ပြောရင်း နန္ဒာက သူ့ရင်ခွင်ထဲသို့ တိုးဝင်ပြီး သူ့ခါးကို တင်းနေအောင် ဖက်ထားလေလျှင် –

"နန္ဒာ ... နင် ဘာလုပ်တာလဲ။ ဖယ် ဖယ်စမ်း"

"ဟင့်အင်း ... မဖယ်ဘူး။ ခဏလေးငြိမ်ငြိမ်နေပေးပါ ကောင်းရယ်။ ငါ နင့်ကို အရမ်းချစ်လို့ပါ"

"နန္ဒာ"

"နင့်ကို ငါ အရမ်းချစ်တယ် သိလား"

"-----"

"ကောင်း"

ပထမတော့ ကောင်း သူမလက်တွေကို ဖယ်ချနေခဲ့တာပါ။ သူမက ဖက်ထားရုံမကဘဲ အနမ်းတွေပါ ပေးလာတော့ ဘာဖြစ်သွား





မှန်းကို မသိတော့ပါဘူး။ ကိုယ့်စိတ်တွေက မယုံနိုင်လောက်အောင်ပဲ အထိန်းအကွပ်မဲ့စွာနှင့် သူမအပေါ် တိမ်းညွတ်ယစ်မူးသွားခဲ့သည်။

ဒါကြောင့် အစက သူမလက်တွေကို ဖယ်ချနေမိတဲ့ ကိုယ့်လက်တွေက အခုကျတော့ သူမကိုယ်လေးကို ပြန်ဖက်ထားခဲ့မိသည်။

"ကောင်း"

"----"

"နင်ရော ငါ့ကိုချစ်လားဟင်"

"-----"

"ရပါတယ်၊ နင်ပြန်မချစ်နိုင်သေးရင်နေပါ၊ ငါကတော့ နင့်ကို အရမ်းချစ်တယ်"

သူ့မှာ တုံ့ပြန်စရာစကားမရှိပေ။ သူမကိုယ်လေးကိုသာ တင်းတင်း ပြန်ဖက်ထားမိပြီး –

"နန္ဒာ"

"ဟင်"

ခေါ်ပြီးတော့ ဘာမှမပြောဖြစ်တော့ဘဲ သူရောကိုယ်ရော စကားသံတွေ တိတ်ဆိတ်သွားကြပြီးနောက် –

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ကိုကိုရေ"

"_____"

"ကိုကို"

"______"

"ကိုကို"

"ဟဲ့ သမီးလေပြေ ဘာဖြစ်လာတာလဲ။ ချေကြီးသုတ်ပျာနဲ့ ကွယ်၊ ရင်ထိတ်လိုက်တာ"

သူ့ကို တကြော်ကြော်ခေါ်ရင်း လေပြေပြေးလာသည်မို့ မေမေက အိမ်ဝကနေ ဆီးမေးလိုက်ခြင်းပါ။





"ကိုကိုရော အန်တီ ကိုကို"

"ရှိတယ်သမီး ဘာဖြစ်လို့လဲသမီး။ အန်တီ့ကိုလည်း ပြောပြပါဦး"

"လေပြေမီးလှ၊ လေပြေ ဆယ်တန်းအောင်ပြီ အန်တီရဲ့။ ဂုဏ်ထူးနှစ်ခုပါတယ်"

"ဟယ် ဟုတ်လား"

"ဟုတ်"

"ဝမ်းသာလိုက်တာ သမီးရယ်၊ နှစ်ချင်းပေါက်အောင်တာ လေပြေ သိဝ်တော်တာပဲ"

ဝမ်းသာအားရနှင့် ပျော်ရွှင်နေရတဲ့ လေပြေကို သူမြင်နေရပါသည်။

"အဲဒါ ကိုကို့ကို ပြောမလို့ အန်တီရဲ့"

"သိပြီးပါပြီဗျာ"

"ကိုကို"

"ကျွန်တော်မျိုးက ကာယကံရှင်ထက် စိတ်စောပြီး ဝိရိယ ကောင်းစွာနဲ့ အစောကြီးကတည်းက သွားကြည့်ထားတာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေတဲ့မျက်နှာလေးက တည်သွားပြီး နှုတ်ခမ်းက စူထော်သွားကာ –

"ကိုကိုကလည်း အဲဒါလေပြေကို ဘာလို့ ကြိုမပြောတာလဲ။ ဒီကဖြင့် ပြေးလာရတာ မောလိုက်တာ"

"မောရင်ရေတိုက်မယ်၊ လာ အိမ်ထဲဝင်"

"ရေပဲ။ ကိုယ့်အိမ်မှာ ကိုယ်သောက်လည်းရတယ်။ မသောက်ဘူး"

"သားကလည်းကွယ် ကလေးကိုစနေပြန်ပါပြီ"

ကောင်းရယ်လိုက်ပြီး –

"ကိုကိုက ချစ်လို့စတာကို စိတ်ကောက်စရာလား လေပြေရဲ့။ ကဲပြော လေပြေ၊ ဘယ်သွားချင်လဲ ဘာလုပ်ချင်လဲ၊ ဘာစားချင်လဲ ကိုကိုလိုက်ပို့ပေးမယ်"

ဒီတော့မှ လေပြေမျက်နှာလေး ပြုံးသွားပြီး –

"ကိုကို တကယ်ပြောတာနော်"

"တကယ်ပေါ့"

"ဟေး ဒါမှ တို့ကိုကိုကွ"

လေပြေက သူ့လက်မောင်းကိုဖက်ပြီး ခုန်ဆွ ခုန်ဆွလုပ်သော





တော့ မေမေက ပြုံးပြီး အလိုက်သိစွာနှင့် အိမ်ထဲသို့ ပြန်ဝင်သွားလေတော့သည်။ အဲဒီနေ့က လေပြေနဲ့ သူလျှောက်လည်တာ ပျော်စရာကောင်းလိုက်တာ။ မိုးမမြင် လေမမြင်ပါပဲ။ လေပြေကိုသိပ်ချစ်တော့

နန္ဒာကို သို့ရှောင်နေမိသည်။

နန္ဒာအိမ်အထိရောက်လာတာကိုလည်း သူထွက်မတွေ့ဖြစ်ပါဘူး။ မေမေက တွေ့ခိုင်းလို့ တွေ့ဖြစ်တော့လည်း နန္ဒာအပြင်ခေါ်တိုင်း မလိုက်ခဲ့ပေ။ ဒီလိုတွေ ခဏခဏဆိုတော့ –

"ကောင်း"

"ပြော"

"ဘာလဲ နင်က စားပြီးနားမလည်ဆိုတဲ့အချိုးမျိုး ချိုးတာလား။ နင် ငါ့ကိုမချစ်ဘူးဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ ငါက နင့်ကိုချစ်တယ်။ အဲဒါကြောင့် နင့်ကိုငါ ဘဝတစ်ခုလုံး ပုံအပ်ခဲ့တာပါ"

အဲဒီစကားက နားထဲမှာ ကန့်လန့်ကြီးဖြစ်နေသည်။ သူ့အာဝန်တော့ မမဲ့ချင်ပါဘူး။ ဒါပေမဲ့ ကိုယ်က သူ့ကိုမှ မချစ်ဘဲလေ။ ကိုယ့်မှာ ချစ်ရမယ့်သူ မရှိရင်တော့ ဖြစ်သမျှအကြောင်း အကောင်းလို့ သတ်မှတ်ပြီး လက်ထပ်လိုက်ရရဲ့။ အခုက လေပြေကို သူ့အရမ်းချစ်သည်။ လေပြေကိုပဲ သူ လက်ထပ်ချင်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘဝတစ်ခုလုံး ပုံအပ်တယ်ဆိုတဲ့စကားကို နင် မပြောနဲ့ နန္ဒာ။ ငါ နင့်ဆီကနေ တောင်းဆိုခဲ့လို့လား။ ငါ မတောင်းဆိုခဲ့ဘူးလေ။ နင့်ဘာသာနင် ကျွတ်"

သူ စကားကို ရပ်ထားလိုက်ပေမယ့် –

"နင် အဲဒီလိုတာဝန်မဲ့တဲ့စကားမျိုး မပြောနဲ့ ကောင်း။ နင် ယောက်ျားပီသလိမ့်မယ်လို့ ငါယုံကြည်တယ်။ အဲဒါကြောင့် ငါ ဘာ အတားအဆီးမှမလုပ်ခဲ့ဘူး။ အခု ငါ့မှာ"

အကြည့်ချင်းဆုံကြခိုက်မှာ ကောင်းအကြည့်တွေက စူးစူးရဲရဲ ဖြစ်ပြီး နန္ဒာအကြည့်တွေက ညှိုးဖျော့ဖျော့နှင့်တောင်းပန်တိုးလျှိုးနေခဲ့ သည်။

"ငါ တောင်းပန်ပါတယ် ကောင်းရယ်။ ငါ့ကိုလက်ထပ်လိုက် လို့ နင် နှောင်တမရစေရပါဘူးလို့ ငါကတိပေးပါတယ်။ ပြီးတော့ အပြစ်မဲ့တဲ့ ရင်သွေးလေးကို ငါမဖျက်ဆီးရက်ဘူး။ နင်ရော ဖျက်ဆီး ရက်သလား ကောင်း"

ကောင်း တွေခနဲဖြစ်သွားလေသည်။ ရင်သွေးတဲ့။ ရင်သွေး ဆိုတဲ့စကားက နှလုံးသားထဲသို့ စိမ့်ဝင်စီးဆင်းသွားတဲ့ စမ်းချောင်း တစ်ခုလိုပါ။ ဘယ်သူမဆို ကိုယ့်သွေးတော့ ကိုယ်သိကြတာပဲလေ။





ကိုယ့်သွေးသားကို ဘယ်လိုဖျက်ဆီးချင်မှာလဲ။

ဒါကြောင့် –

နောက်တော့ သူ နန္ဒာကို ယောက်ျားပီသစွာ တာဝန်ယူဖို့ ဆုံးဖြတ်လိုက်သည်။ မေမေကတော့ ငိုတာပေါ့။

"မိုက်လိုက်တာ သားရယ်။ မင်း မိုက်လိုက်တာ။ မေမေ လုံးဝထင်မထားဘူး။ ခုတော့"

"ပြောပါ မေမေ ... သားအပြစ်ပါ။ မေမေ သားကို ရစရာမရှိ အောင် ပြောလိုက်စမ်းပါဗျာ"

"အေးလေ ... ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ။ ကိုယ့် တာဝန် ကိုယ်ယူလိုက်ပေါ့။ မေမေကတော့ လေပြေလေးကို အရမ်း သနားတာပဲ"

လေပြေအကြောင်းပြောလိုက်တော့ နှလုံးသားတစ်ခုလုံး နာကျင်ကိုက်ခဲလာသလိုပါ။ လေပြေ ကိုကို့ကိုခွင့်လွှတ်ပါ လေပြေ ရယ်။ တဒင်္ဂအတွင်းမှာ စိတ်အလိုလိုက်မှုအတွက် ကိုယ် တကယ်ချစ် ရသူနဲ့ တစ်ဘဝတာ ဝေးရပြီပေါ့ လေပြေရယ်။

"မေမေ"

"-----"



www.burmeseclassic.com

www.burmeseclassic.com



"သား လေပြေကိုရင်မဆိုင်ရဲဘူး မေမေ။ ဒါကြောင့် မေမေ သားအတွက် ခေါင်းရှုပ်ခံပြီး ဘာမှ စီစဉ်မပေးပါနဲ့။ သား နန္ဒာနဲ့ ရုံးတက်လက်မှတ်ထိုးပြီး လက်ထပ်မယ်။ သူ့ဘက်က မင်္ဂလာဆောင်ချင်တယ်ဆိုရင် သားဆောင်မယ်။ ဒါပေမဲ့ သားတို့ဘက်က ဘယ်မိတ်ဆွေတစ်ဦးတစ်ယောက်ကိုမှ မဖိတ်ပါနဲ့။ သား လေပြေရှိတဲ့တောဒီနေရာကိုလည်း ဘယ်တော့မှာပြန်လာတော့မှာမဟုတ်ဘူး မေမေ။ အဲဒါ သားရဲ့နိုင်မာတဲ့ ဆုံးဖြတ်ချက်ပါပဲ"

"သားရယ်"

မေမေလည်း မျက်ရည်ကျရုံမှလွဲ၍ ဘာမှ မတတ်နိုင်ပေ။ သူလည်း ဆုံးဖြတ်ထားတဲ့အတိုင်း ကိုယ့်မိုက်ပြစ်နဲ့ကိုယ်ဆိုပြီး အိမ်ပေါ်ကနေ အပြီးဆင်းလာခဲ့တော့၏။ နန္ဒာကလည်း တာဝန်ယူလိုစိတ်ရှိရင်ပြီးရော၊ ကောင်းဘက်က ဘာမှလုပ်ပေးစရာမလိုဘူးတဲ့လေ။

သူတို့ဘက်ကပဲ –

အစစအရာရာ အားလုံး တာဝန်ယူပြီး မင်္ဂလာဆောင်ပေးကြသည်။ နောက် မေမေလည်း လေပြေကိုသနားလို့ မကြည့်ရက်လို့ မျက်နှာချင်းမဆိုင်ရက်လို့ဆိုပြီး မန္တလေးက အမျိုးတွေဆီ ပြောင်းသွားခဲ့သည်။ လေပြေတို့လည်း ပြောင်းသွားကြပြီလို့ သတင်းကြားပြီး





ဘယ်ကိုပြောင်းသွားမှန်းတော့မသိပေ။

နန္ဒာဘက်ကလည်း –

သူမပြောတဲ့အတိုင်း အစစအရာရာမှာ ကိုယ့်အပေါ် တာဝန်ကျေခဲ့တော့ ကြေ၍ သူ ငါ့ကို တကယ်ချစ်ရှာတာပါလားလို့ ပြန်နှင့်ရသည့်အပြင် သားလေးမျက်နှာကို မြင်ရချိန်မှာတော့ သူ အိမ်ထောင်ဦးစီးကောင်းဝီသအောင် ကြိုးစားခဲ့ရသည်သာ။

"ဖေဖေ"

"_____"

"ဖေဖေ"

"အင် … ဟင်"

အနားကိုရောက်လာသူက သားဖြစ်နေတာမို့ –

"သား"

"ညဉ့်နက်လှပြီ … ဖေဖေ မအိပ်သေးဘူးလား"

"အေး … ဖေဖေ အိပ်မပျော်လို့ ဒီမှာရပ်နေတာ သားရဲ့။ သားရော မအိပ်သေးဘူးလား"

"သားလည်း အိပ်မပျော်လို့ပါ။ သားကထားပါတော့ ဖေဖေ [illegible] ညတိုင်းဆို အစောကြီးအိပ်တာ။ ခုည အိပ်မပျော်ဘူးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှလွဲရော၊ ငယ်ရည်းစားကို သတိရသွားပြီတူတယ် ဟုတ်လား"

သားပြောတာဟုတ်နေတော့ ရယ်ပြီးတော့ပဲ ဆိတ်ဆိတ်နေလိုက်တော့သည်။ အချစ်ကံ မကောင်းခဲ့တဲ့ ကိုယ့်အကြောင်းကို ဘယ်သူ့မှ ရင်ဖွင့်မပြောဘဲ မျိုသိပ်ခဲ့တာ ကျင့်သားရနေခဲ့ပြီပဲလေ။ နှလုံးသားကလည်း အသားမာတက်နေပါပြီ။

"ဖေဖေ"

"_____"

"သားကို ဖေဖေငယ်ငယ်က အချစ်ရေးအကြောင်း ပြောပြပါလား"

"မသိချင်ပါနဲ့ သားရယ်။ ငယ်ငယ်ကအကြောင်းဆိုတာ ရယ်စရာလောက်ပဲ ပြန်ပြောပြရတာကောင်းပါတယ်။ နှလုံးသားရေးနဲ့ ပတ်သက်လာရင်တော့ အတိတ်ဆိုတာကို သင်္ချိုင်းက အရိုးစုလိုထားခဲ့တာပဲ ကောင်းပါတယ်။ ပြန်ကောက်ကြည့်နေလို့ ဘာထူးတော့မှာလဲ"

မင်းသစ္စာ မေးပြီးမှ ဖေဖေစကားကြောင့် ကိုယ်မှားသွားပြီလားလို့ တွေးမိပါသည်။ ဖေဖေ့ရင်ထဲမှာ အချစ်နဲ့ပတ်သက်ပြီး နာကျင်ကြေကွဲစရာတွေရှိခဲ့တယ် ထင်ပါရဲ့။

❋



## အခန်း (၂၃)

ကျန်တဲ့အချိန်မှာသာ တွေ့ရာလေးပါးစကားတွေ ပြောကြတာ။ အလုပ်ချိန်မှာတော့ ကိုယ့်အလုပ်ကိုယ်အာရုံစိုက်နေကြသဖြင့် စကားမပြောဖြစ်ကြပေ။

"မမမုန်း"

"_____"

"မမမုန်း"

"ဟင်"

ခေါ်သံကြောင့် မုန်း ခေါင်းမော့ကြည့်လိုက်တော့ ရုံးခန်းတံခါးနေအထဲ မဝင်ဘဲ ခေါ်နေတာ ကိုယ့်ကုမ္ပဏီက ဝန်ထမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါ။

"ငှဝါ . . . ဘာကိစ္စရှိလို့လဲ ဝင်ခဲ့လေ"

"ဟုတ်"

သူမ ဝင်ခွင့်ပြုလိုက်မှပဲ ငှဝါဝင်လာသည်။ သူမရှေ့ကိုရောက်တော့ –

"မမကို တွေ့ချင်လို့တဲ့ ညည်းသည်တစ်ယောက်ရောက်နေတယ် မမ။ အဲဒါ မမထွက်တွေ့မလား။ ဒီရုံးခန်းထဲကို လွှတ်လိုက်ရမလားလို့ လာမေးတာပါ"

မုန်း မျက်ခုံးလေးနှစ်ဖက် စုကျုံ့သွားပြီးမှ –

"ဘယ်သူတဲ့လဲ"

"မင်းသစ္စာတဲ့ မမ"

"ဘာ"

မင်းသစ္စာဆိုတဲ့ နာမည်ကို ကြားတာနှင့် မေကြည်နဲ့လွင်က မုန်းကို လှည့်ကြည့်လာကြလေသည်။ မုန်းကတော့ ဒီနာမည်ကြားလိုက်တာနှင့် ဒေါသကထွက်ပြီးသားပါပဲ။ ဒါကြောင့် ထရပ်ပြီး ဘယ်သူ့ကိုမှ ခွင့်တောင်းမနေပေ။ ခြေလှမ်းကျဲများနှင့် ထွက်လာခဲ့တော့၏။

မင်းသစ္စာက သူမကိုမြင်တာနှင့် –





"မ"

"မင်းသစ္စာ"

"ဟုတ် . . . ပြောပါ မမ"

"ငါပြောရမှာ့ မဟုတ်ဘူး။ မင်းပြောရမှာ။ ပြောပါဦး ဒီနေရာအထိ ကျူးကျော်လာတာ ဘာကိစ္စရှိလို့လဲ"

"ကိစ္စတော့မရှိပါဘူး 'မ'၊ 'မ' ကိုသတိရလို့ တွေ့ချင်တာနဲ့ အံရဲစွန့်ပြီးလာခဲ့မိတာပါ"

"အခု ငါ့ကို တွေ့ပြီး မင်းအတွက် ဘာတွေထူးခြားမှုရှိသွားလဲ"

ပြောပြီး နှုတ်ခမ်းကို တင်းတင်းစေ့ထားလေသည်။ မရယ်ကျွန်တော်နဲ့ဆုံတဲ့အချိန်မှာ 'မ' နှုတ်ခမ်းက အပြုံးလေးတစ်ပွင့် လင်းလက်ပေးရင် မင်းသစ္စာဆိုတဲ့ကောင် 'မ' စေလိုရာစေ သေဆိုရင်တောင် သေပြဖို့ ဝန်မလေးပါဘူးဗျာ။ 'မ' ကတော့ ဥပေက္ခာပြုနိုင်လိုက်တာ။

"လာတုန်းကလာပြီး အခု မင်းမှာ ပြောစရာစကားမရှိတော့ဘူးလား"

"ပြောစရာစကားတွေကတော့ အများကြီးပါပဲ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောရင် 'မ' နားထောင်ပေးမှာလား"

"စီးပွားရေးကိစ္စကလွဲရင် အခြားအကြောင်းအရာတွေ ငါ စိတ်မဝင်စားဘူး မင်းသစ္စာ။ ဘာလဲ မင်းက အခြားနေရာမှာ ငါ့ကို နှောင့်ယှက်ရတာ အားမရလို့ အခု ကုမ္ပဏီအထိ လိုက်နှောင့်ယှက်တာ လား"

"'မ' ကျွန်တော့်ကို အဲဒီလိုတော့ မပြောပါနဲ့။ ကျွန်တော် 'မ' ကိုချစ်လို့ 'မ' အချစ်ကိုရဖို့ကြိုးစားတာကလွဲရင် 'မ' ကလေ့ွန်ကြောသိက္ခာ မဲ့လောက်အောင် ဘာများလုပ်မိလို့လဲ။ ကျွန်တော် ဘာများရမ်းကား မိလို့လဲ"

မုန်း ဝန်ထမ်းတွေကို ငေ့ကြည့်လိုက်ပြီး –

"မင်းနဲ့ငါ ဒီမှာ စကားပြောရတာ မသင့်တော်ဘူး။ ငါနဲ့ လိုက်ခဲ့"

ပြောပြီး 'မ' က အရင် ကိုယ့်ရှေ့ကနေထွက်သွားတော့ မင်းသစ္စာ နောက်မှလိုက်လာခဲ့တော့သည်။ 'မ' ကခေါ်ရင် ကမ္ဘာ့အပြင် ဘက်ထိလိုက်ရပါစေ မင်းသစ္စာဆိုတဲ့ကောင်က ခြေကျိုးနေရင်တောင် လေးဘက်ထောက်ပြီး လိုက်မယ့်ကောင်ပါ။ ကုမ္ပဏီဝင်းအပြင်ဘက်ကို ရောက်တော့ –





'မ' ခြေလှမ်းတွေ ရပ်တန့်သွားတာနှင့် မင်းသစ္စာလည်း ရပ်လိုက်သည်။

"မင်း ငါ့အသက်ကို ဘယ်လောက်လို့ထင်လဲ"

"'မ' ရဲ့အသက်ဘယ်လောက်ပဲဖြစ်ဖြစ် ကျွန်တော် စိတ် မဝင်စားဘူး။ ကျွန်တော် စိတ်ဝင်စားတာ 'မ'။ ကျွန်တော် 'မ' ကို မြတ်မြတ်နိုးနိုးနဲ့ချစ်တယ်"

"မင်း စိတ်မဝင်စားပေမယ့် ငါကတော့ ပြောရမှာပဲ။ ဘာဖြစ် လို့လဲဆိုရင် မင်းက ငါ့သားအရွယ် ဖြစ်နေလို့ပဲ မင်းသစ္စာ"

မင်းသစ္စာ 'မ'ကို ငေးနဲ့ကြည့်မိသွားပြီး –

"မဟုတ်တာတွေ မပြောစမ်းပါနဲ့ 'မ' ရယ်။ ကျွန်တော် သိတယ်။ 'မ' နဲ့ကျွန်တော် သားအမိလောက်အထိတော့ အသက် မကွာဘူး"

မုန်း သက်ပြင်းလည်း ချ၊ ခေါင်းလည်းခါလိုက်မိသည်။ အချစ်က လူတစ်ယောက်ရဲ့မျက်စိကို စုံလုံးကန်းစေတယ်ဆိုတာ မုန်း ကိုယ်တိုင်ကြုံဖူးတော့ယုံပါသည်။

"မင်းကို ယုံပါလို့တော့ ငါမတိုက်တွန်းဘူး မင်းသစ္စာ၊ ဒါပေမဲ့ ငါ့မှတ်ပုံတင်ကို လာကြည့်လိုက်။ ငါက မင်းကို သားသမီးချင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချင်းစာလို့ ဒီလောက်ပြောပြနေတာ''

သားသမီးမရှိတဲ့ အပျိုကြီးတစ်ယောက်က သားသမီးချင်း ကိုယ်ချင်းစာလို့ဆိုတဲ့စကားကို သုံးလိုက်တော့ မင်းသစ္စာ ပြုံးမိသွားသည်သာ။

''ငါ့အကြောင်းကို မင်း စုံစမ်းလို့ ထိုက်သင့်သလောက်တော့ သိချင်သိမှာပါ။ ဒါပေမဲ့ ငါ့ဘဝရဲ့ လျှို့ဝှက်ချက်တွေကို ငါ့ရဲ့ အခင်ဆုံးဆိုတဲ့ သူငယ်ချင်းတွေတောင် မသိခဲ့ဘူး။ မင်းကိုတော့ ပြောပြမှ ဖြစ်မယ်ထင်လို့ ငါပြောပြမယ်။ ယုံတာ မယုံတာကတော့ မင်း အပိုင်းပဲ''

''ပြောကြည့်လေ နားထောင်ရတာပေါ့။ နာမည်ကြီးလောက်မယ်ထင်ရင် ဝတ္ထုလေးဘာလေး ရေးရတာပေါ့''

မင်းသစ္စာ ရွဲ့ပြောလိုက်ပေမယ့် မုန်းကတော့ မတုန်လှုပ်ပေ။ ကိုယ့်ဘက်က အကြမ်းနည်းသုံးရင် ဒီကောင်လေးဘက်က ပြန်မကြမ်းဘူးလို့ ပြောနိုင်မလား။ ဒါကြောင့် အနုနည်းပဲ သူ မသုံးရတော့မှာပေါ့။

ဒါကြောင့် –

''မင်း ငါ့ကို ကတိတစ်ခုတော့ ပေးပါ မင်းသစ္စာ။ မင်းဘက်က ကတိပေးမှ ငါလည်း ပြောပြလို့ဖြစ်မှာ''





''ဘာကတိလဲ''

''အခု ငါပြောပြမယ့် ငါ့ဘဝရဲ့ လျှို့ဝှက်ချက်တွေကို မင်း မခကို လုံးဝပြန်ပြောမပြပါဘူးလို့ ကတိပေးပါ''

မင်းသစ္စာ တွေခနဲဖြစ်သွားပြီးမှ –

''ကောင်းပြီလေ၊ ကျွန်တော် ကတိပေးပါတယ်''

''ဒါဆို မင်းနဲ့ငါ ကန်တော်ကြီးဖြစ်ဖြစ် သွားရအောင်''

''ကျွန်တော်က 'မ' သာခေါ်ရင် ကမ္ဘာ့အပြင်ဘက်ဆိုရင်တောင် လိုက်မယ့်ကောင်ပါ 'မ' ''

မုန်းရဲ့နှုတ်ခမ်းသားလေး လှုပ်လှုပ်သွားလေသည်။ မင်း ဘယ်လောက် ဖွဲ့ကောင်းပြီး ဘယ်လောက်သည်းခံနိုင်အားကောင်းမလဲဆိုတာ ကြည့်ရသေးတာပေါ့ မင်းသစ္စာ။

''သွားကြရအောင်''

''ဟုတ်ကဲ့ 'မ' ''

'မ'နဲ့အတူ ကန်တော်ကြီးသွားရမယ်ဆိုတော့ မင်းသစ္စာ မြောက်ကြွမြောက်ကြွ ဖြစ်သွားရသည်သာ။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

လေက တဖျုပ်ဖျုပ် တိုက်ခတ်နေသဖြင့် သစ်ရွက်တွေ ကြွေနေသံက ဒဏ်ရာဟောင်းကို အပ်နှင့်ဆွပေးနေသည့်နှယ်။ အတိတ်ဆိုတဲ့ကာလတွေကို အမှိုက်စလို စုပုံပြီး မီးရှို့ပစ်လို့ရရင် အကောင်းသား။ အခုတော့ အတိတ်က ကိုယ့်ကိုနှိပ်စက်နေတာ လူသာအမည်တွင်တယ် သက်မဲ့စက်ရုပ်တစ်ရုပ်လိုပါ။

ကန်ရေပြင်ကို ငေးကြည့်နေရာကနေ –

မုန်း ချာတိတ်ဘက်သို့ လှည့်လိုက်သည်။ သူမ ဘာမှမပြောဘဲ ချာတိတ်ကို ခပ်စူးစူးကြည့်နေမိ၏။

"မ"





"––––"

"ပြောစရာရှိတာပြောလေ၊ 'မ' ရဲ့စကားသံကို ကျွန်တော်ကြားချင်နေပြီဗျ"

မုန်း ခေါင်းညိတ်ပြလိုက်ပြီး –

"မင်းသစ္စာ"

"ဗျာ"

"မင်း ကတိတည်ပါစေနော်"

"ဘာကိုလဲ မ"

"အခု ငါပြောမယ့်စကားတွေကို လျှို့ဝှက်ထားပေးဖို့ပါ"

"ယောကျ်ားကတိပါ မ"

"Ok လေ။ ဒါဆို ပြောပြရမှာပေါ့"

ပြောပြီး မုန်း ကန်ရေပြင်ဘက်သို့ပြန်ပြီး မျက်နှာမူလိုက်သည်။ ပြီးမှ –

"မင်း ငါ့ဆီက အချစ်ကိုရဖို့ ဘယ်တော့မှ မမျှော်လင့်ပါနဲ့။ မင်းနဲ့ရွယ်တူတန်းတူ မိန်းကလေးတွေအများကြီးပါ။ ငါက အပေါ်ယံမှာ ဘယ်လောက်ပဲ နုပျိုလှပနေပါစေ၊ ဖရာက လိမ်လို့မရဘူး။ အခု ငါ့အသက်က သုံးဆယ့်ရှစ်နှစ်ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြောပြီးပြီပဲ 'မ' ။ 'မ' အသက်သုံးဆယ့်ရှစ်နှစ် မကလို့ ရှစ်ဆယ်ပဲဖြစ်နေဖြစ်နေ ကျွန်တော် ဂရုမစိုက်ဘူး။ 'မ' ကို ချစ်တာက ချစ်တာပဲ"

"ငါ့စကား မဆုံးသေးဘူး မင်းသစ္စာ"

မှန်းပြောလိုက်တော့ မင်းသစ္စာ ပါးစပ်ပိတ်သွားလေသည်။ မှန်းက ဆက်ပြီး –

"ပတ်ဝန်းကျင်က သိထားသလို ငါက အပျိုတစ်ယောက် မဟုတ်ဘူး။ လူမသိ သူမသိ ကလေးတစ်ယောက် မွေးခဲ့ရတဲ့ ကလေး တစ်ယောက်အမေပါ။ အပျိုကြီးလို့ အမည်ခံထားပေမယ့် မဟုတ်ခဲ့ဘူး ဆိုတာ မင်းသိထားဖို့လိုတယ်"

"ဗျာ"

"အဲဒီကလေးက မခပဲ။ မခက အားလုံးသိထားတာ ငါ့ညီမ အဖြစ်နဲ့ပဲ။ တကယ်က ငါ့ရင်နဲ့ လွယ်မွေးခဲ့ရတဲ့ ငါ့သမီးပဲ။ အဲဒီသမီး လေးကြောင့် ငါ အသက်ဆက်ရှင်နေခဲ့တာပါ"

မင်းသစ္စာ ခေါင်းကိုခါပစ်လိုက်သည်။ မယုံဘူး မယုံပါဘူး။ ဖြစ်မှမဖြစ်နိုင်တာ။ ဒါ 'မ' သူ့ကိုညာနေတာ။ သူ့ကိုစိတ်ပျက်အောင် တမင်ညာပြောနေတာပဲ ဖြစ်မှာပါ။ မအေနဲ့သားအရွယ်ဆိုတာထက်





ကလေးတစ်ယောက်အမေဆိုရင် ကိုယ် နောက်ဆုတ်သွားမှာပဲလို့ တစ်ထစ်ကျတွက်ပြီး လုပ်ကြံဇာတ်လမ်းတွေ ဖန်တီးတာပဲဖြစ်မှာပါ။

"ငါ့သမီးလေးသာမရှိခဲ့ရင် ငါဆိုတာလည်း ဒီလောကကြီးထဲ ကနေ ထွက်သွားခဲ့တာကြာပြီပေါ့။ လူမဆန်တဲ့လူတစ်ယောက်ကြောင့် ငါ့ဘဝပျက်ခဲ့ရတယ်။ အေးလေ ငါကလည်း မလည်မဝယ်နဲ့ အချစ် ဆိုတာကို ယုံကြည်ကိုးကွယ်ခဲ့မိတာကိုး။ ခပ်ရှင်းရှင်းပြောရရင် လင် ကောင်မပေါ်ဘဲ ကလေးတစ်ယောက်မွေးရဖို့အတွက် ပတ်ဝန်းကျင် သစ်မှာ မျက်နှာငယ်ငယ်နဲ့ ဒုက္ခခံခဲ့ရတယ်။ ဒါတွေအားလုံးရဲ့ အဓိက တရားခံက အချစ်ပဲ။ ငါ သူ့ကို သိပ်ချစ်ခဲ့လို့ သူ့စကားတွေကို ယုံစားပြီး ဘဝတစ်ခုလုံး ပုံအပ်ခဲ့မိတာ"

"ကျွန်တော်မယုံဘူး မ"

မှန်း မင်းသစ္စာကို ခပ်တွေတွေကြည့်နေတော့ မင်းသစ္စာက လည်း ပြန်ကြည့်ကာ –

" 'မ' ကျွန်တော့်ကိုညာနေတယ်ဆိုတာ ကျွန်တော်သိတယ် 'မ' အဲဒီလိုပြောလို့ လွယ်လွယ်နဲ့ ကျွန်တော် နောက်ဆုတ်သွားလိမ့် မယ်လို့ ထင်နေလား"

"အဲဒါက မင်းကိစ္စလေကွာ။ ယုံတာ မယုံတာ မင်းအပိုင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ငါပြောထားပြီးသားပဲ။ ငါက သားသမီးချင်း ကိုယ်ချင်းစာလို့ ပြောပြတာကို လက်မခံဘူးဆိုရင် မင်းထိုက်နဲ့မင်းကံပဲ။ ငါ့ဘက်တော့ ကိုယ့်သားအရွယ်နဲ့ လက်ချင်းချိတ် ပျော်မြူးရလောက်အောင် မရူးဘူး။ မမိုက်ဘူး။ အဲဒါ အဆုံးစွန်ထိ ပြောတာပဲ"

မင်းသစ္စာရင်ထဲမှာ စူးခနဲ နင့်ခနဲ ဖြစ်သွားရလေသည်။ ဒီလိုမှန်းသိရင် သူ လူ့လောကကြီးထဲကို အစောကြီးကတည်းကပင် ရောက်လာခဲ့ပါတယ်။ 'မ' ဘဝကို ပန်းကောင်းအညွှန့်ချိုးလုပ်ခဲ့တဲ့ လူက ဘယ်သူလဲ။ အဲဒီလူသာ အခုချိန်မှာ အနားရှိနေရင် –

သူ

သတ်ပစ်မိမှာ ကျိန်းသေပါပဲ။ သူ့ကြောင့် 'မ'က ယောကျ်ားတွေအားလုံးကို သိမ်းကျုံးပြီး မုန်းနေတာလေ။ အဲဒီလူက အမုန်းဆေး ဖော်ခဲ့တဲ့သူ။ အဲဒီလူကို မုန်းလိုက်တာ။

"မ"

"–––"

" 'မ' ဘယ်လိုဘဝမျိုးနဲ့ပဲ ရင်ဆိုင်ခဲ့ရ ရင်ဆိုင်ခဲ့ရ။ ကျွန်တော် လက်ရှိဘဝကိုပဲ လက်ခံမယ်။ အရာအားလုံးကို နားလည်ခွင့်လွှတ်ပေးမယ်ဆိုရင်"





"တော်တော့ မင်းသစ္စာ"

လူတိုင်း လက်မခံနိုင်တဲ့ဘဝမျိုးကို ဒီလောက်ပြောပြနေတာတောင် သူက နောက်မဆုတ်ဘူးတဲ့လား။ ဒီလိုလူမျိုးကို အချစ်ကြီးတတ်လိုက်တာလို့ လေးစားရမယ့်အစား စိတ်ကိုအလိုလိုက်သူအဖြစ် မုန်းကတော့ အထင်သေးမိပါသည်။

"အဲဒီလိုပြောလို့ ငါ မင်းကို ချစ်တတ်လိုက်တာလို့ အထင်ကြီးမယ်များ မင်းထင်နေသလား။ အထင်သေးသွားတာကွ။ မင်းလောက် မိုက်ရူးရဲဆန်တဲ့သူ ငါမတွေ့ဖူးသေးဘူး"

" 'မ' ကျွန်တော့်ကို အဲဒီလိုတော့ မပြောပါနဲ့။ ကျွန်တော် မိုက်ရူးရဲဆန်တယ်ဆိုတာ 'မ' ကိုအရမ်းချစ်လို့ အချစ်ကို ကိုးကွယ်မိလို့"

"အဲဒီလိုလူမျိုးတွေကိုပဲ ငါအထင်မကြီးတာ။ မင်းယောကျ်ားမဟုတ်ဘူးလား။ နေလိုက်စမ်းပါ ယောကျ်ားမာနနဲ့"

ပြောတော့ လွယ်လိုက်တာ။ နှလုံးသားဆိုတာ ကိုယ့်ရင်ထဲမှာ ရှိလို့ ကိုယ်ပိုင်ပေမယ့် သူ့ဆန္ဒကို ကိုယ်ကမှ မနိုင်ပဲလေ။

"မင်းနေခဲ့တော့ မင်းသစ္စာ။ နောက်ထပ်လည်း ငါ့ကို ဘယ်တော့မှ မနှောင့်ယှက်နဲ့။ အေး ပြောထားတဲ့ကြားက ထပ်နှောင့်ယှက်

www.burmeseclassic.com

www.burmeseclassic.com



နေဦးမယ်ဆိုရင်တော့”

အကြည့်က ခပ်စူးစူးရောက်လာပြီး –

“ငါ့အဆိုးမဆိုနဲ့”

ပြောပြီး ‘မ’ သူ့ရှေ့မှထွက်သွားလေတော့သည်။ မင်းသစ္စာ လွန့်ခနဲပြုံးလိုက်မိ၏။ ချစ်တာ နှောင့်ယှက်တာမှမဟုတ်ဘဲ၊ ဒါကိုမှ အဆိုးမဆိုနဲ့ဆိုတော့ ‘မ’ ဘာလုပ်မှာလဲ။

သေနတ်နဲ့ပစ်မှာလား။

ဓားနဲ့ထိုးမှာလား။

❋



## အခန်း (၂၉)

“ကျွန်မ ရှင့်ကို အခါခါပြောခဲ့ပြီးပြီပဲ ကိုဇေယျ၊ ကျွန်မ ဘယ်ယောကျ်ားကိုမှ အားမကိုးပါဘူးလို့။ ကျွန်မ အသက်ကြီးလို့ ဘာမှမလုပ်နိုင်တော့တဲ့အချိန် ကျွန်မညီမက မသိတတ်လို့ ပစ်ထားမယ် ဆိုရင် အမှိုက်ပုံထဲမှာလည်း အသေခံရဲတယ်။ ကျွန်မ ဘယ်ယောကျ်ား ကိုမှ မချစ်ဘူး၊ လက်မထပ်ဘူး”

ဒါ မှန်းရဲ့ဆုံးဖြတ်ချက်အမှန်ပါ။ သူများလို လေလုံးထွားပြီး မယုံမရဲနဲ့ ပြောနေတာ မဟုတ်ပါဘူး။ မှန်းက ဒါဆိုဒါ ဟိုဟာလည်း ပြောင်းတတ်သူမဟုတ်ပေ။

“အဲဒီလိုကြီးတော့ ယတိပြတ်ကြီး မဆုံးဖြတ်ပါနဲ့ မှန်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မုန်းကို တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်မိတာပါ။ မုန်းရဲ့ညီမလေးအပေါ်မှာလည်း အစ်ကိုတစ်ယောက်လို ဖခင်တစ်ယောက်လိုမျိုး ဂရုစိုက်စောင့်ရှောက်ပေးမှာပါကွာ''

''အသားလိုလို့ အရိုးတောင်းလည်း ဆယ်ခါပြန်မေး ကျွန်မအဖြေက တစ်ထပ်တည်းထွက်လာမှာပါ ကိုဖေယျ''

''မုန်း''

''ရှင် ဆက်မပြောနဲ့တော့ ကိုဖေယျ။ ဒီနေ့ကစပြီး ရှင်နဲ့ကျွန်မ ဘာမှပတ်သက်စရာအကြောင်း မရှိတော့ဘူး။ ကျွန်မ စီးပွားရေးလုပ်ငန်းမှာ ရှင်က အရေးပါနေတဲ့သူဖြစ်ရင်တောင် ကိုယ်နိုင်တဲ့ဝန်ပဲ ကိုယ်ထမ်းမယ်။ အခု ရှင်က ကျွန်မအတွက် အဲဒီလောက် အရေးမပါဘူး၊ ရှင်းတယ်နော်''

''မုန်း''

မုန်း ထရပ်လိုက်တာနှင့် ကိုဖေယျက မုန်းလက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလေလျှင် –

''ရှင် ဒါဘာလုပ်တာလဲ''

''မုန်းက ဒီလိုပြတ်သားပြီးဆိုမှတော့ ကိုယ်လည်း ပြတ်ပြတ်သားသားပဲပြောမယ် မုန်း''





''ရှင်''

''ကိုယ် မုန်းကိုရအောင် ယူပြမယ်''

''ဘာ''

''ကိုယ်ကနိုခက်ခဲတဲ့အရာကိုမှ ပိုလိုချင်တာ။ ပိုပြီးတန်ဖိုးထားတတ်တာ''

မုန်း အောက်နှုတ်ခမ်းကို ဖိကိုက်ထားလိုက်မိသည်။ ဘယ်လိုလုပ်ရမလဲ။ မုန်း သိထားရသလောက် ဒီလူက မိန်းမအရှုပ်အရှင်းကင်းသည့်တဲ့။ ပြီးတော့လူပျိုကြီး ဂုဏ်သိက္ခာကို အမြတ်တမ်း ရှေ့တန်းတင်တဲ့သူ။ ဒီတော့ သူ့ဂုဏ်သိက္ခာကို အထိခိုက်ခံမှာမဟုတ်ပါဘူး။

ဒီတော့ –

''ရှင် အဲဒီလိုလုပ်ရအောင် ရှင့်ဂုဏ်သိက္ခာကိုမငဲ့တော့ဘူးလား ကိုဖေယျ''

''အပျိုနဲ့လူပျိုပဲလေ။ ဒါက ဖြစ်တတ်တဲ့သဘောတရားပဲဥစ္စာ''

''အဟွန်း''

မုန်းလက်ကိုလိမ်ပြီး ရုန်းလိုက်တော့ သူက အလိုက်သင့်လွှတ်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မှားသွားပြီ"

"ဘာကိုလဲ"

"ကျွန်မက အပျိုမဟုတ်ဘူး ကိုဖေယျ။ ကလေးတစ်ယောက်အမေ ချစ်သူပစ်မပါ။ အဲဒီကလေးက ဘယ်မှာလဲလို့ မေးဦးမလား။ ကျွန်မနဲ့ ဝေးဝေးမှာ မရှိပါဘူး။ ထင်တတ်ရင် မြင်ပါတယ်"

"ဘယ်လို မုန်း"

ကိုဖေယျ မယုံနိုင်စွာ ခေါင်းကိုခါပစ်လိုက်သည်။ သူ တတ်နိုင်သလောက် စုံစမ်းတယ်လေ။ မုန်းအကြောင်းပေါ့။ သူသိသလောက် မုန်းရဲ့မကောင်းသတင်း။ မာနကြီးတယ်၊ ယောကျ်ားတွေကို အထင်မကြီးဘူးဆိုတာက လွဲလို့ ဘာမှမကြားရပေ။ ပုပ်ရင်ပေါ် ဟုတ်ရင်ကျော်တယ်တဲ့။

မုန်း အပျိုဆိုတာသာသိရပြီး –

အခု မုန်းပြောသလိုမျိုး သတင်းအစအန ဘာတစ်ခုမှ မကြားရပေ။ မုန်းညာနေတာပါ။

"ရှင် ဒီထက်ပိုရှင်းအောင်ပြောရရင် အမုန်းမခဆိုတာ ရှင်တို့သိထားသလို ကျွန်မရဲ့ညီမ မဟုတ်ဘူး။ မခက ကျွန်မရင်နဲ့လွယ်မွေးခဲ့တဲ့ ကျွန်မသမီးပဲ"





"မဟုတ်တာ မုန်းရယ်၊ မဖြစ်နိုင်တာတွေ မပြောစမ်းပါနဲ့။ မုန်း ကိုယ့်ကို လက်မခံနိုင်တာနဲ့တော့ မုန်းသိက္ခာကျမယ့်စကားမျိုးတွေ မပြောပါနဲ့။ လူဆိုတာ ကောင်းသတင်းကိုသာ လျှို့ဝှက်ထားတာ၊ မကောင်းသတင်းကိုတော့ လိုသည်ထက်ပိုဖွတတ်ကြတယ်လေ မုန်းရဲ့"

"ရှင်မယုံရင်တော့ ရှင့်အကြောင်းနော် ကိုဖေယျ။ ကျွန်မရဲ့ မကောင်းသတင်းရှင်ဖွမယ်ဆိုလည်း ကျွန်မကတော့ ဂရုမစိုက်ဘူး"

"ဟာ မဖွပါဘူး မုန်းရယ်။ ကိုယ်က ဘာလို့ ဖွရမှာလဲ။ ကိုယ်က မုန်းကို"

"ရပြီ . . . ကျွန်မ သွားတော့မယ်"

လိုရင်းကို မုန်းပြောခဲ့ပြီးပြီ။ ဒီလိုမှမပြောရင် မရတော့ဘူးလေ။ ဒါကိုမှ ဆက်ပြီး ဖွတ်ထိုးလာမယ်ဆိုရင် ကိုယ့်ဘက်က ခပ်ရှိုင်းရှိုင်းဆက်ဆံဖို့ပဲ ရှိတော့တာပေါ့။ သူတို့လက်မခံနိုင်လောက်တဲ့အချက်ကို ပြောခဲ့ပြီးပြီပဲ။ ဒါကိုမှ သူတို့က လက်ခံမယ်ဆိုလည်း မုန်းဘက်ကတော့ အနုတ်လက္ခဏာ။

မုန်း

စားသောက်ဆိုင်ထဲကနေ ထွက်အလာမှာတော့ –



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

"ဟာ"

ရုတ်တရက်အဝင်နဲ့အထွက် ဝင်တိုက်မိပြီး မုန်းကိုယ်လေး ယိုင်ခနဲဖြစ်သွားလေလျှင် တစ်ဖက်လူက ကမန်းကတန်း လှမ်းထိန်းလိုက်တာ လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်မိသွားလေ၏။ ပြီးမှ ထိုလူက ပြန်လွှတ်ပေးပြီး –

"ဆောရီး ဆောရီးပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်"

"ရပါတယ်"

ပြောပြီး ထိုလူကို မော့အကြည့် –

"ဟင်"

"ဟာ"

တစ်ယောက်မျက်နှာတစ်ယောက် မြင်လိုက်ရချိန်မှာ နှစ်ယောက်စလုံး အံ့အားသင့်သွားကြလေသည်။ ပထမတော့ ဝိုးတဝါးနှင့် ဟုတ်မှဟုတ်ပါ့မလားလို့လေ။ နောက်တော့ ဇဝေဇဝါကနေ သေချာသွားခဲ့ပါပြီ။ တစ်ယောက်ကိုတစ်ယောက်ကို မမေ့နိုင်ခဲ့သလို တစ်ယောက်က စိတ်နာရင်းပဲ သတိရနေခဲ့သူ။

နှစ်တွေ ဘယ်လောက်ပဲကြာကြာ . . .





အသက်တွေ ဘယ်လိုပဲကြီးကြီး ဒီမျက်နှာတွေဟာ မမှတ်မိရလောက်အောင် အိုမင်းရင့်ရော်နေကြတာမှ မဟုတ်ဘဲလေ။

ဒါကြောင့် –

"လေမြွေ"

"_ _ _ _ _"

"လေပြေမဟုတ်လားဟင်၊ ဟုတ်ပါတယ် လေပြေပါ"

သူ့ပဲမေး သူ့ပဲဖြေ။ မုန်းရင်ထဲမှာ ဆစ်ခနဲနာကျင်ခြင်းနှင့်အတူ နှုတ်ခမ်းကို တင်းတင်းစေ့လိုက်မိသည်။ ရေစက်ကုန်သွားပြီလို့ ထင်ခဲ့တာ။ ဒီရေစက်က သံသရာတစ်ပတ်ပြန်လည်လာခဲ့တာလား။ ဒါဆိုလည်း ဒီမျှနဲ့ပဲ ရပ်တန့်ပါတော့။ နောက်ထပ် နာကျင်စရာ အသည်းပိုလည်း မရှိတော့ပါဘူးလေ။

"လေပြေ"

မုန်း နှုတ်ဆိတ်ဒီနာမည်ကို ထားခဲ့တာကြာပြီ၊ သူ့ရှေ့မှာ ဆက်ရှိမနေသင့်တော့တာမို့ ချာခနဲ လှည့်ထွက်လိုက်စဉ် –

"လေပြေ"

သူက မုန်းနောက်ကနေ လိုက်လာပြီး ရှေ့အရောက်မှာ မုန်းရှေ့ကနေ ပိတ်ရပ်လိုက်ကာ –



www.burmeseclassic.com

www.burmeseclassic.com



“ခဏနေပါဦး လေပြေရယ်”

“ရှင် လူမှားနေပါတယ်”

“____”

“ကျွန်မနာမည် လေပြေမဟုတ်ပါဘူး”

“ဒါဆို ဘယ်သူလဲ။ ကိုကို့ကို မညာပါနဲ့လေပြေရယ်။ လေပြေ ဘယ်လိုပုံစံမျိုးပဲပြောင်းလဲနေပါစေ၊ ကိုကိုမှတ်မိပါတယ်။ မင်းက လေပြေမှ လေပြေအစစ်ပါ”

“ဒီမှာ”

“ဟင်”

“ကျွန်မ လေပြေလည်း မဟုတ်ဘူး၊ မုန်တိုင်းလည်းမဟုတ်ဘူး။ ကျွန်မက အမုန်းတွေနဲ့ အမြဲတမ်း ခက်ထန်နေတတ်တဲ့ မုန်း ခက်ထန်”

“ဘယ်လို”

“ရှင် ကျွန်မရှေ့ကနေ ဖယ်ပါ”

“နေပါဦး”

မုန်း သူ့ကို ရှောင်ကွင်းပြီး ထွက်သွားဖို့ပြင်လိုက်ပေမယ့် သူက အသွားမခံဘဲ ရှေ့ကနေ လိုက်ရပ်နေလေလျှင် –





“ရှင့် ရှေ့ကနေ ဖယ်နော်”

“မင်းနာမည် မုန်းခက်ထန် ဟုတ်လား”

“ဟုတ်တယ်”

ဦးကြောင်ဆီးသစ္စာ ဒီနာမည်ကို ကောင်းကောင်းမှတ်မိပါသည်။ အမုန်းမခရဲ့အစ်မတဲ့။ မျက်ဝန်းထဲမှာ အမုန်းမခမျက်နှာလေးကို မြင်ယောင်မိလာသည်၊ မခကို စတွေ့တုန်းက လေပြေနဲ့ ဆင်လိုက်တာလို့ သူ ထင်ခဲ့မိတာ။ မိဘတွေနာမည်ကလည်း အတူတူ–

ဒါဆို

“မုန်း ဘာဖြစ်နေတာလဲ”

ကိုဇေယျအနားကိုရောက်လာသဖြင့် –

“ဘာမှဖြစ်ပါဘူး၊ လူမှားပြီး နှုတ်ဆက်နေလို့”

“ဟုတ်လား”

“ဟုတ်တယ်”

ဒါပဲဖြေပြီး မုန်းထွက်သွားလေတော့သည်။ မုန်းခက်ထန် ဆိုတာ ကိုယ့်သားစွဲလမ်းနေတဲ့ ‘မ’ ဆိုတာပေါ့။

“ဒီက အစ်ကိုက မုန်းကိုသိလို့လားဗျ”

တစ်ဖက်လူက မေးလေတော့ –



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီက သူနဲ့တော်တော်ရင်းနှီးလား"

"ဆိုပါတော့ဗျာ"

"ဪ . . . အစ်ကိုလည်း အစ်ကို့မိတ်ဆွေတစ်ယောက်နဲ့ တော်တော်တူနေလို့ နှုတ်ဆက်မိတာပါ။ လူကတူပြီး နာမည်က မဟုတ်ဘူးလေ"

"ဪ"

နှစ်ယောက်စလုံးရဲ့အကြည့်တွေက မုန်းရဲ့ကျောပြင်ဆီမှာ ကပ်ပါသွားလေတော့သည်။ မုန်းကတော့ ဘယ်သူဘယ်လို ကျန်ရစ်ခဲ့ မလဲဆိုတာကို။

*



## အခန်း (၂၆)

မုန်းအိပ်လို့မပျော်တာနှင့် မခ အခန်းဆီကိုလာခဲ့ပြီး တံခါးကို တွန်းကြည့်လိုက်တော့ အလိုက်သင့်ပဲ ပွင့်သွားလေသည်။ ဒါကြောင့် မုန်း အခန်းထဲကို ဝင်လာခဲ့တော့ မခက အိပ်ပျော်နေတာ ကလေး ပေါက်စလေးအတိုင်းပါပဲ။ မျက်နှာလေးက အပြစ်ကင်းစင်ပြီး ချစ်စရာ ကောင်းနေသည်။

ဪ . . . မခရယ် . . .

လို့ တိုးတိတ်စွာ ညည်းတွားရင်း မခရဲ့ခေါင်းလေးကို ပွတ် ပေးမိ၏။ သူ့ခမျာ ဖအေရော မအေရော လူ့လောကကြီးထဲမှာရှိပါနေ လျက်နှင့် မိဘမဲ့ဘဝနှင့် ညှိုးငယ်စွာ ရပ်တည်နေခဲ့ရတာ။ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းပါဘူး မခရယ်။ ကိုယ့်ရင်နဲ့လွယ်မွေးခဲ့ရတဲ့သမီးကို သမီးလို့ ခေါ်ခွင့်မရခဲ့တဲ့ဘဝ။

အခု

လွတ်လပ်စွာခေါ်ခွင့်ရှိပေမယ့် ဖြေရှင်းရေးကခက်နေပြန်သည်။ မခ မင်းမှာ အဖေရော အမေရော ရှိတယ် ကလေး။ မင်းဘာမှ အားမငယ်နဲ့နော်။ မင်းအဖေဆိုတဲ့လူက မင်းကို လူ့လောကထဲမှာရှိနေမှန်းတောင်မသိပေမယ့် မင်းရဲ့အမေကတော့ မင်းအတွက်ဆိုရင် ဘာမဆို ရင်ဆိုင်ရဲတဲ့သူပါ။

"လေပြေ"

"___"

"လေပြေ"

"ဟာင်"

လေပြေ ကိုကို့နဲ့မတွေ့ဖြစ်တာ သုံးရက်ရှိပါပြီ။ ကိုကို့အိမ်ကို လေပြေသွားတော့လည်း ကိုကို့ကိုမတွေ့ရ။ ကိုကိုကလည်း လေပြေတို့အိမ်ကိုမလာတော့ ဘာများဖြစ်နေသလဲလို့ စိတ်ပူပြီး အဲဒီနေ့ကလည်း ထပ်သွားဖြစ်ခဲ့သည်။ တစ်အိမ်လုံး တိတ်ဆိတ်နေလို့ တစ်ခန်းဝင် တစ်ခန်းထွက်နဲ့ ကိုကို့ကိုရှာနေတာ။





ထမင်းစားခန်းထဲကို ဝင်ကြည့်တော့မှ –

ကိုကို့ကို တွေ့ရပါပြီ။ သူမနာမည်ကို တစ်ဖွဖွရွတ်ရင်း ဖန်ခွက်ထဲကို အရက်ငှဲ့ထည့်နေသောကိုကို။

"ကိုကို"

"____"

"ကိုကို အရက်တွေသောက်နေတယ်"

"လေပြေ လေပြေလား"

"ဟုတ်တယ်လေ ကိုကိုရဲ့။ ကိုကို ဘာလို့ အရက်တွေသောက်နေတာလဲ။ အရက်သောက်တာ လေပြေမကြိုက်ဘူးနော်"

"ကိုကိုစိတ်ညစ်လို့ သောက်မိတာပါ လေပြေရယ်။ ကိုကို့ကို ခွင့်လွှတ်ပါနော်"

"ဟင်"

ကိုကိုက စိတ်ညစ်လို့တဲ့။ ဘာတွေများ စိတ်ညစ်စရာရှိလို့ပါလိမ့်။

"ကိုကို"

"လေပြေကို ကိုကိုအရမ်းချစ်တယ်၊ ဒါပေမဲ့"

"ကဲပါ ကိုကိုရယ်။ ဒီအရက်ကို မသောက်နဲ့တော့။ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ စိတ်ညစ်တာလဲ၊ လေပြေကို ပြောပြလေ ကိုကိုရဲ့"

"လေပြေ"

"-----"

"ကိုကို လေပြေကို အရမ်းချစ်တယ်"

"လေပြေ ယုံပါတယ် ကိုကိုရဲ့၊ လေပြေလည်း ကိုကို့ကို အရမ်းချစ်တာပဲဟာ"

"ကိုကို လေပြေနဲ့ဝေးရမှာကြောက်တယ်၊ ဒါပေမဲ့ လေပြေ ရယ်"

စကားကို ရှေ့မဆက်တော့တဲ့ ကိုကိုက လေပြေမျက်နှာလေးကို ကြည့်နေသည်။ ပြီးတော့ ထရပ်ပြီး လေပြေ့ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲပွေ့ကာ ပြောလာတဲ့စကားတွေက -

"လေပြေနဲ့ကိုကို မခွဲနိုင်ဘူး၊ လေပြေကို ကိုကို အရမ်းချစ်တယ်ကွာ"

"လေပြေလည်း ကိုကို့ကို အရမ်းချစ်တယ်"

ဒီစကားရဲ့နောက်မှာ လေပြေကို ဖက်ထားတဲ့ကိုကို့လက်တွေက ပို၍ တင်းကျပ်လာလေသည်။

"ကိုကို"





"-----"

"ကိုကို လေပြေကိုလွှတ်ပါဦး ကိုကိုရဲ့၊ လေလေပြေ အသက်ရှူကျပ်လာပြီ"

လေပြေ မြွာပေမယ့် ကိုကိုက မကြားသည့်အလားနှယ်။ အဲဒီနောက်မှာတော့ သူ့ရင်ခွင်ထဲကနေ လေပြေ မရုန်းထွက်နိုင်စွာနှင့် ပန်းကလေးတစ်ပွင့် ကြွေကျသွားခဲ့သည်ပေါ့လေ။ အဲဒီနောက်ပိုင်း ကိုကို လေပြေနဲ့ မတွေ့ဖြစ်တော့ဘူး။ ကိုကို လက်ထပ်သွားပြီလို့ သိလိုက်ရတဲ့နေ့မှာ လေပြေ ကမ္ဘာပျက်သွားခဲ့သည်။

ပိုဆိုးတာက -

လေပြေမှာ ကိုယ်ဝန်ရှိတာသိလိုက်ရတဲ့နေ့ပါပဲ။ ဘဝပျက်သွားခြင်းနှင့်အတူ နှလုံးသားတစ်ခုပါ ပျက်စီးသွားခဲ့ရသည်သာ။

ပြီးတော့ ဖေဖေ -

ရှက်လို့ဆိုပြီး လေပြေစိတ်နဲ့ သွေးတိုးပြီး ဆုံးသွားခဲ့သည်လေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မခ"

"ဟော . . . မင်းသစ္စာလာပြီ"

"ဖေဖေလည်း ပါလာတယ်"

"ဟုတ်လား"

မခ မျက်လုံးလေးက မင်းသစ္စာဆင်းလာခဲ့တဲ့ကားဆီသို့ ဒိုင်းခနဲ ရောက်သွားလေသည်။ အန်ကယ်လ်ပါလာတယ်ဆိုလို့လေ။ ဟော ဟိုမှာ ကားပေါ်ကဆင်းလာပြီ။ ဘာအကြောင်းကြောင့် လိုက်လာတာလဲလို့ တွေးဖို့ထက် အန်ကယ်လာတယ်ဆိုတာနဲ့ မခပျော်သလိုလို ဘာလိုလိုပါ။





ဘာ့ကြောင့်လဲဆိုတာ မသိပါဘူး။

သူမ မင်းသစ္စာကို ခင်တွယ်အားကိုးသလို အန်ကယ်လ်ကိုလည်း ခင်မင်မိပါသည်။ မခမှာ အဖေ အမေမရှိ အစ်ကို မောင်မရှိဆိုတော့ ခင်မိတဲ့သူတွေကိုပဲ သံယောဇဉ်ကြီးစွာ ယုံကြည်အားကိုးမိသည်ထင်ပါရဲ့။

"အန်ကယ်လ်"

"ဟုတ်ပါ့ဗျာ"

"အန်ကယ်လည်း သင်တန်းတက်မလို့ လိုက်လာတာလား အန်ကယ်လ်"

ညီလင်းထက်က မေးလေလျှင် –

"အေး . . . တက်လို့ရရင် အကောင်းသားကွ။ ဟိုတစ်ခါ မင်းတို့နဲ့အတူတူ ပျော်ပျော်ပါးပါးစားကြသောက်ကြနဲ့ အဲဒီလိုအချိန်မှာ အန်ကယ်လ် အရမ်းကြည်နူးပီတိဖြစ်ရတယ်ကွာ။ အဲဒါကြောင့် ဒီနေ့ ထပ်ပြီး ဒုက္ခခံမလို့လိုက်လာတာ"

"ဟယ် . . . ဂယ်ကြီးလား အန်ကယ်လ်"

ဖွဲ့ဟာန်က ကန့်ကလျန့်ပြောလေလျှင် –

"ရုပ်ကြမ်းကြီးနဲ့ နွဲ့မနေနဲ့၊ နှာခေါင်းမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သာဦးမောင်ကပြောပြီး ဇက်ပိုးကို ဖွဖွရိုက်လေတော့ အားလုံး ရယ်မိကြလေသည်။ ဒီလိုပြောင်စပ်စပ်တွေနဲ့ ရယ်စရာပြောကြလို့ ခင်တွယ်မိတာလား။ ဟုတ်တယ်၊ ခင်တွယ်မိတာတော့အမှန်ပါ။ ဒါပေမဲ့ သူလာခဲ့တာ ဒါကြောင့်မို့ ဦးတည်ခဲ့တာ မဟုတ်ပါဘူး။

အဓိကတွေ့ချင်တာမခနဲ့လေ။

သူ မခကို မေးစရာတွေရှိသည်။ မှန်းခက်ထန်ဆိုတဲ့ လေပြေ အကြောင်းတွေပေါ့။ လေပြေနဲ့မခ အသက်ဘယ်လောက်ကွာတာလဲ။ ပန်းလေပြေညင်းဆိုတဲ့ နာမည်ကနေ ဘာလို့မှန်းခက်ထန်လို့ ပြောင်းလိုက်ရတာလဲဆိုတာတွေပေါ့။

"မခ"

"ရှင် အန်ကယ်လ်"

"မခနဲ့အန်ကယ်၊ အေးအေးဆေးဆေး စကားပြောချင်တယ် ရမလား မသိဘူး။ ဟို အားလုံးစားသောက်ပြီးတဲ့ အချိန်မှပါ"

"ရပါတယ် အန်ကယ်လ်ရဲ့။ ဘယ်အချိန်ပဲဖြစ်ဖြစ် မခနဲ့ အန်ကယ်လ်က ခွင့်တောင်းနေရမယ့်သူတွေမှ မဟုတ်တာ"

"Ok ဒါဆို သွားကြမယ်"

"ဝေး ဟေး"





"တွားကြမယ် တွားကြမယ်"

ခွဲဟန် မဝီကလာဝီကလာပုံစံနှင့် ဆိုလေတော့ မျက်စောင်းခဲ ကြလေသည်။ ထိုစဉ် ကားတစ်စီးဝင်လာပြီး သူတို့သွားမယ့်လမ်းဘေး မှာ ကပ်ရပ်ရှေလျှင် ဘာရယ်မဟုတ်ဘဲ အားလုံး၏အကြည့်က ထို ကားဆီသို့ရောက်သွားကြလေ၏။ ကားကိုကြည့်ပြီးပါးစပ်ကလေး အဟောင်းသားဖြစ်သွားသူက မခပါ။

"ဟယ် ... မကြီးကား"

ကားပေါ်ကနေ မှန်းဆင်းလာခဲ့ပြီး –

"မခ"

"မကြီး"

"လေပြေ"

ဦးကောင်းသစ္စာ၏နှုတ်မှ လေပြေလို့ ခေါ်သံက တိုးတိုးလေး ရယ်ပါ။

"ဒါက ဘယ်သွားကြမလို့လဲ"

"ဒီမှာလေ မကြီး၊ မင်းသစ္စာရဲ့ဖေဖေ။ အန်ကယ်လ်က အတာခံမယ်ဆိုလို့ အဟဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မင်းသစ္စာရဲ့ ဖေဖေဆိုသူတို့ကြည့်ပြီး မှန်း မျက်နှာက တင်းခနဲ ဖြစ်သွားလေသည်။ ပထမတော့ အံ့ဩသွားတာ။ နောက်ကျတော့ ရင်ထဲမှာ စူးခနဲ ဆစ်ခနဲဖြစ်သွားလာလေ။ တိုက်ဆိုင်မှုက ဒီလောက်တောင်ပဲ ရေစက်ပါနေလား။ သူကမင်းသစ္စာရဲ့ အဖေတဲ့။ မင်းသစ္စာနဲ့သူက သားအဖ။

အဟွန်း မခနဲ့ မင်းသစ္စာက သူငယ်ချင်းတဲ့လေ။ ကံကြမ္မာက ဘာတွေများ မျက်လှည့်ပြဦးမလို့ပါလိမ့်။ တစ်ခါတစ်ခါ လက်တွေ့ဘဝတွေက ဝတ္ထုတွေထက် ဆန်းကြယ်ပါလား။

"မခ"

"ရှင်"

"နင် သူတို့နဲ့လိုက်စရာမလိုဘူး။ ငါနဲ့ပြန်လိုက်ခဲ့။ ဒီနေ့ကစပြီး နင်ဒီသင်တန်းကို တက်စရာမလိုတော့ဘူး"

"မကြီး"

"မ"

"လာစမ်း"

မှုန်း မခလက်ကိုဆောင့်ဆွဲပြီးခေါ်လေလျှင် မခက ရုန်းလေ၏။





"မကြီး ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေတာလဲ ဟုတ်လား။ နင်သူတို့နဲ့ ပတ်သက်စရာမလိုဘူး။ ခဏ မဟုတ်ဘူး။ တစ်သက်လုံး ပတ်သက်စရာမလိုတာလာစမ်း"

"လေပြေ"

ဦးကောင်းသစ္စာ မနေသာတော့ပြီ။ ဒါကြောင့် မုန်းနဲ့မခကြားမှာ ဝင်ရပ်လိုက်တော့၏။ သား သိပ်ချစ်ပါတယ်ဆိုတဲ့ မိန်းကလေးက ကိုယ့်ရဲ့လေပြေဖြစ်နေတာလည်း ဘယ်လိုမှ မဖြစ်သင့်ပေ။ ဒါ ကိုယ့်ခံစားချက်ကို ဦးစားပေးတာ မဟုတ်ပါဘူး။ ဘယ်လိုမှကို မဖြစ်သင့်လို့ပါ။

"မဆိုင်တဲ့ကလေးကို မင်း ဘာမှ ချုပ်ချယ်တားဆီးဖို့ မလိုဘူး လေပြေ။ သားနဲ့မပတ်သက်ချင်လို့ရတယ်။ မင်း ကိုကိုနဲ့တော့ မပက်သက်လို့ မရဘူး"

"ဘာ"

"ဟင်"

နောက်ကလူတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရှုတ်စယှက်ကုန်သည်။ ဘာတွေဖြစ်ကုန်ကြပြီလဲ။ ပိုပြီး အံ့ဩရသူက



www.burmeseclassic.com

www.burmeseclassic.com



မင်းသစ္စာပါ။ ဖေဖေက 'မ' ကို ခေါ်တာ လေပြေတဲ့။ သူ့ကိုယ်သူ နာမ်စားသုံးတာကျတော့ ကိုကိုတဲ့။ ဘာတွေလဲ ဖေဖေနဲ့ 'မ' က ဘယ်လိုပတ်သက်ခဲ့ကြတာလဲ။

"ဖေဖေ"

"-----"

"ဘာတွေလဲဗျာ၊ ဘာတွေဖြစ်ကုန်ကြတာလဲ။ မ မနဲ့ ဖေဖေ က ဘယ်လို"

"ဖေဖေ နောက်မှရှင်းပြမယ် သား"

"ရှင် ဘာမှ ရှင်းပြမနေနဲ့ ဦးကောင်းသစ္စာ။ အဓိက,က ရှင်တို့သားအဖ ကျွန်မနဲ့ လုံးဝမပတ်သက်ပါနဲ့။ မခနဲ့လည်း ပတ်သက်စရာအကြောင်းမရှိဘူး။ မခ လာစမ်း"

"မကြီး"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း"

မုန်း မခကို အတင်းဆွဲခေါ်နေပေမယ့် မခက မလိုက်ပေ။ သူတို့ ဘာတွေဖြစ်ခဲ့ကြလဲ မခမသိပေ။ လောလောဆယ်အဖို့မှာ မကြီး လုပ်ပုံက မင်းသစ္စာတို့သားအဖကို ဘယ်လောက်အားနာဖို့ ကောင်းလိုက်ပါသလဲ။





"မပိတ်နိုင်ဘူး မကြီး။ မင်းသစ္စာတို့ကို မကြီး ဘာလို့ ဒီလောက်ခါးခါးသီးသီး ဖြစ်နေရတာလဲ။ မကြီး မပတ်သက်ချင်ရင်နေလေ။ မခကိုတော့ အဲဒီလောက်အထိ မပိတ်ပင်ပါနဲ့"

"ဘာ" !

ဘာဆိုတဲ့အသံက ကျယ်လောင်သွားပြီး မခကို စူးစူးရဲရဲ ကြည့်လိုက်မိချိန်မှာ –

"ဟုတ်တယ် 'မ'၊ 'မ' ဘာဖြစ်နေတာလဲ။ မနဲ့ဖေဖေက ဘယ်လို ပတ်သက်နေကြတာလဲ။ အဲဒါ ကျွန်တော်သိချင်တယ်"

"ဘယ်လိုပတ်သက်နေကြလဲ ဟုတ်လား"

ဖြစ်နိုင်ရင် စူညသုဘဒ္ဒါလို အစွယ်ကိုတောင်းပြီး ဗွာထောင်းအဖြစ် ပန်ချင်တဲ့အထိ အငြိုးကြီးခဲ့တာ။ မုန်း မင်းသစ္စာကို စူးစူးရဲရဲ ကြည့်ပြီး ပြောလိုက်တဲ့စကားက လေးနက်လွန်းစွာ တစ်လုံးချင်းပါ။ ဘာလဲဆိုရင် –

"အစကတည်းက မင်းကို ဦးကောင်းသစ္စာရဲ့သားမှန်း သိရင် ဇါလက်ခံခဲ့တယ် သိလား။ သိပ်ချစ်လို့တော့မဟုတ်ဘူး။ သိပ်မုန်းလို့ အရမ်းမုန်းလို့ မင်းအချစ်ကိုခုတုံးလုပ်ပြီး မင်းဘဝကို ဖျက်ဆီးပစ်လိုက်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"လေပြေ"

"____"

"ကိုကို့အပေါ်မှာ အဲဒီလောက်တောင် အငြိုးကြီးသွားတာလား လေပြေရယ်"

"ဟုတ်တယ်၊ ရှင့်ကြောင့်"

စကားက ဆက်ထွက်မလာဘဲ မှန်းအောက်နှုတ်ခမ်းကို ဖိကိုက်မိလိုက်တာ ပြတ်ထွက်လုမတတ်ပါ။ မငိုတော့ပါဘူးဆိုတဲ့ မျက်ရည်တွေ။ အခု ဘာကြောင့် ကျလာရတာလဲ။ ပါးပြင်နဲ့သူစိမ်းဖြစ်ခဲ့တာကြာပြီပဲ။ စိမ်းလက်စနဲ့ ဆက်စိမ်းလိုက်ပါတော့လား။

"ရှင် စိတ်ညစ်လို့ဆိုပြီး အရက်သောက်တဲ့နေ့တစ်နေ့ကို ရှင်က ပြီးစလွယ် မေ့ပစ်လိုက်နိုင်ပေမယ့် ကျွန်မဘဝ ကံဆိုးမိုးမှောင်ကျတဲ့နေ့မို့ ကျွန်မကတော့ ဒီတစ်သက် မဟုတ်ဘူး နောင်ဆယ်သက်အထိ မမေ့ဘူး"

"ဟင်"

ဦးကောင်းသစ္စာ ကိုယ်ကြီး ဆတ်ခနဲတုန်သွားလေသည်။ သူ အဲဒီနေ့ကို မှတ်တော့မှတ်မိပါတယ်။ ဒါပေမဲ့ ဖေဖေဝါနဲ့ အိပ်မက်လို့ ထင်နေခဲ့တာလေ။ အဲဒီအိပ်မက်ကို ခဏခဏလည်း လွမ်းခဲ့မိသည်။





အခု အဲဒီအိပ်မက်က အိပ်မက်မဟုတ်ဘဲ တကယ်ဖြစ်ခဲ့တာလား။ ဒါလည်း သေသေချာချာ သူမသိပေ။

"ဒါဆို လေပြေ"

"ထွန်းမမှာပြောစရာ စကားကုန်သွားပြီ။ ရှင်တို့သားအဖ ကျွန်မတို့နဲ့ ဝေးဝေးနေပါ"

"မကြီး"

"_____"

"မကြီးတို့ကဘာတွေလဲ၊ ဘယ်လိုပတ်သက်ခဲ့ကြတာလဲ။ မခနဲ့မဆိုင်တဲ့ကိစ္စကိုတော့ ဆွဲထည့်ပြီး မခကို မချုပ်ချယ်ပါနဲ့တော့"

"တိတ်စမ်း"

မခ မကြီးကို ပြန်ပြောမိပါပြီ။ သူမမှာ ခင်တွယ်စရာဆိုလို့ ဒီသူငယ်ချင်းတွေပဲရှိတာလေ။ အခု ဒီသူငယ်ချင်းတွေ ရှေ့မှာ ဒီလိုတွေ ပြောပြီး မခကို ပြန်ခေါ်တာ ကောင်းသလား။

"လာ သွားမယ်"

"မခ မလိုက်ဘူး"

"မခ"

"သူငယ်ချင်းတွေရှေ့မှာ မကြီး မခကို အရှက်ခွဲနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ဒီလူ ဒီလူနဲ့ မပတ်သက်စေချင်လို့ပါဆိုမှ ကိုယ့်ကိုပြန်ပြောလေတော့ ဒေါသက မခဆီသို့ ကူးစက်သွားကာ –

"ကဲ"

"ဖြန်း"

"ဟာ"

"လေပြေ"

မခ ပါးကိုပွတ်မိရင်း မကြီးဘက်သို့ ဆတ်ခနဲ ပြန်လှည့်လိုက်သည်။ အကြည့်တွေက ခပ်စူးစူးမို့ မုန်းရင်ထဲမှာ မီးထတောက်သွားသလား မသိပါဘူး။ ကျန်တဲ့သူတွေကတော့ အကြောင်းသားနှင့် ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေကြသည်သာ။ ကိုယ့်ကို စကားမာမာတောင် ပြန်မပြောခဲ့ဘူးတဲ့ကလေးက အခုကြည့်စမ်း။

အမုန်းမခ။

နင်စကားမပြောရဘူး နင့်သွေးတွေစကားမပြောရဘူးနော်၊ ငါ ခွင့်မပြုနိုင်ဘူး အမုန်းမခ။

" 'မ' 'မ' ဘယ်လိုလုပ်လိုက်တာလဲဗျ၊ မခမှာ ဘာအပြစ်ရှိလို့လဲ"





"အဲဒါ ငါ့ကိစ္စ၊ မင်းဝင်ပါစရာမလိုဘူး"

"မကြီး"

မခ ကျလာတဲ့မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်ကာ –

"မကြီး သိပ်ရက်စက်တာပဲ"

"ဟင်"

"မခ"

မခ ထွက်ပြေးသွားလေတော့ သူငယ်ချင်းတွေလည်း နောက်မှ လိုက်ကြလေတော့သည်။ မခက လုံးဝလှည့်မကြည့်ဘဲ ပြေးလေသော့ စိုးရိမ်စိတ်နှင့် ရှေ့ဆုံးက ပြေးလိုက်သူက မင်းသစ္စာ။ လမ်းကိုဖြတ်အကူးမှာတော့ –

"ဟာ"

"မခ"

"အား"

"မခ"

✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

လေပြေ

ရှိက်ငိုနေတာ တသိမ့်သိမ့်နှင့် ဦးကောင်းသစ္စာ ဘယ်လိုမှ ကျောခိုင်းပြီး မထားခဲ့နိုင်ပေ။ အသက်အန္တရာယ် မစိုးရိမ်ရဘူးဆိုပေမယ့် စိတ်ပူတာက ပူတာပါပဲ။ ကံကြမ္မာဆိုတာကို မယုံရဲကြတော့ဘူးလေ။ လေပြေနဲ့ ကိုယ့်ကို ရက်ရက်စက်စက် ခွဲပစ်ရက်ခဲ့တဲ့ ကံကြမ္မာ

အခုရော

ဘယ်လိုတွေ ရက်စက်ပြဦးမှာလဲ။ လေပြေ အပေါ်မှာတော့ မရက်စက်ပါနဲ့တော့ ကံကြမ္မာရယ်။ လေပြေကို သနားလိုက်တာ ဒါပေမဲ့ ဘယ်လိုနှစ်သိမ့်ပေးရပါ့မလဲ။





"မကြီး"

လေးက မုန်းလက်ကို ဆုပ်ကိုင်လိုက်ပြီး –

"မငိုပါနဲ့တော့ မကြီးရယ်။ မခ ဘာမှမဖြစ်ပါဘူး။ မကြာခင် သတိပြန်ရလာတော့မှာပါ"

"မကြီး မကြီး ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ဘူး လေးရယ်။ မခ ခုလိုဖြစ်ရတာ မကြီးကြောင့်ပါ"

"လေပြေ"

သူ့ အနားကပ်သွားတာကို အော်မလွှတ်သည့်တိုင် လှည့်တော့မကြည့်ပေ။

"လေပြေကြောင့် မဟုတ်ပါဘူး လေပြေရယ်။ နဂိုကတည်းက ဒီအချိန်မှာ ဒီလိုဖြစ်လာရမယ်ဆိုတဲ့ ကံပါလာလို့ ဖြစ်ရတာပါကွာ"

"အဲဒါတော့ ဟုတ်တယ် မကြီး။ အန်ကယ်လ်ပြောတာကို နိုင်ဖင်လည်း လက်ခံတယ်။ အရာရာက ကံစီမံရာပဲလေ"

မုန်း ခေါင်းခါလိုက်မိသည်။ ကိုယ့်ကြောင့် ကိုယ့်ရှေ့ကနေ ပြေးထွက်သွားလို့ ဒီလိုဖြစ်တာကို မျက်ဝါးထင်ထင်မြင်နေရတာပဲ။ ကံကိုချည်းပဲ ပုံမချချင်ပေ။

"ဟယ် လေပြေ"



www.burmeseclassic.com

www.burmeseclassic.com



"________"

"နင် နင် လေပြေ မဟုတ်လားဟင်"

တစ်ဖက်က ဝမ်းသာအားရနှင့်ခေါ်လိုက်တာမို့ မုန်း မျက်ရည်ကို သုတ်ပြီး လှည့်ကြည့်လိုက်စဉ် –

"ဟင်"

"ဟုတ်ပါတယ်၊ နင် လေပြေပါ။ ရန်ကုန်ကိုပြန်သွားကတည်းက တို့ဆီကို တစ်ခေါက်တောင် ပြန်မလာတော့ဘူး။ နေနိုင်လိုက်တာ လေပြေရယ်။ ကလေးမှရော ဘယ်အရွယ်ရောက်နေပြီလဲ၊ ခုလောက်ဆို အပျိုကြီးဖားဖားတောင် ဖြစ်နေရောပေါ့နော်"

တစ်ဖက်က ပြောချင်တာတွေကို တစ်ယောက်တည်း လုပြောနေသလိုဖြစ်ပြီး လေပြေက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ မျက်နှာလွှဲထားလေသည်။

"တို့ဆီကနေ ပြန်ပြောင်းသွားတော့တောင် အမုန်း ဘာအဲ အမုန်းခလား အမုန်းမခလား သူတောင် သုံးနှစ်ရှိနေပြီပဲဟာ။ ဒါနဲ့"

အမျိုးသမီးကြီး၏အကြည့်က ဦးကောင်းသစ္စာဆီသို့ ဒိုင်းခနဲရောက်လာကာ –





"မင်းက မောင်ကောင်းသစ္စာလား"

"ဟုတ်ပါတယ်ခင်ဗျ"

"ဩော် . . . လေပြေက မောင်ကောင်းသစ္စာနဲ့မှ ပြန်ပေါင်းတာကိုး။ ကောင်းပါရှယ်ကွယ်။ ကလေးအတွက် မိစုံဖစုံရှိတာ ပို ကောင်းတာပေါ့။ ကလေးကိုမွေးတုန်းက လင်မယားချင်းကွဲနေတယ် ဆိုလို့ အဒေါ်က စိတ်မကောင်းဖြစ်နေခဲ့တာ"

"ဒီမှာ"

"ဟင်"

"ရှင် ဘာတွေ လာပြောနေတာလဲ။ ကျွန်မ ရှင့်ကို မသိဘူး။ ကျွန်မ လေပြေလည်း မဟုတ်ဘူး၊ ကိုယ့်အကြောင်း မဟုတ်ဘဲ ဝင်စုတာ မကောင်းဘူးထင်ပါတယ်။ ကိုယ့်လမ်းကိုယ်သွားပါ"

မုန်း လေသံမာမာနှင့်ပဲ ပြောပစ်လိုက်သည်။ ကောင်းသစ္စာဆိုတဲ့လူ ကိုယ့်ကို ဘယ်လိုအကြည့်မျိုးနဲ့ ကြည့်နေမှာလဲ။ သူ့ကို ရှောင်ကိုထက် ဒေါ်ခင်သန်းအနားက ထွက်သွားရေးသာ။ မုန်း မခကို ကိုယ်ဝန်ရှိတုန်းက နယ်မြို့လေးတစ်မြို့မှာ သွားရောက်နေထိုင်ခဲ့တာပါ။ ဘယ်သူကပဲမေးမေး

ယောက်ျားနဲ့ကွဲလာတာလို့ ဖြေခဲ့တာ။ ယောက်ျားနာမည်



www.burmeseclassic.com

www.burmeseclassic.com



မေးတော့လည်း ကောင်းသစ္စာလို့ပဲ ဖြေခဲ့တာလေ။ ဒါကို ဒီမိန်းမကြီး ဘာလို့ မမေ့နိုင်သေးတာလဲ။ ပြီးတော့ ဒီအချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင် ဒီဆေးရုံကို ဘာလာလုပ်တာလဲ။

"ဘာ နင်က လေပြေမဟုတ်ဘူး ဟုတ်လား။ မညာစမ်းပါနဲ့ လေပြေရယ်။ ဘာလဲ တို့က တောသူဆိုပြီး နင်တို့အိမ်မှာ လိုက်တည်းမှာစိုးလို့လား။ မတည်းပါဘူးဟယ် အစ်ကိုကြီး ကျန်းမာရေးမကောင်းလို့ ဆေးရုံတက်နေရတယ်ဆိုတာနဲ့ ငါတက်လာခဲ့တာ။ အစ်ကိုကြီးအိမ်မှာပဲ တည်းတာပါဟဲ့"

"-----"

"နင်တို့လင်မယားတွေ ပြန်ပေါင်းတယ်ဆိုလို့ ငါက ဝမ်းသာပါတယ် လေပြေရယ်။ မမနွယ်သိရင်လည်း ဘယ်လောက်များ ဝမ်းသာလိုက်မလဲ"

မမေဆိုလို့ မုန်း မေမေ့ကိုတော့ သတိရမိသွားလေသည်။ မေမေလည်း နယ်မှာဆုံးကျန်ခဲ့တာပါ။ မေမေဆုံးတော့ မခက သုံးနှစ်သမီးလေး။ မခကိုလက်ဆွဲပြီး မုန်း ရန်ကုန်ကို ပြန်လာခဲ့တာ။ အစက တော့ မျက်စိသူငယ်နားသူငယ်ပါပဲ။ ဒါပေမဲ့ သားသမီးအတွက် မိခင်တစ်ယောက်ရဲ့ခွန်အားတွေက ဖြစ်လာသမျှကို ရင်ဆိုင်နိုင်ခဲ့သည်။





"ဟဲ့ ခင်သန်း"

"ရှင်"

"အဲဒီမှာ ဘာလုပ်နေတာလဲ။ နင့်အစ်ကိုခေါ်နေတယ်"

"သြော် . . နဲ့ . . ဟုတ်၊ လာပြီယောက်မ လာပြီ"

လာခေါ်တဲ့သူရှိမှပဲ ဒေါ်ခင်သန်း ပျာပျာသလဲနှင့် ထွက်သွားလေတော့သည်။ ဒေါ်ခင်သန်း ထွက်သွားတာနှင့် –

"လေပြေ"

"----"

"သူပြောသွားတာတွေ တကယ်ပဲလား။ အဲဒါတွေ တကယ်ပဲလားလေပြေ။ မခက. မခက ကိုကို့ရဲ့"

ဆတ်ခနဲ ပြန်လှည့်ကြည့်တဲ့အကြည့်တွေက စူးစူးရဲရဲပါ။ မခ သူငယ်ချင်းတွေမှာလည်း အံ့သြဟန်လေးတွေနှင့်ပေါ့။

ဦးကောင်းသစ္စာ။

အတိတ်ကအချိန်လေးတစ်ခုကို ပြန်တွေးကြည့်မိပြီး ရင်ထဲမှာ နွေးသလို အေးသလိုလိုပါ။ သိတော့သိခဲ့ပါတယ်။ ဒါပေမဲ့ အိပ်မက်လို ထင်ပြီး ခပ်မေ့မေ့ တွေးခဲ့မိလိုက်တာက ကိုယ့်အမှားပေါ့။ တစ်ဖက်လို တာဝန်ယူပြီး လေပြေ အပေါ်မှာ သူ တာဝန်မကျေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် –

ကိုကို ဘာတွေပေးဆပ်ရမလဲ လေပြေ။

"ရှင် သိပ်သိချင်နေပြီလား ဦးကောင်းသစ္စာ"

ခေါင်းညိတ်မိလား ခေါင်းခါမိလား ကိုယ့်ကိုယ်ကိုယ် ဘာမှန်းပင်မသိတော့ပေ။

"ဟုတ်တယ် မခက ကျွန်မ ဝမ်းနဲ့လွယ်မွေးထားခဲ့ရတဲ့ ကျွန်မသမီးပဲ။ ဒါပေမဲ့ သူမှာ အဖေမရှိဘူး။ သူ့ကိုကျွန်မ"

"အမုန်းမခရဲ့လူနာရှင်"

"ဟင်"

"အမုန်းမခ သတိရလာပါပြီရှင်"

"မခ"

နှာစ်မလေးစကားဆုံးတာနှင့် ခြေလှမ်းတွေကို ကသော ကမျော အလုပ်ပေးလိုက်သူက မုန်းပါ။ သူမ နှစ်ပေါင်းများစွာ လျှို့ဝှက်လာခဲ့တဲ့အထုပ်ကိုလည်း ဖြေပြီးပြီမို့ မေမေလို့ ခေါ်ခွင့်ကိုပါ တစ်ပါတည်း ယူဆောင်သွားရင်း။

❋



## အခန်း (၂၉)

"အဖြစ်အပျက်တွေအားလုံးကတော့ အဲဒါပဲသား။ တစ်ခါတစ်ခါ လက်တွေ့ဘဝတွေက ဝတ္ထုတွေထက် ဆန်းကြယ်လှပါတယ်။ သားအတွက် ဖေဖေ စိတ်မကောင်းဘူးကွာ"

ဝိုမိတာမဟုတ်ပါဘဲနဲ့ အသက်ရှူသံကြားမှာ ရှိုက်သံလို ထွက်သွားတာက ဘာလဲ။ မျက်ရည်မကျလို့ မငိုဘူးလို့ မထင်နဲ့ဆိုတာမျိုး။ မျက်ရည်မစီးတဲ့ ခြောက်သွေ့သွေ့ ငိုရှိုက်သံလား။ ရက်စက်လိုက်တာ ကံကြမ္မာရယ်။ ညီအစ်ကိုဆိုရင် ထားပါတော့။ ဖြစ်တတ်တဲ့သဘောတရားရှိတာကိုပေါ့လေ။

အခုတော့ –



www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့သား။ ဒီတစ်ယောက်တည်းကိုမှ ထပ်တူကျစွာ ချစ်မိကြသတဲ့လား။ ချစ်မိရုံတင်ဆိုထားတော့။ အခုတော့ အမေနဲ့က သမီးရည်းစားမက လင်မယားမကျဖြစ်ခဲ့ကြသည်ဆိုတော့ ကိုယ်က ရှက်တတ်ရင် လဲသေဖို့သာ ကောင်းတော့သည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ မေမေ။ ပြီးခဲ့တာတွေကို ထားခဲ့လိုက်ပါတော့။ အထီးကျန်ဆန်တဲ့သားဘဝမှာ အခု ညီမလေးတစ်ယောက်ရတာကိုပဲ သားဝမ်းသာလှပါပြီ။ မေက သားညီမလေးပဲလေ။ ညီမလေးအတွက် သားက ပန်းပျိုးလက်ပဲဖြစ်ပါရစေတော့"

"သားရယ်"

ဦးကောင်းသစ္စာ သားပခုံးကို ခပ်တင်းတင်းပဲ ဆုပ်ကိုင်လိုက်မိတော့သည်။ အဖြစ်အပျက်တွေက ပြောစရာစကားမရှိတော့အောင် ပါးစပ်ကို ဖိပိတ်ထားတဲ့လက်ကြမ်းကြီးပါပဲ။ သားနေရာမှာ ညီဆိုရင်တော့ သူ့ ကမ္ဘာ့အပြင်အထိ ရှောင်ထွက်သွားချင်သွားရှာပါစေ။

အခုတော့ –

ဒီအခြေအနေဖြစ်နေတာတောင် ကျော်မကောင်း ကြားမကောင်းပါပဲ။ ကံကြမ္မာရဲ့ကစားကွက်က အားလုံးကို တံတွေးခွက်ထဲ ပက်လက်မှောက်လိုက်သလိုပဲလေ။ မျက်လှည့်ပြတော်လိုက်တာ။





"သား"

"– – – – –"

"သား ဖြစ်ချင်တာကိုပြောပါ။ မေမေ ဘာလုပ်ပေးရမလဲ သား"

"ဘာမှ လုပ်မပေးပါနဲ့ မေမေ။ လောကကြီးက နေတတ်ရင် ကျေနပ်စရာကောင်းပါတယ်။ 'မ' အဲ အန်တီလေပြေကို သား အမေတစ်ယောက်လို ချစ်နိုင်အောင် ကြိုးစားပါ့မယ်။ ညီမလေးရဲ့အမေက သားရဲ့အမေပဲပေါ့။ သားအတွက် အတောင်ပံတစ်ဖက်ကျိုးသွားပေမယ့် ညီမလေးအတွက် အတောင်ပံတစ်စုံပြည့်စုံနေတယ်ဆိုရင် သား ကျေနပ်ပါတယ် မေမေ"

"သားရယ် ... မေမေ ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူးကွာ"

"ဘယ်လိုမှ မပြောပါနဲ့ မေမေ။ သားက လူငယ် တစ်ယောက်ပါ။ လူငယ်မို့လို့ စိတ်ကစားမိရုံသက်သက်ကလွဲရင် ဘာမှ မဖြစ်ပါဘူး။ အခုလို အခြေအနေမျိုးကျတော့လည်း အန်တီ့အပေါ် အမေတစ်ယောက်လို သဘောထားနိုင်တယ်လို့ သား ပြောပြီးပြီ လေ"



www.burmeseclassic.com

www.burmeseclassic.com



"ခုလိုကြားရတာ ဖေဖေ ဝမ်းသာပါတယ် သားရယ်။ ဒါပေမဲ့ ကွာ"

ဒါပေမဲ့ နောက်က ဆက်ထွက်မလာသောစကားတို့သည် နှလုံးသားကို စိုက်ဝင်နေတဲ့ ဆူးတွေကိုပါ။ ကိုယ့်အပေါ် အချစ်ကြီးလို့ အမျက်ကြီးနေသည့် လေပြေရင်ထဲက အမုန်းကြိုးတွေကို ဘယ်လို ဖြေလျှော့ပေးနိုင်ပါ့မလဲ။ မုန်းထိုက်လို့ မုန်းခဲ့တာဆိုတော့ – ***

မင်းကို အမုန်းဖြေဆေး ဘယ်လိုပေးရမလဲ လေပြေ။ ကိုကို မင်းကို အရမ်းချစ်ခဲ့ပါတယ်။ အချိန်တိုင်း မဟုတ်ပေမယ့် တိုက်ဆိုင်မှု ရှိတိုင်း သတိရနေမိတဲ့ ကိုကို့နှလုံးသားမှာလည်း ဒဏ်ရာဗရပွနဲ့ပါ။

"ဖေဖေ စိတ်ပူနေတာမဟုတ်လား။ စိတ်မပူပါနဲ့ ဖေဖေ။ အန်တီနဲ့ ဖေဖေ အဆင်ပြေအောင် သားနဲ့ မခ ကြိုးစားပါ့မယ်"

"______"

"အခုလည်း သား ဆေးရုံကို သွားမလို့ ဖေဖေ၊ မခအတွက် လိုအပ်တာလုပ်ပေးဖို့ သားအနားမှာ ရှိနေချင်တယ်"

"ကောင်းပြီ သား၊ သားသွားလိုက်ပါ"

မင်းသစ္စာ ခေါင်းညိတ်ပြီးထွက်လာခဲ့တော့သည်။ သူ သူငယ် ချင်းတွေကို ဘယ်လိုမျက်နှာပြရပါ့မလဲ။ မသိလို့ စိတ်နဲ့ပယ်ပစ်မှားမိခြင်း





အတွက် သူတို့နားလည်ကြမှာပါလေ။ ဖေဖေ့ကို ကျောခိုင်းခဲ့ပြီးမှ မျက်ရည်တွေက ဘာလို့ကျလာမှန်းမသိပါဘူး။

ဒီမျက်ရည်တွေ

ဘယ်သူ့အတွက် ကျတာလဲ။ ကိုယ့်အတွက်လား၊ ဖေဖေ အတွက်လား။ ဒါမှမဟုတ် အန်တီလေပြေနဲ့မခအတွက်လား။ ရင်ထဲမှာ ရူးခနဲ နင့်ခနဲ ဖြစ်ရတာက မချစ်သင့်တဲ့သူကိုမှ စွဲစွဲနစ်နစ် ချစ်ခဲ့မိတဲ့ ကိုယ့်နှလုံးသားကို ဒေါသဖြစ်လွန်းလို့ပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

မုန်းရဲ့ဘဝမှန်ကို သိကြတော့ မေကြည်နဲ့လွင်လည်း အံ့သြနေကြသည်။ သူတို့တကယ်ပဲ မုန်းအကြောင်းကို ဂဃနဏမသိခဲ့ပါဘူး။ ညီမငယ်လေးကို ကလေးထိန်းနဲ့ထားပြီး မုန်းက ကျောင်းတက်ရသည်။ ပန်းလေမြေညှင်းဆိုတဲ့နာမည်ကို သိပေမယ့် အဲဒီနာမည်ခေါ်ရင် မုန်းကမကြိုက်ပေ။

အဲဒီနောက် –

ဘွဲ့ကိုယ်စီရပြီး စီးပွားရေးလုပ်ငန်းကို အတူတူ လုပ်ကြသည်။ သူမတို့သိတာ ဒီလောက်ပါပဲ။

"နှင် နှင် ပြောတာတွေက တကယ်ပဲလား မင်းသစ္စာ။ နှင်





ငါ့ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်"

"ဒါ နောက်စရာမှ မဟုတ်တဲ့ မခရယ်။ ဒီအကြောင်းတွေကို အခု မ အဲ အန်တီမေကြည်နဲ့ အန်တီလွင်တို့လည်းသိနေကြတာပဲ။ အန်တီလေမြေကိုယ်တိုင်ကလည်း ဝန်ခံထားတာပဲလေ"

"ဒါဆို နှင်နဲ့ငါက"

"ဟုတ်တယ်၊ အဖေတူ အမေကွဲ မောင်နှမတွေပဲ မခ"

မခ ခေါင်းငုံ့အချမှာ မျက်ရည်ကပေါက်ခနဲကျသွားလေသည်။

"မခ"

မင်းသစ္စာ မခလက်ကို တင်းတင်းဆုပ်လိုက်ပြီး –

"မငိုနဲ့လေ မခရဲ့။ ဒါ ဝမ်းသာစရာပဲဥစ္စာ။ အခုဆိုရင် နှင်ရောငါရော သာယာအေးချမ်းတဲ့မိသားစုဘဝကို ပိုင်ဆိုင်ရတော့မယ်။ တို့ဘဝတွေ အထီးကျန်မဆန်တော့ဘူးလေဟာ။ ဒါပေမဲ့ ဖေဖေနဲ့ အန်တီလေမြေ အဆင်ပြေဖို့က တို့မောင်နှမမှာ တာဝန်ရှိတယ်"

"ဟုတ်တယ် မခ၊ အမုန်တရားကို လက်ခံလိုက်ပါ ကလေးရယ်နော်"

"မုန်းဘက်က ကြည့်ရင်လည်း သူ့ခမျာ ဒီလိုဖြစ်ချင်လှလို့ ဖြစ်တာမှ မဟုတ်တဲ့ကွယ်။ ဝဋ်ကြွေးလို့ပဲ ပြောရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"_ _ _ _ _"

"မငိုပါနဲ့ဟာ၊ နင်ငိုတော့ ငါက ဘာလုပ်ရမှာလဲဟ"

ဒီကိစ္စအတွက် မခ ဘယ်သူ့ကို အပြစ်တင်ရမှာလဲ။ ရင်ထဲမှာ နင့်နေအောင်ခံစားရသည်။ ကိုယ့်အဖေအမေ လူ့လောကကြီးထဲမှာရှိနေပါလျက်နဲ့ မိဘမဲ့ဆိုတဲ့ဘဝကို ခံယူခဲ့ရတာ ဘယ်လောက်ရင်နာဖို့ကောင်းလိုက်ပါသလဲ။ ဖအေကို တွေ့တာတောင် ဖအေမှန်းမသိ။

အနားမှာရှိတဲ့ အမေကျတော့ အမေလို့ ခေါ်ခွင့်မရဘဲ အစ်မတစ်ယောက်အဖြစ်နဲ့ ဆက်ဆံနေရတာ။ မိဘမဲ့ဆိုပြီး ပတ်ဝန်းကျင်အလယ်မှာ မခ ဘယ်လောက်မျက်နှာငယ်ခဲ့ရသလဲ။ တကယ်ဆို အမေဟာ ဘယ်လိုမိန်းမျိုးပဲဖြစ်နေပါစေ၊

မခက

အမေလို့ ဝအောင်ခေါ်ပြီး အမေ့ရင်ခွင်ထဲ တိုးဝှေ့နေချင်သူပါ။ အခုတော့ –

"မကြီး ရက်စက်တယ်၊ မကြီး သိပ်ရက်စက်တာပဲ"

"မခ"

"အဟင့်"





"မငိုနဲ့တော့ဆို မခရယ်"

"တကယ်ဆို သူများကိုမပြောချင်လို့ ဖုံးကွယ်ထားတောင် မခကိုတော့ ဖွင့်ပြောသင့်ပါတယ်။ မခ နားလည်ပေးလို့ရတယ်။ ခုတော့ မခကို သမီးနှုတ်အဖြစ် လက်မခံတာ"

"ဟယ် . . . အဲဒီလို မပြောရဘူးလေ မခရဲ့။ မခကို လက်ခံလို့မှ လူ့လောကထဲရောက်အောင် ခေါ်ခဲ့တာပေါ့။ သူ ဘာတွေ ဘယ်လို ရင်ဆိုင်ခဲ့ရမလဲ တွေးကြည့်ယုံနဲ့ သိပါတယ်ကွယ်"

"ဟုတ်တယ် မခ၊ မိဘကို မပစ်မှားပါနဲ့ကွယ်။ မုန်းဇာသာမိခင်စိတ်မရှိရင် မခ ခုလို လူ့လောကထဲမှာ အသက်ရှင်လျက်နဲ့ ရှိနေနိုင်ပါ့မလား"

မခ နှုတ်ခမ်းလေးကို ဖိကိုက်မိလိုက်သည်။ မွေးပြီးစွန့်မပစ်ခဲ့တဲ့ အတွက်ပဲ မခက ကျေးဇူးတွေတင်ထိုင်ကန်တော့ရဦးမှာလား။ တကယ် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ မိဘမဲ့ဘဝနှင့် ရပ်တည်ခဲ့ရတာကိုတော့ ရင်နာမိတာအမှန်ပါ။

"အခု မခကလည်း ကျေးဇူးကန်းနေတာမဟုတ်ပါဘူး။ ဒါပေမဲ့ မကြီးအရမ်းရက်စက်တယ်"

"ရက်စက်တယ်ဆိုရအောင် နင့်ကိုငါ ဘာတွေများ ညှဉ်းပန်း



www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ခဲ့လို့လဲ အမုန်းမခ။ နင့်ကို ငါ လိုလေသေးမရှိ ဖြည့်ဆည်းပေးခဲ့တယ်။ သမီးလို့မခေါ်တာကလွဲရင် ငါ့ဘက်က ဘာတွေများ တာဝန်ပျက်ကွက်ခဲ့လို့လဲ"

"မုန်း"

"အန်တီ"

သူတို့ဆီသို့ လျှောက်လာနေတဲ့ မုန်းပုံစံက တည်ငြိမ်ရင့်ကျက်စွာ။ လူက နုဖတ်ပြီးလှနေသလောက် ဘဝက ကြမ်းတမ်းအကျည်းတန်ခဲ့သူ။ ဒါတွေအားလုံးရဲ့ အဓိကတရားခံက အချစ်ဆိုတဲ့အရာပဲပေါ့။ အချစ်ကိုယုံစားမိလို့ သူမ ဒီလို ရင်ဆိုင်ခဲ့ရတာပါ။

"ငါ မိခင်စိတ်ရှိစွာနဲ့ နင့်ကို လောကကြီးထဲ ရဲရဲခွဲခေါ်ခဲ့တာ ရက်စက်တာလား အမုန်းမခ။ ပြောစမ်းပါ ငါ နင့်ကို မွေးခဲ့ရတာ လင်ကောင်မပေါ်ဘဲ မွေးခဲ့ရတာလေ"

"အန်တီ အန်တီ အဲဒီလိုစကားတွေ မပြောပါနဲ့ဗျာ။ မခဘဝနဲ့ ယှဉ်လိုက်ရင် ကျွန်တော့်ရပ်တည်မှုတွေကို ကျွန်တော် လိပ်ပြာမလုံသလို ခံစားရလို့ပါ"

မုန်း နှုတ်ခမ်းက မဲ့ခနဲ ဖြစ်သွားပြီး –

"ဟုတ်တာပေါ့။ မင်းက ဘယ်လိပ်ပြာလုံပါ့မလဲ။ ငါ ဒုက္ခ





ရောက်နေတဲ့အချိန်မှာ မင်းတို့သားအမိက အောင်နိုင်သူအပြုံးမျိုးနဲ့ ရပ်တည်နေကြတာလေ။ ဒီမှာ အမုန်းမခ"

မခ အသာလေး မော့ကြည့်လိုက်တော့ –

"နင် ပြောစမ်းပါ။ ငါ့ကိုအပြစ်တင်နေရအောင် နင့်အဖေဆိုတဲ့လူ နင့်အပေါ် ဘာတာဝန်တစ်ခုကျေခဲ့လဲ။ တာဝန်ယူဖို့မပြောနဲ့ စားပြီးနားမလည် ဝါးပြီးတွေးပစ်၊ ငါ့ကို နည်းနည်းလေးမှ လှည့်မကြည့်ခဲ့တဲ့လူ"

"————"

"သူ့ကို ငါအရမ်းမုန်းတာပဲ"

"အဲဒါတွေပြောမနေပါနဲ့တော့ မုန်းရယ်။ အဲဒီအကြောင်းတွေ ကလေးက ဘာမှသိတာမှ မဟုတ်တာ"

မသိလို့ သိအောင်ပြောပြနေတာပါ။ ရင်တွေနာလွန်းလို့ ဆို လာတဲ့မျက်ရည်ကိုပင် ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်မိ၏။ ရှုံးလောက် အောင်ချစ်ပြီး သေလောက်အောင်လွမ်းရင်း မျှော်လင့်ခဲ့မိသေးတယ် လေ။ တစ်နေ့ ကိုယ့်ဆီပြန်လာမလားလို့ပေါ့။ ကိုယ့်မှာသာ အရှုံးမိုင်း ဖြစ်နေတာ။

သူကတော့ သူ့သား သူ့မယားနဲ့ ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



အခေါက်အအုံထဲမှာ လေချွန်တမြမြနှင့် ဒူးနှန့်နေနိုင်သူ။

"သူက ငါ့အပေါ်မှာ အနိုင်နဲ့ပိုင်းသွားခဲ့တာ။ ငါကတော့ ဆုံးရှုံးခဲ့ရတာ တစ်ခုပြီးတစ်ခုပဲ။ ငါ့ဘဝ ငါ့အဖေ ငါ့အမေ။ ပြီးတော့ ငါ့အရှက်နဲ့ ငါ့ဂုဏ်သိက္ခာ။ ဒါတွေအားလုံး ရင်းနှီးခဲ့ရတာတောင် ငါက ရက်စက်တယ်တဲ့လား။ ပြောပါဦး အမုန်းမခရယ်။ သမီးလို့ မခေါ်ခဲ့တာ တစ်ခုနဲ့ ငါက အရမ်းရက်စက်တဲ့ မိခင်တဲ့လား"

ထိန်းထားသည့်ကြားမှ မျက်ရည်က ကျလာပြန်လေသည်။ ပြီးမှ သတိရပြီးခေါင်းခြင်လိုက်မိတာက မခသည် ဆေးရုံမှမဆင်းရသေးသည့်လူနာတစ်ယောက်ပါ။ ဒီနေ့ ဆေးရုံကဆင်းရမယ်တဲ့။ အစကတည်းက မုန်း ဒီစကားတွေ မပြောချင်ပါဘူး။ မခပြောလိုက်တဲ့စကားကြောင့် ပေါက်ကွဲသွားမိတာပါ။

"မုန်း"

"____"

"နင် နင့်စိတ်ကိုပဲ ထွက်ပေါက်ရှာပြီး စွတ်ပြောမနေနဲ့လေ။ ကလေးက နေကောင်းသေးတာမဟုတ်ဘူး"

မေကြည်က မုန်းကိုပြောသလို လွင်ကလည်း မခဘက်သို့ လှည့်၍သာ။





"မခ"

"____"

"မိဘရဲ့စေတနာကို ဇော်ကားသလို ဖြစ်နေပါ့မယ် ကလေးရယ်။ မေမေ့ကို တောင်းပန်လိုက်နော် ကလေး။ အေးအေးဆေးဆေးနဲ့စဉ်းစားရင် မင်းမေမေ့ဘက်ကို မင်း နားလည်ပေးနိုင်မှာပါ"

မေမ မေမေတဲ့လား။ တစ်သက်လုံးက မကြီးလို့ပဲခေါ်လာခဲ့တာ။ အခုမှ မေမေလို့ ပြောင်းခေါ်ရမှာလား။ ဘာပဲဖြစ်ဖြစ် အမှန်တရားကို လက်မခံလို့မှ မရတာ။ ဒီတော့ ခေါ်ရမှာပဲလေ။ သူပြောပြတော့လည်း မခ နားလည်လိုက်ပါပြီ။ မကြီးက မိခင်စိတ်အပြည့်အဝရှိတဲ့ မိခင်ကောင်းတစ်ယောက်ပါ။ မခ ဘာလိုလေသေးမရှိ ပြည့်စုံဖို့အတွက် မိဘရဲ့ချမ်းသာကြွယ်ဝမှုတွေကို ထိန်းသိမ်းနိုင်သလို သူလည်း ကြိုးစားခဲ့တဲ့အထဲမှာ –

ဘာအညီအပေါက်မှ မပါခဲ့ပါဘူး။ အပုပ်နံ့လည်း မထွက်ခဲ့ပေ။ ဒါကြောင့် မခစားတဲ့ထမင်းဟာ မသတီစရာ မရှိခဲ့ပါဘူး။ မေမေ မေမေလို့ စိတ်ထဲကခေါ်ကြည့်မိတော့ ရင်ထဲမှာ နွေးထွေးခြင်းနှင့်အတူ ဘဝတစ်ခုလုံး ပိုပြီးလုံခြုံ၍ အရာအားလုံး ပြီးပြည့်စုံသွားသည့်နှယ်ပါ။ ဒါကြောင့် လက်အုပ်ချီလိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"မခ မမှားသွားပါတယ် မကြီးရယ်။ မကြီးကို မခ တောင်းပန်ပါတယ်"

မခကို မုန်းက ချက်ချင်းလှည့်မကြည့်သောကြောင့် မင်းသစ္စာနှင့် မုန်းသူငယ်ချင်းတွေ ဘာစကားမှမပြောဘဲ နားစွင့်နေမိကြ၏။

"မကြီး"

"––––"

"အားလုံးကို မခနားလည်သွားပါပြီ။ မခလေ မကြီးကို"

မခစကားကို ဖြတ်ထားလိုက်တော့ မုန်း မခဘက်သို့ အကြည့်ရောက်လေလျှင် –

"မေမေ"

"––––"

"မေမေ"

မေမေလို့ ခေါ်သံကြားလိုက်ရတော့ ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားတာသည် အရူတွေ အသည်းတွေကို ပြောင်းပြန်လှန်ပစ်လိုက်သလိုပါ။ မခကိုယ်လေးကို ရင်ခွင်ထဲ ဆွဲပွေ့မိပြီး –

"သမီးရယ်"

❋



## အခန်း (၃၁)

မုန်း ဘုရားပန်းလဲဖို့အတွက် သစ္စာပန်းအရွက်တွေကို ဖယ်ပစ်နေစဉ် မခက အနားမှာ မတ်တပ်လေးရပ်၍ ကြည့်နေသည်။ မိခင်ဖြစ်သူ၏ လှုပ်ရှားမှုတွေကို ကြည့်နေရင်း သူမ စိတ်ကူးယဉ်နေမိတာသည် ပျော်ရွှင်ချမ်းမြေ့ဖွယ် မိသားစုလေးတစ်စု။

ဖေဖေရယ်၊ မေမေရယ်၊ မခရယ်။

ပြီးတော့ –

ကိုကြီးရယ်ပေါ့။ မခက အငယ်ဆုံးမို့ ဖေဖေ မေမေနဲ့ ကိုကြီးအပေါ် ဆိုးနွဲ့နေလို့ပေါ့။ အဲဒီလိုသာ တကယ်ဖြစ်ခဲ့ရင် မခ ဘယ်လောက်ပျော်လိုက်ပါမလဲ။ လောကကြီးထဲမှာ လူဖြစ်ရကျိုးနပ်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ –

"မခ"

"အင်"

မုန်းခေါ်လိုက်တော့ မခကိုယ်လေး ဆတ်ခနဲတွန့်သွားလေသည်။

"နေရတာ ခေါင်းတွေဘာတွေ ကြည်ရဲ့လား"

"ဟုတ် ... ကြည်ပါတယ်"

"ဒီအပတ်ထဲမှာ တို့ ပြင်ဦးလွင်ကိုသွားဖြစ်လိမ့်မယ် ထင်တယ်"

"အန်တီမေကြည်တို့နဲ့ သွားမှာလား"

တို့ဆိုတဲ့အသုံးအနှုန်းကြောင့် မခ ဒီလိုမေးလိုက်ခြင်းပါ။

"မဟုတ်ပါဘူး။ မခနဲ့သွားမှာလေ။ မခပါ လိုက်ရမှာ"

"မခပါလိုက်ရမှာ"

"ဟုတ်တယ်"

"မခလိုက်ဖို့ လိုအပ်လို့လားဟင်"

"အင်း ... ဟိုမှာ တစ်လလောက်ကြာချင်ကြာမှ။ အေးအေးဆေးဆေး အနားယူကြမယ်လေ"





"ဟင်"

မခ မျက်နှာလေးဆပ်မဲ့မဲ့ဖြစ်သွားလေသည်။ ဒါ ဘာသဘောလဲ။ ဟိုမှာအနားယူမယ်ဆိုတော့ မခကို ဖေဖေနဲ့ဝေးအောင် ခွဲထုတ်တာလား။ မချ ပြင်ဦးလွင်ကို သွားချင်ပါသည်။ ဒါပေမဲ့ အခုအခြေအနေမျိုးနဲ့ မဟုတ်ပါဘူး။ အခုချိန်မှာ အရေးကြီးတာက –

ဖေဖေနဲ့မေမေ အဆင်ပြေဖို့ပါ။

အခုက မတွေ့ချင်လို့ ထွက်သွားတဲ့ပုံစံမျိုးလေ။ ဒါကြောင့် ဟိုမှာ တစ်လနေမယ်ဆိုတာ မသေချာပါဘူး။ အပြီးပြောင်းဖို့ ရွှေ့ဖို့ တွေလုပ်ရင်ဒုက္ခ။

"မခ မလိုက်ချင်ပါဘူး"

"ဟင်"

မုန်း မခကိုလှည့်ကြည့်ပြီး –

"ဘာဖြစ်လို့မလိုက်ချင်တာလဲ"

မခ ခေါင်းခါလိုက်ပြီး –

"ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ရင် လိုက်ရမယ် မခ။ ဟိုမှာ တစ်လလောက်ကြာမှာဆိုတော့ နင့်ကိုငါ စိတ်ချလက်ချ မထားခဲ့နိုင်ဘူး။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ အဲဒီလောက် ခွဲဖူးတာ မဟုတ်ဘူးလေ"

"အဲဒါဆို မကြီး အဲ"

မကြီးလို့ ခေါ်မိပြီးမှ –

"မေမေ မသွားနဲ့ပေါ့"

မုန်း မျက်မှောင်လေးကြုတ်သွားမိစဉ် –

"မခ ဖေဖေနဲ့ တွေ့ချင်တယ်"

"ဘာ"

"တီတီ တီတီ"

"ဟင်"

ရှေ့ဆက်မယ့်စကားက ကားဟွန်းတီးသံကြောင့် ပြတ်သွားပြီး နှစ်ယောက်စလုံး ခြံရှေ့သို့ မျှော်ကြည့်လိုက်သည်။ ခြံရှေ့မှာ ကားတစ်စီးရပ်နေတာ ဘယ်သူပါလိမ့်။ မုန်းကမသိပေမယ့် မခကတော့ ထိုကားလေးကို မှတ်မိသွားသည်နှင့် ခြံရှေ့သို့ ပြေးထွက်သွားလေတော့သည်။



ဖေဖေ

အရမ်းတွေ့ချင်နေတဲ့ဆန္ဒကို နတ်ကောင်းနတ်မြတ်တွေက ဖြည့်ဆည်းပေးလိုက်လေသလား။ နှုတ်ခမ်းလေးပေါ်မှာ အပြုံးလေးကလည်း ချိုမြစွာ၊ ခြံတံခါးကို ကမန်းကတန်း ဖွင့်ပေးလိုက်လေတော့



ဦးကောင်းသစ္စာက –

"သမီး"

"ဖေဖေ"

"သမီးမေမေ အိမ်မှာရှိလား သမီး"

ပြောရင်း ကားပေါ်က ဆင်းလိုက်လေသည်။

"ရှိတယ် ဖေဖေ၊ ဘုရားပန်း လဲနေတယ်လေ"

"ဟုတ်လား"

"ဟုတ်"

ဦးကောင်းသစ္စာ သမီးပါးပြင်လေးကို လှမ်းဖျစ်လိုက်ပြီး–

"ဖေဖေ့သမီးက အမေတူသမီးလေးမို့လို့ အရမ်းချစ်ဖို့ကောင်းတာပဲ"

မခ ရယ်လိုက်ပြီး –

"အဲဒါ ဒီနေရာမှာ မပြောရဘူး ဖေဖေရဲ့"

"မှာင် . . . ဒါဆို ဘယ်နေရာမှာပြောရမှာလဲ"

"မေမေ့ရှေ့ရောက်မှ ပြောရမှာလေ"

"အေး . . . ဟုတ်သားပဲ"

ပြောပြီး သမီးကိုယ်လေးကို ပွေ့ဖက်လိုက်တော့ မခက



www.burmeseclassic.com

www.burmeseclassic.com



ဖခင်၏ရင်ခွင်တွင်းမှာ ငြိမ်သက်နေလို့ပါ။ မခ မိဘမဲ့တဝနဲ့ နေလာခဲ့ရတာ ကြာပြီပဲလေ။ ဘယ်သူမဆို မိဘရဲ့ရင်ခွင်ငွေ့ကို လိုချင်တောင့်တမိကြတာချည်းသာ။ ကိုယ်က တကယ်မိဘမဲ့မှမဟုတ်ဘဲ။

အခြေအနေအရပ်ရပ်ကြောင့် တစ်ကွဲတစ်ပြားစီနေရပေမယ့် မခမှာ ဖေဖေနဲ့မေမေရှိသည်။ ကိုကြီးရှိသည်။ အဲဒီအတွက် မခ ကျေနပ်လို့မဆုံး။

"မခ"

"____"

"မခ အခုပြန်လာစမ်း"

"ဟင်"

မုန်းရဲ့အသံခပ်စူးစူးကြောင့် ဦးကောင်းသစ္စာ သမီးကိုယ်လေးကို လွှတ်ပေးလိုက်တာ အလန့်လန့် အဖျပ်ဖျပ်ပုံစံနှင့်ပါ။ ကြည့်လိုက်တော့ မုန်းက ခပ်တောင့်တောင့်ရပ်နေပြီး ကြည့်နေပုံက ခုန်အုပ်တော့မယ့် ကျားတစ်ကောင်နှယ်။

"အမုန်းမခ"

"____"

"ခေါ်နေတယ်လေ၊ အခုပြန်လာစမ်း"





"ဟင့်အင်း"

"လေပြေ"

"မခေါ်နဲ့ ရှင် အဲဒီနာမည်ကို ဘယ်တော့မှ ခေါ်စရာမလိုဘူး။ ပန်းလေပြေညင်း၏ သေသွားပြီ၊ အခုရပ်တည်နေတာ မုန်းခက်ထန်"

"လေပြေရယ် ကိုကိုရှင်းပြပါရစေ"

"မရှင်းနဲ့ ရှင်ဘာမှ ရှင်းပြနေစရာမလိုဘူး။ ကိုယ့်ကိုမငဲ့လို့ ထွက်သွားခဲ့ပြီးမှ ရှင်းပြမယ်ဆိုတာနဲ့ ကျွန်မ ခေါင်းညိတ်ရအောင် ပုပ်သွားတဲ့အနံ့က အမွှေးဖြန်းလည်း မရတော့ဘူး ဦးကောင်းသစ္စာရဲ့။ ရှင် ထွက်သွား၊ အခု ကျွန်မခြံရှေ့ကထွက်သွားပါ"

အဲဒီလောက်တောင် ပြတ်သားနိုင်ပြီလား လေပြေရယ်၊ မှားခဲ့တာကိုယ်ဆိုပေမယ့် ကိုယ့်ကိုယ်ကိုယ် မှားမှန်းတောင်မသိခဲ့တဲ့အဖြစ်ပါ။ သိသာသိခဲ့ရင် သူ လေပြေကိုပဲ ဦးစားပေးခဲ့မှာ အမှန်ပါ။ ချစ်တာကိုး။ ဇနီးမယားကို ရင်ခွင်ထဲမှာထားပြီး သတိရနေမိတာက လေပြေဆိုတာကိုယ်မှလွဲ၍ အခြားသူသိနိုင်ပါ့မလား။ တိုက်ဆိုင်မှုတွေရှိတိုင်း လှုပ်ခတ်တဲ့ စိတ်က ရင်ထဲမှာ ရူးခနဲ နင့်ခနဲပါ။

"ထွက်သွားလေ"

"ကိုကိုမသွားနိုင်ဘူး လေပြေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"အဲဒီအမှားကို ကိုကိုတကယ်မသိခဲ့ရိုးအမှန်ပါ။ အိပ်မှုက်လိုလို ဘာလိုလိုနဲ့ စိတ်က ဇဝေဇဝါဖြစ်နေခဲ့တာ။ သိခဲ့ရင် ကိုကိုလေ"

"တော်စမ်းပါ"

"မေမေ"

မခ ဖိခင်လက်ကိုပြေးဆွဲပြီး ဘာမှမပြောနိုင်ခင်မှာပဲ-

"မသိခဲ့ရိုးအမှန်ပါ ဟုတ်လား ဦးကောင်းသစ္စာ။ ရှင့်ရဲ့ ပေါ့ဆမှုကြောင့် ကျွန်မဘက်က ဆုံးရှုံးသွားတာ အများကြီးရှင့်။ အခုမှလာ တောင်းပန်တော့ရော စွန်းထင်းသွားတဲ့ ကျွန်မရဲ့ဂုဏ်သိက္ခာကိုရှင် ဘယ်ခဲဖျက်နဲ့ ဖျက်ပေးမလဲ။ ဘယ်လို correction နဲ့ ဖျက်ပေးမှာလဲ"

"လေပြေရယ် . . . အဲဒီအတွက် မင်း ကိုကို့ကို ကြိုက်သလို အပြစ်ပေးပါ။ လေပြေသတ်မယ်ဆိုလည်း ကိုကို အသေခံမယ်ကွာ"

ဒီထက်ပိုပြီး ဦးကောင်းသစ္စာ မပြောတတ်တော့ဘူးလေ။

"ဘာလဲ ရှင်က ကျွန်မဘဝကိုဖျက်ဆီးခဲ့တာ အားမရလို့ ထောင်ထဲထပ်ပို့ဦးမလို့လား"

"လေပြေ"





"မေမေ သမီးတောင်းပန်ပါတယ် မေမေရယ်။ ဖေဖေ့ကို နားလည်ပေးလိုက်ပါနော်။ သမီးတို့မိသားစုတွေ ပျော်ပျော်ရွှင်ရွှင်နေဖို့ အချိန်တွေအများကြီးရှိပါသေးတယ်။ ပျက်အစဉ် ပြင်ခဏဆိုသလို"

"အမှုန်းမခ"

မုန်း အော်လည်းအော်ခေါ်ပြီး မခလက်ကို တင်းခနဲ ဆုပ်ထားလိုက်သည်။ နှစ်ပေါင်းများစွာ အံကြိတ်ခံခဲ့သမျှ လေပြေသွေးတာနဲ့ အခြေအနေမပေးလို့ပါလို့ ဖြေသိမ့်ပစ်လိုက်ရမှာလား။ နာမည်တောင် ပြောင်းခဲ့ပြီးမှတော့ အတိတ်ကအရာအားလုံး ကိုယ်နှင့်မသက်ဆိုင်။ ဝိုလ်နေမြို့ ကျားနေမြို့ပဲပေါ့။

"လာစမ်း"

မခလက်ကို ဆောင့်ဆွဲပြီး ခေါ်လာခဲ့တော့သည်။ မခက ဖခင်ဖြစ်သူကို လှည့်ကြည့် လှည့်ကြည့်နှင့်ပဲ ပါသွားခဲ့တာ တံခါးပိတ်ပစ်လိုက်တော့ –

"ဖေဖေ"

"သမီး"

"မေမေ"

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"အန်တီ အဲဒီလိုမတရားမလုပ်ပါနဲ့။ မခ ဘယ်မှာလဲ။ ကျွန်တော့်ညီမနဲ့ ကျွန်တော် တွေ့ပါရစေ။ မခကို အန်တီပိုင်သလို ကျွန်တော်တို့နဲ့လည်း ဆိုင်တယ်နော်"

"ဘာ"

မုန်း ထိုင်ရာကနေ ဆတ်ခနဲ ထရပ်လိုက်သည်။ သူတို့နဲ့လည်း ဆိုင်တယ်တဲ့လား။ နှုတ်ခမ်းကိုမဲ့ပစ်လိုက်မိ၏။ ဦးကောင်းသစ္စာကို သူမ ရူးမတတ် ချစ်ခဲ့ဖူးပါတယ်။ သူက အချစ်သစ်ပင်ကြီး ကိုယ့်အတွက် ဖြစ်ခဲ့ဖူးသလို သူ့သားကျတော့ အချစ်သစ်ပင်က ကြွေတဲ့အမုန်းသစ်သီးပေါ့။ သူ့ကိုမုန်းတယ်။ သူ့ကြောင့် သူသာ





လူ့လောကထဲကိုရောက်မလာခဲ့ရင် ဒီလိုတွေ ဖြစ်လာချင်မှဖြစ်လာမှာလေ။ ဒါ တစ်ကိုယ် ကောင်းဆန်တာ မဟုတ်ဘူး မိန်းမချင်းတူလို့ အညွန့်ချိုးခံရတာချင်း အတူတူဆို ကိုယ်က မလည်မဝယ်နဲ့ လောကကြီးအကြောင်း ကောင်းကောင်းမသိသေးတဲ့ အရွယ်မှာပဲလေ။

"ခုမှ အသံကောင်းလာဟစ်ပြမနေနဲ့ မင်းသစ္စာ။ ပိုင်တာတွေ ဆိုင်တာတွေ ထည့်ပြောနေရအောင် နင့်အဖေ မခနဲ့ ပတ်သက်ပြီး ဘာတစ်ခု တာဝန်ယူခဲ့လဲ။ တာဝန်မဲ့တဲ့ဖခင်တစ်ယောက် ငါ့သမီးဘဝမှာ ဘယ်တော့မှ မရှိစေရဘူး"

"ဟာ မခေါ်ချင်လို့သာရမယ်။ မတော်ချင်လို့မရဘူးလေဗျာ။ မခကိုယ်ထဲမှာ လည်ပတ်စီးဆင်းနေတာ ဖေဖေ့ရဲ့သွေး"

"ဖြစ်နိုင်ရင် ဖောက်ထုတ်ပစ်လိုက်ချင်တာ"

"အန်တီ"

မင်းသစ္စာ စိတ်ထဲရှိသလောက် မပြောချင်ပါဘူး။ သူက ဖေဖေနဲ့ပတ်သက်ဖူးခဲ့သူလေ။ မရှိမသေ မလေးမစားပြောရင် ဖေဖေ့မျက်နှာ၊ မခမျက်နှာက ရှိသေးတယ် မဟုတ်လား။ တစ်နေ့ဆိုတဲ့ တစ်နေ့အတွက် စိတ်ကိုလျှော့ချလိုက်ပြီး . . .

"ကျွန်တော် တောင်းပန်ပါတယ်အန်တီ။ ကျွန်တော် မခနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခဏလေးဖြစ်ဖြစ် တွေ့ပါရစေ"

"ငါပြောထားပြီးသား။ ငါ့သမီးအတွက် ငါကလွဲပြီး ဘယ်သူမှမလိုအပ်စေရဘူး"

"အန်တီ အဲဒီလောက် အတ္တမကြီးပါနဲ့"

"ငါ အတ္တကြီးခွင့်ရတာ ခုမှပါ။ သူများတွေရဲ့အတ္တအောက်မှာ ငါ့ဘဝ ရေမျောမီးလောင်ဖြစ်ခဲ့ပြီးပြီ"

"ဖေဖေက သူ မသိခဲ့လို့ပါလို့ ပြောခဲ့ပြီးပြီလေ"

"အဟွန်း"

မုန်း လှောင်ပြောင်ကာ မဲ့ပြုံးပြုံးလိုက်မိ၏။ အဲဒါကိုက သူ့ရဲ့ပေါ့ဆမှုမဟုတ်ဘူးလား။

"သူ့ရဲ့မသိတစ်ချက်က ငါ့ဘဝတစ်ခုလုံး ပြောင်းထဲရောက်ခဲ့တာလေ။ အဲဒါကို နင်တို့ ဘယ်လိုပြန်ပြီး အဖတ်ဆယ်ပေးမလဲ"

"အန်တီ"

"――――"

"ပြီးခဲ့တာတွေက ပြီးသွားပြီပဲဗျာ။ အခုချိန်မှာ အတိတ်ကိုတူးဆွပြီးနာကျင်နေမယ့်အစား ဖြစ်သင့်တာကိုပဲ အန်တီဦးစားပေးစဉ်းစားပါ။ မခက မိဘရင်ခွင်နဲ့ ဝေးခဲ့တဲ့သူလေ။ အခုချိန်မှာ သူ





မိဘရင်ခွင်ကို တောင့်တနေမှာပဲ။ မခကို ခိုဝင်ခွင့်ပေးလိုက်ပါ။ အန်တီ မခကို မချစ်ဘူးလား။ မသနားဘူးလား"

"ဘာ"

ပြောတစ်ခွန်းလိုက်တဲ့ပါးစပ်ဆိုပြီး ရွှေချသိမ်းထားဖို့ကောင်းလိုက်တာ။ မခ မိဘရင်ခွင်နဲ့ မဝေးခဲ့ပါဘူး။ ကိုယ့်ရင်ခွင်မှာ ထာဝရခိုလှုံခွင့်ပေးထားခဲ့တာပဲ။ အခြားဘယ်သူ့ရင်ခွင်လိုအပ်နေဦးမှာလဲ။

"မင်းစကားက တစ်ဖက်သတ်ဆန်လွန်းသွားပြီ မင်းသစ္စာ။ ငါ့ရင်ခွင်က မခအတွက် ထာဝရတံခါးဖွင့်ထားခဲ့တာပါ။ ငါ့ရင်ခွင်ကလွဲပြီး သူ့အတွက် အခြားရင်ခွင်မလိုအပ်ဘူး"

"အန်တီကမှ အတ္တကြီးတာ"

"မင်းသစ္စာ"

"――――"

"မင်းသစ္စာ"

ခပ်စူးစူးခေါ်သံကြောင့် အသံကြားရာဆီသို့ လှည့်ကြည့်လိုက်[illegible]တော့ 'အပေါ်ထပ်ကနေ' လှေကားအတိုင်း ပြေးဆင်းလာတာ [illegible]ပေါ့။

"မခ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသစ္စာ"

မုန်း မခ ကိုယ့်အနားကနေ ဖြတ်သွားတာနှင့် လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလိုက်ကာ –

"မခ"

"မေမေ မခတောင်းပန်ပါတယ် မေမေရယ်။ ဖေဖေနဲ့မခကို ရင်းနှီးစွာ ဆက်ဆံခွင့်ပေးပါနော်။ ပြီးတော့ ကိုကြီးနဲ့"

"တိတ်စမ်း"

"မေမေ"

မခမျက်နှာလေး တင်းခနဲဖြစ်သွားလေသည်။ အဖေ သက်ရှိထင်ရှား ရှိနေပါလျက်နှင့် ကိုယ့်အဖေကို အဖေခေါ်ခွင့်မရှိရင် ဒီလောကကြီးထဲမှာ မခ ဘာမျှော်လင့်ချက်နဲ့ ရပ်တည်နေရဦးမှာလဲ။

"မခကို လွတ်လပ်ခွင့်ပေးပါ။ မေမေခုလိုလုပ်နေတာက မေမေ့အတ္တမာန၊ အာဃာတတွေကို ရှေ့တန်းတင်ပြီး မခဘဝကို ရေတိမ်မှာ ကိုင်နှစ်နေတာနဲ့ အတူတူပဲ"

"ဘာ"

"မေမေ မေမေ့အသက်ကို ပြန်မျိုချထားနိုင်သလား။ မေမေ တစ်ခုခုဖြစ်သွားရင် မခ ဘယ်သူ့ကို အားကိုးရမှာလဲ။ မျက်စိသူငယ်





နားသူငယ်နဲ့ မခ ဒုက္ခရောက်မှာပေါ့"

"ဟင်"

မုန်း မခကိုကြည့်လိုက်မိတာ ခပ်တွေတွေပါ။ မေမေတစ်ခုခုဖြစ်ရင်တဲ့။ သူ ဒီစကားနဲ့ခြောက်တာပဲဖြစ်ဖြစ် သူ့ဆန္ဒပြည့်ဝဖို့အတွက် အသုံးချတာပဲဖြစ်ဖြစ်။ ဒါကိုတော့ ထည့်စဉ်းစားရတော့မည်။ ကံဆိုတာ ကိုယ်မြင်ရတာမှမဟုတ်တာ။ မေမေ တစ်ခုခုဖြစ်သွားရင်ဆိုတဲ့ စကားက နားထဲမှာ ပဲ့တင်ထပ်နေသည်။

မခအတွက် တွယ်တာစရာဆိုလို့ ကိုယ်ပဲရှိတာ။ အားကိုးစရာလည်း ကိုယ်၊ ကိုယ်သာမရှိတော့ရင်ဆိုတဲ့ အတွေးက ရင်တစ်ခုလုံးကို ပူလောင်သွား စေသည်။

"မေမေ"

"_____"

"မခ ဒီစကားမျိုးပြောမိတာ မေမေ့ကို တစ်ခုခု ဖြစ်စေချင်လို့တဲ့ဆန္ဒနဲ့ မဟုတ်ဘူးနော်"

"____"

"မခကို နားလည်ပေးပါ။ မခ မခက မေတ္တာတရားကိုပဲ လိုချင်တာ။ မိသားစုရဲ့ နွေးထွေးမှုကိုပဲ လိုချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



မုန်း ဘာလုပ်ရမလဲ။ နှစ်ပေါင်းများစွာ နာကျင်လာခဲ့ရသမျှ ဒီအချိန်ကျမှ ပြေပါတယ် ဖြေပါတယ်နဲ့ ကိုယ့်မာနကို လျှော့ချလိုက်ရမလား။ သမီးအတွက် မာနကို ရင်းရမယ်ဆိုလျှင် အို အရှက်နဲ့ ဂုဏ်သိက္ခာကိုတောင် ရင်းလာခဲ့သေးတာပဲ။

"အန်တီ"

မင်းသစ္စာ အနားသို့ တိုးကပ်သွားလိုက်ပြီး –

"ကျွန်တော်တို့မောင်နှမကို သွေးမခွဲပါနဲ့အန်တီရယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ဘဝက ဘယ်လောက် အထီးကျန် ဆန်ခဲ့ရသလဲ။ အထီးကျန်ခြင်းရဲ့အရသာကို အထီးကျန်ခဲ့တဲ့အန်တီ ပိုသိမှာပါ"

"မေမေ"

မုန်း သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး –

"ကောင်းပြီလေ၊ ပန်းတစ်ပွင့်အတွက် ခြံရံဖို့ ဆူးခက်ရှိမယ် ဆိုရင် မဆိုးပါဘူး။ မင်းပန်းကာ ဆူးတော့ဖြစ်ပါစေ မင်းသစ္စာ။ ငါ ငါ့မာနကို တစ်ပတ်ဖြေချလိုက်မယ်။ ဒီထက်တော့ ရောင့်တက်လာဖို့ မကြိုးစားနဲ့"

မင်းသစ္စာနဲ့ မခ အကြည့်ချင်းဆုံပြီး ပြုံးသွားကြကာ –





"စိတ်ချပါ အန်တီ။ ကျွန်တော့်ညီမလေးမှာ ကျွန်တော် ပန်းကာဆူးအဖြစ် ရှိနေပေးမှာပါ။ ကျွန်တော် အစ်ကိုတစ်ယောက် ပီသစေပါ့မယ်"

"ပြီးတာပဲ"

ပြောပြီး မုန်း လှည့်ထွက်ကာ အပေါ်ထပ်သို့ တက်သွားလေလျှင် မောင်နှမနှစ်ယောက် လက်ဝါးချင်းရိုက်လိုက်ကြ၏။ ဒါ သူတို့ အကြံအစည် ပထမအဆင့် အောင်မြင်ခြင်းပါပဲ။ တကယ်ချစ်ခဲ့ကြသူတွေ ပြန်လည်ဆုံဆည်းကြပါစေလေ။

မင်းသစ္စာရင်ထဲမှာ 'မ' ဆိုတဲ့နာမ်စားလေးနဲ့ပတ်သက်ပြီး နာကျင်ခံစားရတာ ရှိပေမယ့် ကိုယ့်ဒဏ်ရာက အသေးအမွှားလေးပါ။ ဖေဖေ့ရင်ထဲမှာက နှစ်ပေါင်းများစွာ သိမ်းဆည်းလာခဲ့ရတာလေ။

"မခ"

"ဟင်"

"တစ်ဆင့်တော့ အဆင်ပြေသွားပြီဟ။ နောက်ထပ် ကြိုးစားဖို့ စာ တို့တာဝန်ပဲ။ ဖေဖေနဲ့အန်တီ အဆင်ပြေဖို့ကအရေးကြီးတယ်။ ဒါမှ တို့မိသားစုတွေ တကယ်ပျော်ရွှင်ချမ်းမြေ့စရာ မိသားစုဘဝကို ပိုင်ဆိုင်နိုင်မှာ။ ငါကတော့ စိတ်ကူးနဲ့ရူးနေမိတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဟာ၊ ငါလည်း စိတ်ကူးနဲ့ရှုးနေမိတာ။ ဟဲ့ ငါ ပြောမယ်သိလား"

"အိမယ်"

"ဘာလဲ"

"ကိုယ့်အစ်ကိုကို နင်တွေငါတွေနဲ့ ပြန်ပြင်ပြောစမ်း။ အကြီးကို အကြီးမှန်းမသိ"

မခ လက်က ခါးပေါ်ကိုထောက်ပြီးသား ဖြစ်သွားလေသည်။ အခုမှ ဘယ်လိုပြင်လို့ရတော့မှာလဲ။ သူငယ်ချင်းအဖြစ်နဲ့ နင်ရယ်ငါရယ်ပြောလာကြပြီးမှ အခုမှ ပြောင်းဖို့ကျတော့ –

"ဘာလဲ ခါးထောက်ပြီးတော့"

"ပြင်လို့မရတော့ဘူး နှုတ်ကျိုးနေပြီ"

"ဒီအတိုင်းပြောနေလို့တော့ မရဘူးလေ"

"ပြောမှာပဲ"

"ပြောဟာ"

မင်းသစ္စာ ပြောပြီး ဆိုဖာပေါ်သို့ထိုင်ချလိုက်လေသည်။ စိတ်ကောက်ဟန်လုပ်ပြပေမယ့် မပြန်နိုင်သေးပါဘူး။ ဖေဖေနဲ့အန်တီလေပြေ အဆင်ပြေဖို့အတွက် မခနဲ့တိုင်ပင်ရဦးမည်။ အကြံထုတ်ရဦးမည်လေ။

## အခန်း (၃၃)

မုန်း ကားပေါ်ကဆင်းပြီး အိမ်ထဲကိုဝင်သည်အထိ မခအသံကိုလည်းမကြားရ၊ မခအရိပ်အယောင်ကိုလည်း မမြင်ရသဖြင့် ရင်ထဲမှာ ဟာတာတာပါ။ ခါတိုင်းဆို ကားသံကြားတာနှင့် ပြေးထွက်လာပြီး ဆီးကြိုနေကျပါ။ အခု ဘယ်ရောက်နေပါလိမ့်။ တစ်ခုခုကို အလိုမကျလို့များ စိတ်ကောက်နေသလား။

အာရုတွေးတို့နှင့် –

အပေါ်ထပ်သို့ တက်လာခဲ့တာ လှေးတွဲသောခြေလှမ်းတို့နှင့်ပါ။ လှေကားဆုံးကာနီးမှာတော့ –

"ဟက်ပီဘတ်ဒေး ဒူးယူ၊ ဟက်ပီဘတ်ဒေး ဒူးယူ၊ ဟက်ပီ



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ဒေး ဒူးယူ"

"ဟပ်"

"ပေး"

"ဟေး"

"ဖြောင်း ဖြောင်း ဖြောင်း"

မွေးနေ့ဆုတောင်းသီချင်းကို သံပြိုင်ဝိုင်းဆိုကြပြီး လက်ခုပ်သံတွေကလည်း စည်းချက်ညီညီပါ။ ပြီးတော့ အော်ကြဟစ်ကြ ရယ်ကြနှင့် မုန်း ခေါင်းပေါ်သို့ကျလာတာ နှင်းဆီပန်းတွေ၊ စံပယ်ပန်းတွေ။ ပန်းကြဲသူကတော့ မခလေ။

"ဟက်ပီဘတ်ဒေးပါ အန်တီ။ မွေးနေ့မှစ၍ နောက်အနှစ်တစ်ရာနှစ်ဆယ်တိုင် ကျန်းမာချမ်းသာစွာနဲ့ ပျော်ရွှင်ချမ်းမြေ့စရာ မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ"

"ရေလိုအေးပြီး ပန်းလိုမွှေးပါစေ အန်တီ"

တစ်ယောက်တစ်မျိုး ဆုတောင်းပေးတဲ့အသံတွေကြောင့် မုန်းရင်ထဲမှာ ကြည်နူးသွားလေသည်။ ဒါ မခရဲ့စိတ်ကူးတွေဖြစ်မှာပေါ့။ ကိုယ်ကတော့ ကိုယ့်မွေးနေ့တောင် ကိုယ်မေ့နေရလောက်အောင် အလုပ်ရှုပ်နေသူ။ နှစ်တိုင်းဆို မခက ကြိုပြီး သတိပေးနေကျပါ။





အခု တစ်ခါတော့ -

"အန်တီ"

"ဟင်"

"အန်တီ့ကို ဘာမှမကျွေးပေမယ့် တားတားတို့ကမွေးနေ့လက်ဆောင်ပါလာတယ်နော်။ ရော့ အန်တီ ပျော်ရွှင်ပါစေ"

ဖွဲ့ဟန်ကစပြီး မွေးနေ့လက်ဆောင်ပေးလိုက်တာနှင့် ကျန်တဲ့သူအားလုံးလည်း အသီးသီး လက်ဆောင်ပေးကြလေသည်။

"အန်တီက ကိုယ့်မွေးနေ့တောင် ကိုယ်မေ့နေလို့ပါကွယ်။ တကယ်ပါ။ ခုလို အန်တီ့မွေးနေ့မှာ အန်တီ့ကို ပျော်ရွှင်အောင်လုပ်ပေးကြတဲ့ သားတို့ သမီးတို့ကို အန်တီက ကျေးဇူးအများကြီးတင်ပါတယ်။ စားချင်တာစားရအောင်လည်း လိုက်ကျွေးပါ့မယ်"

"အန်တီ တကယ်နော်"

"တကယ်ပေါ့"

"ဟေး"

ကိုယ်မေ့နေတဲ့ကိုယ့်မွေးနေ့မှာ ကလေးတွေ အမှတ်တရရှိပြီး ပျော်ရွှင်နေတာတွေ့ရတော့ မုန်းလည်း ကြည်နူးမိသည်သာ။

"အန်တီလိုက်ကျွေးမယ်ဆိုရင် အဝတ်သွားလဲလေ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့စောင့်နေမယ်။ မြန်မြန်တော့လဲနော် အန်တီ၊ ကျွန်တော်တို့ ဗိုက်ထဲမှာ သံစုံမြည်နေပြီ"

"အဝတ်လဲမနေတော့ပါဘူး။ ဒီအတိုင်းပဲလိုက်ခဲ့မယ်"

"ဟာ မေမေ"

ဒီအတိုင်းလိုက်မယ်ဆိုတာကို မခက လက်ခံချင်ပုံမရသေး မုန်းလက်ကိုဆုပ်ကိုင်လိုက်ပြီး –

"မေမေကလည်း ဒီအတိုင်းလိုက်လို့တော့ ဘယ်ဖြစ်မှာလဲ။ မွေးနေ့ရှင်က နည်းနည်းပါးပါးတော့ ရှိုင်းဦးမှပေါ့"

"ဟုတ်သားပဲအန်တီရဲ့၊ ဒီနေ့အဖို့က အန်တီ့မွေးနေ့လေး မွေးနေ့ရှင်က တစ်ကိုယ်လုံး မွေးကြိုင်ပြီး လှပနေရမှာပေါ့"

မင်းသစ္စာကလည်း ဝင်ပြောလေ၏။ မုန်း သူ့ကိုမကြည့်ချင် မြင်လျက်သား ဖြစ်နေတာလေ။ မခနဲ့ သွေးသားတော်စပ်မှုရှိနေတော့ မခကြောင့်ပဲ မချစ်သော်လည်း အောင့်ကာနမ်းလုပ်နေရတာ။ မင်းသစ္စာဆိုတာ သူမအတွက် အမုန်းသစ်သီးတစ်လုံးပဲလေ။ ဒီအမုန်းသစ်သီးကို

မလွဲသာလို့

အချိုတည်းနေရတဲ့အဖြစ်မျိုးပါပဲ။

"ဒါဆိုလည်း ခဏစောင့်နေကြဦး"





မုန်းထွက်သွားတော့ မင်းသစ္စာနဲ့ မခ လက်ဝါးချင်းရိုက်ကြသည်။ သူငယ်ချင်းတွေကလည်း၊ လက်မထောင်သူထောင်၊ အောင်သီးဆုပ်သူကဆုပ်နှင့်။ ပြီးတော့ အချင်းချင်း မျက်စပစ်၍ အပေါ်ထပ်မှ ဆင်းလာခဲ့ကြတော့သည်။ အစကတည်းက မင်းသစ္စာနဲ့မခက သူတို့မောင်နှမပဲ လိုက်ကျွေးမယ်လို့ ပြောထားပြီးသားပဲလေ။

ဒါကြောင့် အားလုံးထွက်လာခဲ့ကြပြီးနောက်မှာတော့ –

"ဟင်"

အခန်းတံခါးကိုဖွင့်ပြီး အခန်းထဲသို့ဝင်လိုက်တဲ့မုန်း။ အဆင်ဆင့်ပုံစံမျိုးနှင့် ရပ်စောင့်နေတဲ့ မျက်နှာတစ်ခုကို ဘွားခနဲမြင်လိုက်ရတော့ အံ့ဩထိတ်လန့်စွာနှင့်သာ။

"ရှင် ရှင်"

"လေပြေ"

"ဦးကောင်းသစ္စာ၊ ရှင် ရှင် ဒီအခန်းထဲကို ဘယ်လိုရောက်နေတာလဲ။ ဘာလာလုပ်တာလဲ"

"သားနဲ့သမီးက လေပြေကို ဒီအခန်းထဲကစောင့်နေဆိုလို့ တိုတိုစောင့်နေတာပါ။ ကိုကို လေပြေကို ပြောပြစရာစကားတွေ အများကြီးရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



“အို ရှင်နဲ့ကျွန်မ ဘာမှ ပတ်သက်စရာအကြောင်းမရှိဘူး။ အခု ကျွန်မအခန်းထဲကနေထွက်သွား”

“ကိုကိုရှင်းပြတာကိုနားထောင်ပါဦး လေပြေရယ်၊ ကိုကို လေ”

“ရှင်းမပြနဲ့ သွား”

“လေပြေ”

“ရှင်မသွားရင် ကျွန်မသွားမယ်”

“လေပြေ”

“အင့်”

မုန်းထွက်သွားမယ်လုပ်တော့ ကောင်းသစ္စာက အရင်လိုစွာ တားဆီးလိုက်စဉ်မှာပဲ လက်ကိုဆောင့်ဆွဲသလိုဖြစ်တော့ ရင်ဘတ်ချင်း တိုက်မိပြီး ထိကပ်သွားလေသည်။ ဒီအချိန်မှာ ရင်ခုန်သံတွေက ဟိုး အရင် ငယ်ဘဝကလိုပါပဲ။

“ဖယ် ဖယ်ပါ”

“ကိုကိုပြောတာကို နားထောင်စမ်းလေပြေ၊ အကျိုးနဲ့ အကြောင်းကို ဆက်စပ်မကြည့်ဘဲ ကိုကို့အပေါ်မှာ လေပြေမုန်းနေတာ ကို ကိုကို မခံစားနိုင်ဘူး”





“ရှင် ကျွန်မကို အမိန့်မပေးပါနဲ့”

မုန်း ရုန်းပေမယ့် ကောင်းသစ္စာက လွှတ်မပေးပေ။ သားနဲ့ သမီးက ခွင့်ပြုထားပြီဆိုမှတော့ ကိုယ်က ကြိုးစားရတော့မှာပေါ့။ မုန်းနေတယ်ဆိုကတည်းက ချစ်နေသေးလို့ဆိုတာ နားလည်ခြင်းနှင့် လေပြေ ကိုယ်လေးကို တိုးလို့ဖက်ကာ –

“အမိန့်ပေးတာမဟုတ်ဘူး လေပြေ၊ ကိုကိုရှင်းပြနေတာပါ။ သမီးကိစ္စ ကိုကိုတကယ်မသိခဲ့ပါဘူး။ သိခဲ့ရင် ကိုကို လေပြည်ကို ဘယ်နည်းနဲ့ဖြစ်ဖြစ် ရအောင်လက်ထပ်မှာပါ။ အခုဖြစ်သွားတဲ့ကိစ္စက ကိုကို လေပြေအပေါ် သစ္စာဖောက်မိတဲ့အတွက် လေပြေကို ရင်မဆိုင် ရဲတာ၊ မျက်နှာချင်းဆိုင်ရမှာ လိပ်ပြာမလုံတော့လို့ ကိုကို ပြန်မလာ တော့တာပါ လေပြေရယ်”

“မသိဘူး၊ မသိဘူး၊ ရှင်ဖယ်နော်”

“လေပြေ့အပေါ်မှာ ကိုကို အရင်ကလိုပဲ ချစ်နေတုန်းပဲ၊ သေသည်အထိ ချစ်သွားမှာ”

“အပိုတွေမပြောနဲ့ လွှတ်”

လွှတ်ဆိုလေ ပိုတိုးဖက်လေမို့ မုန်း ငိုချင်စိတ်ပေါက်သွားရ သည်။ ကလေးတွေလည်း မဟုတ်တော့တာမို့ ရှက်လွန်းလို့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တွေလည်းမူ၊ တစ်ယောက်ယောက်သာမြင်သွားရင်လို့ တွေးမိပြီး ဒေါသလည်းဖြစ်မိကာ

ဖြစ်ချင်ရာဖြစ်ဆိုပြီး –

"ကဲ"

"အား"

သူ့လက်ကို ကိုက်ဆွဲလိုက်လေတော့ လက်ကလွှတ်ပြီး နောက်ဆုတ်သွားကာ –

"လေပြေ မင်း"

မုန်းကို သူ အံ့သြသလိုကြည့်နေပြီး ကျန်လက်တစ်ဖက်က မုန်းကိုက်ဆွဲလိုက်တဲ့ လက်ကောက်ဝတ်ကို ဖိဆုပ်လိုက်ကာ –

"အား ကျွတ် ကျွတ်"

"----"

"ကိုကို့အပေါ်မှာ ရက်စက်လိုက်တာ လေပြေရယ်"

ရှုံ့မဲ့သွားတဲ့မျက်နှာကိုမြင်ရပြန်တော့ မုန်းရင်ထဲမှာ မကောင်းပြန်ပါလား။ သံယောဇဉ်လက်ကျန်ဆိုတာ ချစ်ပြီးတော့မုန်းခဲ့သလို နာကျင်ခဲ့တာသည် အရမ်းချစ်ခဲ့လို့ မဟုတ်လား။ အခု သူနာကျင်တာ မြင်ရပြန်တော့ သနားမိတာသည်။ အချစ်မပြယ်ခြင်းလို့သမုတ်ရင်





မုန်းရင်ထဲမှာ အချစ်တွေ တကယ်မသေဆုံးသေးဘူးပေါ့။

"အား"

"ဟို တော်တော်နာသွားလား။ ဆောရီး ကျွန်မတောင်းပန်ပါတယ်"

ကောင်းသစ္စာ လေပြေမျက်နှာလေးကို ခပ်တွေတွေကြည့်လိုက်ပြီး –

"သားနဲ့သမီးကပြောတယ်"

"------"

"လေပြေနဲ့ကိုကို အခစ်မပြေရင် သူတို့ နိုင်ငံခြားသွားမယ်တဲ့"

"ဟင်"

"မိဘတွေရှိလျက်သားနဲ့ တစ်ကွဲတစ်ပြားစီ ဖြစ်နေကြမယ်ဆိုရင်"

"သူတို့ကတကယ်ပြောတာလား"

"အင်း"

မုန်း တွေခနဲဖြစ်သွားလေသည်။ ကိုယ့်သမီးကို ကိုယ်က နိုင်ငံခြားမပြောနဲ့ မြို့ခြားပြီးတောင် မလွှတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"လေပြေလည်း ပြင်ဦးလွင်ကို မသွားရဘူး။ ကိုကို ခွင့်မပြုနိုင်ဘူး လေပြေ"

"_____"

"လေပြေကို ကိုကိုအရမ်းချစ်တယ်"

ပြောပြီး သူက မှန်းကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲထည့်ပြီး ဖက်ထားလေတော့ လေပြေ မရှုန်းမိတော့ပေ။ နှစ်တွေ ဘယ်လောက်ပဲကြာအောင် နာကျင်ခဲ့ နာကျင်ခဲ့

အချစ်စစ်က တစ်ခဏနှင့်

အဲဒီနာကျင်မှုတွေကို တိုက်ဖျက်သွားနိုင်သည်ဆိုလျှင် –

"ကိုကိုရယ်"

**ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်ကြပါစေ**

**အလင်းသစ်**





## "ကူးစက်ဝေဒနာ အချစ်ရောဂါ"

ငါမရှိတဲ့နောက်
ငါ့ခြေရာတွေ ပြန်မကောက်ပါနဲ့တော့။
နားခွင့်မရှိတဲ့မင်းရင်ခွင်
ငါ နောက်ထပ်မခိုတော့ဘူး။
ငါ့ရင်ထဲက နာကျင်မှုကို
ဆံရာဝန်တွေတိုင်းတာပြုတော့
အလွမ်းဆိုတဲ့ရောဂါတစ်ခုသာ
အဖြေထွက်လာတယ်။
ကုသမှုအကြြင်နာဆေး
မင်းမပေးလည်းရပါတယ်
ဝေဒနာမှတ်တမ်းတစ်ခု
အလွမ်းစာစုတွေ ငါမှတ်ထားတယ်။
ငါနဲ့အလားတူ



www.burmeseclassic.com

www.burmeseclassic.com



အခြားသူတွေ ရောဂါဖြစ်တဲ့အခါ
အလှူယ်တကူ ကုသရမှာပေါ့။
ငါ့အခု သိထားသလောက်တော့
အချစ်သီးကိုစားမိသူတိုင်း
မျက်ရည်ဝိုင်းတဲ့လက္ခဏာရှိတယ်
တစ်ရံတစ်ခါဆို
အသံပြာအောင် ငိုတတ်ကြတယ်။
အချို့က အရက်သောက်တယ်။
အချို့ကျ အသက်ပျောက်တယ်။
အချို့က သီချင်းဆိုတယ်။
အချို့ကျ အတင်းငိုတယ်။
နာတာရှည်အကြီးသူတွေကတော့
ပြောမပြတတ်လောက်အောင်
သောကရမှုက်တွေ လွှန်ကဲကြလို့
ဝေဒနာကို မှတ်တမ်းပြု
အလွမ်းစာစုတွေ ရေးသားကြတယ်။

**ချစ်မိုးဆွေ (တမာမြေ)**

ရွှေပဒေသာစာပေ

၂၀၁၆ နိုဝင်ဘာ
တွင် ဖတ်နိုင်ပါပြီ...

**မမသန္တာမောင်**
အတိတ်စာမျက်နှာထက်က အလွမ်းကဗျာ

**ကြယ်စင်မှူးဝေ**
အချစ်မော်ဟောဝန်မှအပြန်

**မိုးစက်ပွင့်**
သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်

**အလင်းသစ်**
အချစ်သစ်ပင်မှ ကြွေတဲ့အမုန်းသစ်သီး

**လှိုင်းကြာဖြူ**
ချစ်သူတစ်ယောက် ကောက်ရထားသည်

www.burmeseclassic.com